လယ်ယာ စီးပွား သတင်း
The Agri-Business News

## မျှော်မှန်းချက် (Vision)

အားလုံးပါဝင်ပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ရေရှည်တည်တံ့သော
လယ်ယာကုန်ထုတ်လုပ်မှုစနစ် ထွန်းကားစေခြင်းဖြင့် စားနပ်ရိက္ခာဖူလုံ၍
အာဟာရပြည့်ဝစေပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ
မြင့်မားလာစေရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်။

နှစ်ပတ်တစ်ကြိမ် ဗုဒ္ဓဟူးနေ့တိုင်း ထုတ်ဝေသည် ၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်၊ ဗုဒ္ဓဟူးနေ့ (22-5-2019) အမှတ် (၇၅၅)
www.moai.gov.mm

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ Myanmar Coffee Forum 2019 ဖွင့်ပွဲ တက်ရောက် ကမ္ဘာ့ကုန်စည်များထဲတွင် ရေနံပြီးလျှင် ကော်ဖီသည် ဒုတိယအရေးပါဆုံး ကုန်စည်တစ်ခုဖြစ် မြန်မာ့ကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံခြားဝင်ငွေပိုမိုရရှိ အကျိုးဖြစ်ထွန်းလာမည်

မန္တလေး မေ ၁၅

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် Myanmar Coffee Forum 2019 ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မန္တလေးမြို့ရှိ Mercure Mandalay Hill Resort Hotel၌ ကျင်းပရာ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဧည့်သည်တော်များ Myanmar Coffee Forum 2019 တွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူ လုပ်ငန်းရှင်များ၊ ပြည်တွင်းပြည်ပမှ ကော်ဖီဆိုင်ရာပညာရှင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပထမအကြိမ် Coffee Forum ကို ၂၀၁၇ ခုနှစ် မေ ၂၃ ရက်တွင် နေပြည်တော်၌ပြုလုပ်ခဲ့ပြီး အဆိုပါ Coffee Forum မှ ထွက်ရှိလာသည့် ဖော်ထုတ်ချက်များကို အကောင်အထည်ဖော်ခဲ့ရာတွင် အောင်မြင်မှုများရှိသကဲ့သို့ လိုအပ်ချက်တချို့ရှိနေသေးသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ ယခု Coffee Forum နှင့်ပြီးခဲ့သည့် Coffee Forum အကြား နှစ်နှစ်တာကာလအတွင်း ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရာ အောင်မြင်မှုများရှိကြောင်းကို ထုတ်လုပ်မှုတိုးတက်လာခြင်း၊ ဈေးကွက်တစ်ခုဖြစ်ထွန်းလာခြင်းနှင့် တောင်သူများ နည်းပညာကောင်းများ အသုံးချလာနိုင်ခြင်းတို့သည် မြင်သာသည့်အချက်များ ဖြစ်ပါကြောင်း။

### ပူးပေါင်းဆောင်ရွက်

ထိုသို့ ကော်ဖီကဏ္ဍတိုးတက် ဖွံ့ဖြိုးလာမှုကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရန် လက်ရှိကာလနှင့် လိုက်လျောညီထွေမှုရှိပြီး လိုအပ်ချက်များကို ထပ်မံဖြည့်ဆည်းအကောင်အထည်ဖော်နိုင်ရန်အတွက် ယခု Forum ကို ကျင်းပရခြင်း ဖြစ်ပါကြောင်း၊ ယခုကျင်းပသည့် ဒုတိယအကြိမ် Coffee Forum ကို မြန်မာ့ကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် အဓိကရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ရည်ရွယ်ချက်အောင်မြင်နိုင်ရေးအတွက် ဦးစီးဦးဆောင်ပြုနိုင်သည့် Coffee Board အဖွဲ့ဖွဲ့စည်းရေး၊ ကော်ဖီအရည်အသွေး၊ ဈေးကွက်နှင့်ထိုက်သင့်သည့် ဈေးနှုန်းရရှိလာရေး၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများအတွက် ချေးငွေနှင့်အရင်းအနှီးများ ရရှိနိုင်ရေးတို့ကို အဓိကထားပြီး ဌာနဆိုင်ရာ နှင့် ပုဂ္ဂလိကတို့ပူးပေါင်းဆောင်ရွက်သွား ရန်လိုအပ်ပါကြောင်း။

### သင့်တင့်သည့်ဈေးနှုန်းများရရှိ

ယနေ့ကမ္ဘာ့ကုန်စည်များထဲတွင် ရေနံပြီးပါက ကော်ဖီသည် ဒုတိယအဆင့် အရေးအပါဆုံးကုန်စည်တစ်ခု ဖြစ်ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍမှထွက်ရှိသည့် ပြည်ပပို့ကုန်များ အနက် ဆန်စပါး၊ ပဲမျိုးစုံတို့သည် အဓိကနိုင်ငံခြားငွေရှာဖွေပေးသည့် သီးနှံများဖြစ်သကဲ့သို့ ကော်ဖီသီးနှံသည် လည်း နိုင်ငံခြားဝင်ငွေရရှိသည့် တန်ဖိုးမြင့်စက်မှုသီးနှံတစ်မျိုးဖြစ်ပါကြောင်း၊ ပြင်ဦးလွင်ဒေသနှင့်ရှမ်းပြည်နယ် ရွာင်ဒေသမှ ထွက်ရှိသည့် မြန်မာ့အာရေဗီးကား ကော်ဖီသည် ကမ္ဘာ့အဆင့်မီ (Speciality Coffee) အဆင့် သတ်မှတ်ခံခဲ့ရပြီး ယခုအခါတွင် ကော်ဖီဈေးနှုန်းသည်လည်း သင့်တင့်သည့်ဈေးနှုန်းများရရှိလာပြီ ဖြစ်သည့်အတွက် မြန်မာ့ကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံခြားဝင်ငွေပိုမိုရရှိလာပြီး မြန်မာ့ကော်ဖီစိုက်တောင်သူများ၊ လုပ်ငန်းရှင်များ အကျိုးဖြစ်ထွန်းလာမည် ဖြစ်ပါကြောင်း၊ အာရေဗီးကားကော်ဖီသာမက နိုင်ငံတွင်းတင်သွင်းနေသည့် Instant Coffee များနေရာတွင် သွင်းကုန်အစားထိုးနိုင်ပြီး စိုက်ပျိုးရန် ရာသီဥတုနှင့် မြေနေရာ အလားအလာရှိသည့် ရိုဘတ်စတာကော်ဖီ စိုက်ပျိုးထုတ်လုပ်ရေးကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြစေလိုပါကြောင်း။

စာ - ၂ သို့

# အကျိုးတူကန်ထရိုက်လယ်ယာစနစ် အလုပ်ရုံဆွေးနွေးပွဲ နေပြည်တော်တွင် ကျင်းပ ပိုမိုထိရောက်သော အကျိုးတူကန်ထရိုက်လယ်ယာစနစ်ဖြစ်ပေါ်လာရန် လုပ်ငန်းစဉ် မူကြမ်းချမှတ်နိုင်ရေးသုံးသပ်ရေးဆွဲ





နေပြည်တော် မေ ၉

**တောင်သူများ၏ တစ်ယူနစ်ထုတ်လုပ်မှုလုပ်ကွက်မှ ဝင်ငွေတိုးတက်စေမှုနှင့် ထုတ်လုပ်မှုကုန်ကျစရိတ် သက်သာလျော့နည်းစေနိုင်မှု၊ အရည်အသွေးကောင်း ထုတ်ကုန်သီးနှံထုတ်လုပ်နိုင်မှု၊ ထုတ်ကုန်အပေါ် အာမခံပေးနိုင်သော ဈေးနှုန်းရရှိစေမှု၊ ထုတ်လုပ်သူတောင်သူများအစုအဖွဲ့ဖြင့် ဆောင်ရွက်နိုင်မည့် အလေ့အကျင့်ကောင်းများ ဖော်ဆောင်နိုင်မှုနှင့်အတူ အခွင့်အရေးနှင့်အကျိုးစီးပွားစုပေါင်းတိုင်ပင်ဆောင်ရွက်သည့် ရပ်ရွာဒေသအခြေပြုတောင်သူလယ်သမားအစုအဖွဲ့များထူထောင်နိုင်ရန်မျှော်မှန်းပြီး အကျိုးတူကန်ထရိုက်လယ်ယာစနစ် ဖော်ဆောင်ခြင်းသည် လက်တွေ့ဘဝပကတိလိုအပ်ချက်နှင့်ကိုက်ညီသော အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက နေပြည်တော် သင်္ဂဟဟိုတယ် Grand Ballroom ၌ ကျင်းပသည့် အကျိုးတူကန်ထရိုက်လယ်ယာစနစ် (Contract Farming) ဖော်ဆောင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြောကြားသည်။** (ပုံ)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၊ ညီနောင်အသင်းအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှု၊ သင်္ဂဟဖောင်ဒေးရှင်း၏ ပံ့ပိုးကူညီမှုဖြင့် ယနေ့ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော် ရေးရာကော်မတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ UMFCCI နာယကနှင့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဘဏ်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးလှကျော်က မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲ လယ်ယာအခြေခံနိုင်ငံတစ်နိုင်ငံဖြစ်၍ လုပ်ကွက်ငယ်တောင်သူအများစုနှင့် စုဖွဲ့ထားသည့် ထုတ်လုပ်မှုစွမ်းအားကို အရှိန်အဟုန်နှင့်တွန်းတင်နိုင်ရန်၊ ရင်းနှီးမြှုပ်နှံမှု

စာ - ၂ သို့

## ရှေ့ဖုံး – ဒုတိယသမ္မတ မှ

လက်ရှိမြန်မာနိုင်ငံ၏ ကော်ဖီကဏ္ဍသည် ကော်ဖီစိုက်ပျိုးသည့် အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်တို့နှင့် နှိုင်းယှဉ်ပါက Processing နည်းပညာအားနည်းခြင်း၊ သတင်းအချက်အလက်ဖလှယ်မှု လိုအပ်ချက်များရှိနေခြင်းနှင့် ကော်ဖီသီးနှံဈေးကွက်ဝေစုရရှိမှုများ အားနည်းနေခြင်းတို့ကြောင့် ဖွံ့ဖြိုးမှုနောက်ကျနေသေးသည်ကို တွေ့ရှိရပါကြောင်း၊ မိမိတို့၏ ကော်ဖီကဏ္ဍတစ်ခုလုံး ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေလိုပါက နိုင်ငံတော်အစိုးရ၏ မူဝါဒပိုင်းဆိုင်ရာ ရပ်တည်ချက်များနှင့် ပုဂ္ဂလိက စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ်တွင် အတူတကွလက်တွဲဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

မိမိတို့၏ကော်ဖီများကို အရည်အသွေးထိန်းသိမ်းထားနိုင်မည်ဆိုပါက သွင်းကုန်အစားထိုးကုန်ပစ္စည်းအဖြစ်သာမက မိမိတို့လုပ်နိုင်ပါက လုပ်နိုင်သလောက် ပြည်ပပို့ကုန်အဖြစ် ဈေးကွက်ကျယ်ကျယ်ပြန့်ပြန့်ရရှိလာနိုင်မည် ဖြစ်ပါကြောင်း၊ ထိုသို့ တိုးတက်လာစေရန်မှာလည်း မိမိတို့၏ကော်ဖီရပ်ဝန်းကြီး တစ်ခုလုံးနှင့် တိုက်ရိုက်၊ သွယ်ဝိုက်ဆက်နွယ်ပတ်သက်နေသည့် ပြည်တွင်းဆိုင်ရာကိစ္စရပ်များ၊ ပြည်ပဆိုင်ရာကိစ္စရပ်များကို လေ့လာချိတ်ဆက်သုံးသပ်နိုင်ရန်နှင့် ပေါင်းစည်းပေးနိုင်ရန်အတွက် ဦးဆောင်ဦးရွက်ပြုကြမည့်ပုဂ္ဂိုလ်များ၏ အားကိုမဖြစ်မနေ ရယူရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း ယနေ့ Coffee Board အဖွဲ့ ဖွဲ့စည်းနိုင်ရေးကို ဦးစားပေးလုပ်ငန်းရပ်တစ်ခုအဖြစ် သတ်မှတ်ခဲ့ကြခြင်း ဖြစ်ပါကြောင်း၊ Coffee Board ဖွဲ့စည်းအကောင်အထည်ဖော်နိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ မြန်မာနိုင်ငံကော်ဖီအသင်း၊ အခြားဆက်စပ်ဌာနများဖြစ်သည့် ကုန်သွယ်ရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာနတို့မှ စတင်ဆောင်ရွက်စေလိုပါကြောင်း။

### အပြန်အလှန်ဖလှယ်

အခြားအခက်အခဲတစ်ခုဖြစ်သည့် ရင်းနှီးငွေနှင့်ပတ်သက်၍ ပြည်တွင်း ပြည်ပမှ ချေးငွေရရှိနိုင်မည့် နည်းလမ်းများ ရှာဖွေကြစေလိုပါကြောင်း၊ တွေ့ကြုံနေရသည့် အခက်အခဲများ၊ အတွေ့အကြုံများ၊ နည်းပညာများနှင့် ရလဒ်ကောင်းများ၊ အကြံဉာဏ်များကို ယခု ဒုတိယအကြိမ် Coffee Forum တွင် အပြန်အလှန်ဖလှယ်ပြီး ကော်ဖီကဏ္ဍတိုးတက်ရေးအတွက် အလျင်အမြန်အထောက်အကူဖြစ်စေမည့်နည်းလမ်းများ ရရှိလာစေရန် ဆောင်ရွက်စေလိုပါကြောင်း ဆောင်ရွက်နိုင်ကြမည်ဟုလည်း ယုံကြည်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ Coffee Cupping Competition နှင့်ပတ်သက်၍ Natural Category တွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

မျှော်လင့်ပါကြောင်း။

မြန်မာ့ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးရာတွင် နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် ဝန်ကြီးဌာနမှ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များ၊ စိန်ခေါ်မှုများ၊ အနာဂတ်ကော်ဖီဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ရမည့်လုပ်ငန်းများ၊ လက်ရှိ ကော်ဖီဈေးကွက် အခြေအနေများ၊ ကော်ဖီစိုက်တောင်သူများအတွက် ပံ့ပိုးပေးရန်လိုအပ်ချက်များကို ထည့်သွင်းဆွေးနွေးကြပြီး စီးပွားရေးပညာရှင်များအနေဖြင့်လည်း တန်ဖိုးမြင့်ထုတ်ကုန် (Coffee Value Added) အတွက် စီးပွားရေးရှုထောင့်အမြင်များနှင့် အကြံပြု ဆွေးနွေးကြစေလိုပါကြောင်း။

Coffee Board ဖွဲ့စည်းနိုင်သည့်အပြင် ယနေ့ မိမိတို့ကော်ဖီကဏ္ဍ အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့်နည်းလမ်းများကို ယနေ့ဖိုရမ်မှ ဖော်ထုတ်ရရှိမည်ဆိုပါက မိမိတို့နိုင်ငံ၏ ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာသည့်လမ်းကြောင်းပေါ် လျှောက်လှမ်းနိုင်ပြီဟု ပြောနိုင်ပြီ ဖြစ်ပါကြောင်း၊ ပါဝင်ပတ်သက်သူအားလုံးအနေဖြင့်လည်း ရေရှည်ဖွံ့ဖြိုးနေမည့် အခြေအနေများရရှိစေရန် ဝိုင်းဝန်းဆွေးနွေးပေါင်းစပ်ဆောင်ရွက်နိုင်စွမ်းရှိကြသည်ကိုလည်း ယုံကြည်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မြန်မာ့ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ယခု Coffee Forum မှ ထွက်ပေါ်လာသည့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများကို ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ မြန်မာကော်ဖီအသင်းနှင့် အစုအဖွဲ့များမှ ကော်ဖီလုပ်ငန်းရှင်များနှင့် ကော်ဖီစိုက်ပျိုးသူတောင်သူများ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ကြပါရန် အလေးအနက်တိုက်တွန်းပါကြောင်း ပြောကြားသည်။

### ဆွေးနွေးတင်ပြ

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်တို့က ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုဆိုင်ရာ Video Clip ကို ပြသသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက Coffee Cupping Competition နှင့်ပတ်သက်၍ Natural Category တွင် ဆုရရှိသူများအားလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က Washed Category တွင် ဆုရရှိသူများအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးလှကျော်က Other Category တွင် ဆုရရှိသူများအားလည်းကောင်း ဆုများ ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုသည်။

**သတင်းစဉ်**

## ရှေ့ဖုံး – အကျိုးတူကန်ထရိုက် မှ

ငွေကြေးအင်အား၊ ထုတ်လုပ်မှုနည်းပညာနှင့် သတင်းအချက်အလက်များ လက်လှမ်းမီနိုင်မှု အကန့်အသတ်ရှိနေဆဲဖြစ်ပြီး ထုတ်ကုန်အရည်အသွေး လိုအပ်ချက်ရှိနေမှုနှင့် ဈေးကွက် အခွင့်အလမ်းရရှိနိုင်မှုစသည့် စိန်ခေါ်မှုများ ရှိနေဆဲဖြစ်ကြောင်း၊

ရင်ဆိုင်နေရဆဲ အခက်အခဲများကို ကျော်လွှားနိုင်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်၊ အဖွဲ့အစည်းများ၊ တောင်သူလယ်သမားများ၊ နိုင်ငံတော်အစိုးရအဖွဲ့အစည်းများ သုံးဦးသုံးဖလှယ် ချိတ်ဆက်မှုအားကောင်းကောင်းနှင့်စီမံဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် ကန်ထရိုက်လယ်ယာစနစ်ဟူသည့် စနစ်ကောင်းတစ်ရပ်ကို စွဲကိုင်ဆောင်ရွက်သွားရန်လိုအပ်နေပြီ ဖြစ်ပါကြောင်း။

ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည် နိုင်ငံအတွက် ပိုမိုထိရောက်သောအကျိုးတူကန်ထရိုက်လယ်ယာစနစ်ဖြစ်ပေါ်လာစေရေးအတွက် တောင်သူလယ်သမားများ၊ ကုမ္ပဏီအဖွဲ့အစည်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် မိမိတို့ဌာနဆိုင်ရာများက ထိန်းကျောင်း/လိုက်နာဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ် (Standard Operating Procedure SOP) မူကြမ်းတစ်ရပ်ကို မိမိတို့နိုင်ငံ၏ ပကတိအခြေအနေနှင့် နိုင်ငံတကာအတွေ့အကြုံများအပေါ် အခြေခံကာ သုံးသပ်ရေးဆွဲနိုင်ရေး၊ ဝိုင်းဝန်းဆောင်ကြဉ်းပေးကြရန် တိုက်တွန်းလိုပါကြောင်း၊ ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် SOP တစ်ရပ်ချမှတ်နိုင်လိမ့်မည်ဟုလည်း မျှော်လင့်ယုံကြည်မိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် သက်ဆိုင်ရာဝန်ကြီးဌာနများများမှ တာဝန်ရှိသူများ၊ UMFCCI နှင့် ညီနောင်အသင်းအဖွဲ့များ၊ ဘဏ်လုပ်ငန်းရှင်များနှင့် ဆက်စပ်အဖွဲ့အစည်းအသီးသီးတို့မှ ပုဂ္ဂိုလ်များက မတ် ၉ ရက်နှင့် ၁၀ ရက်တို့တွင် အကျိုးတူကန်ထရိုက်လယ်ယာစနစ် (Contract Farming) ဖော်ဆောင်ရေးဆိုင်ရာများ ဆွေးနွေးကြသည်။

ကန်ထရိုက်စာချုပ်များသည် တောင်သူများ၊ ငွေကြေးဘဏ္ဍာအဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကုမ္ပဏီများနှင့် အစိုးရအဖွဲ့အစည်း၏ အောက်ခြေအဆင့်ဆင့်တို့ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်စနစ်၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ ပါဝင်သည့် ကန်ထရိုက်စနစ်စသည်ဖြင့် ပုံသဏ္ဌာန်အမျိုးမျိုးတည်ရှိနေကြောင်း၊ မြို့နယ်အဆင့်ဆင့်အလိုက် တာဝန်ရှိသူများနှင့် ဥပဒေပညာရှင်များ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အငြင်းပွားမှုပြဿနာများကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးစရိတ်ချေးငွေများကို အမှန်တကယ်သုံးစွဲမှုနှင့်အတူ ပုဂ္ဂလိကငွေချေးဘဏ်များကပါ ချေးငွေကိစ္စဆိုင်ရာများကို အကျိုးတူပူးပေါင်း၍ ကန်ထရိုက်လယ်ယာစနစ်ကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ SOP နှင့် စာချုပ်မူကြမ်းများကို တက်ရောက်လာသူများနှင့်ဆွေးနွေးရာတွင် ကန်ထရိုက်လယ်ယာစနစ်အတွက် ဥပဒေတစ်ရပ်ပေါ်ထွက်လာရေး ပုဂ္ဂလိကအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း UMFCCI ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောကြားသည်။

အကျိုးတူကန်ထရိုက်လယ်ယာစနစ်တစ်ရပ် ထူထောင်ရာတွင် ထည့်သွင်းစဉ်းစားသင့်သည့်အချက်နှစ်ချက်မှာ ငွေကြေးရင်းနှီးမြှုပ်နှံမှုအပေါ် ခိုင်မာစွာရပ်တည်မှုပြုနိုင်မည့်ဘဏ်စနစ် (Bankable System) တစ်ရပ် ထူထောင်ထားရှိနိုင်ရန်၊ လုပ်ငန်းဆိုင်ရာကျင့်ဝတ်များလိုက်နာခြင်းဖြင့် နှစ်ဦးနှစ်ဖက် အကျိုးရှိစေရန်အတွက် စီမံဆောင်ရွက်သင့်သည့်စနစ် (Enforced Contract Farming System) ဖြစ်စေရေးအတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိန်းကျောင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ အရည်အသွေးပြည့်ဝသည့် လယ်ယာထုတ်ကုန်များနှင့် အာမခံချက်ပြည့်ဝသည့်ထုတ်ကုန်များဖြစ်ရေး၊ တောင်သူများအတွက် အမြတ်အစွန်းရရှိနိုင်မည့် ဈေးနှုန်းပုံစံဖော်ဆောင်ပေးနိုင်ရေးတို့အတွက် ရည်ရွယ်ကာ ယခုအလုပ်ရုံဆွေးနွေးပွဲကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပြောကြားသည်။

ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲတွင် ပုံစံမျိုးစုံရှိသည့် ကန်ထရိုက်လယ်ယာစနစ်လုပ်ငန်းများစွာကို ခိုင်မာသည့် SOP ရေးသားဖော်ပြမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆန်စပါး၊ ပြောင်း၊ ကြံ၊ ပဲတီစိမ်း၊ ကုလားပဲ၊ ပဲပုပ်စသောသီးနှံအမယ်များနှင့် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာနှင့်နို့စားနွားမွေးမြူရေးလုပ်ငန်းများကို အမယ်တစ်မျိုးချင်းစီအလိုက် ရေးသားပြုစုမှတ်တမ်းတင်မည်ဖြစ်ကြောင်း၊ အမယ်တစ်မျိုးချင်းစီအလိုက် ဈေးနှုန်း၊ အရည်အသွေး၊ စံချိန်စံညွှန်းပိုင်းဆိုင်ရာများတွင် အကျိုးတူဆောင်ရွက်သူများ၏ ကတိကဝတ်များ၊ အငြင်းပွားမှုများအပေါ် ဖြေရှင်းရေးဆိုင်ရာများနှင့် ပျက်ကွက်မှုများအပေါ် ဥပဒေနှင့်စာချုပ်ပါစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရေးတို့ကို အဓိကထားဆွေးနွေးကြသည်ဟု သတင်းရရှိသည်။

**MOALI ပြန်ကြားရေး**



## ကော့ကရိတ်မြို့နယ် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပြည်နယ်ဝန်ကြီး ကွင်းဆင်း ကြည့်ရှု

ဘားအံ မေ ၉

**ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးသည် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းထိုက်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ယနေ့မွန်းလွဲ ၂ နာရီက ကော့ကရိတ်မြို့နယ် ဝင်းပုတ်ကျေးရွာ ငြိမ်းချမ်းရေးမိသားစုဝင် ကရင်အမျိုးသားကာကွယ်ရေးတပ်မတော် (KNDO) ကြံသီးနှံစိုက်ခင်း ၁၅ ဧကအား သွားရောက်ကြည့်ရှုအားပေးပြီး ငြိမ်းချမ်းရေးမိသားစုဝင်များ ဝင်ငွေရရှိရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များ ဆွေးနွေးမှာကြားသည်။**

ကရင်အမျိုးသားကာကွယ်ရေးတပ်မတော်သည် ကရင်ပြည်နယ် အစိုးရအဖွဲ့၏ အထောက်အပံ့ဖြင့် ဝင်းပုတ်ကျေးရွာတွင် ၁၅ ဧက၊ တလွဲထော်ကျေးရွာတွင် ငါးဧကနှင့် တောင်ကြာအင်းကျေးရွာတွင် ငါးဧက စုစုပေါင်း ၂၅ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် ငါးတိုင်ကျေးရွာ၊ ညောင်ချောင်း ရေတံခါးနှင့် ကော့ဝါလဲကျေးရွာ စက်မှုလယ်ယာစနစ် အဆင့်မြင့် ဧက ၁၅၀ ဖော်ထုတ်မှုအခြေအနေတို့ကို ကြည့်ရှုကာ လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

**မြတ်သဉ္ဇာလှိုင်**

လယ်ယာ စီးပွား သတင်း
The Agri-Business News

**အယ်ဒီတာချုပ်**
မြတ်စိုး(လှိုင်)

**အမှုဆောင်အယ်ဒီတာ**
တင်ကြည်လှိုင်

**သတင်းအင်အားစု**
ဆန်းညွန့် (ရေနံချောင်း)၊
သိန်းဖေ၊ အင်ပင်သန်းဋ္ဌေးအောင်၊
မော်ကျွန်းမြင့်အောင်
မာမာတင့်(မြင်းခြံ)၊
ရွှေ (လှိုင်သာယာ)၊
ခင်မေကြည် (မန္တလေး)၊
ဇော်နိုင်ဝင်း (မုံရွာ)၊
တင်မလတ် (မော်လမြိုင်)၊
ညောင်ဦးဖိုး၊ အောင်နိုင် (ပခုက္ကူ)၊
ကြေးမုံငယ်၊ ဖြူမာချို (ရန်ကုန်)၊
မြတ်သဥ္ဇာလှိုင် (ဘားအံ)၊

**ထုတ်ဝေသူ**
ဦးမျိုးတင့်ထွန်း
မြဲ - ၀၀၄၁၀

**ပုံနှိပ်သူ**
ဦးမောင်နီ
မြဲ - ၀၀၂၆၉
ကမ္ဘာအေးဘုရားလမ်း၊
စိမ်းလဲ့မေလမ်းသွယ်
ရန်ကင်းစာတိုက် ရန်ကုန်မြို့

**ခေါင်းစီးစာလုံး**
သက်မော်

**ဒီဇိုင်း**
စိုးဟန်၊ နွယ်နီ

**ဖလင်၊ ကာလာခွဲ**
မြကျွန်းသာ

**ကြော်ငြာ**
လယ်ယာစီးပွားသတင်းအဖွဲ့

**ဖြန့်ချိရေး**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန
ပြည်နယ်နှင့်တိုင်းဒေသကြီးရုံးများ
ရန်ကုန် – စာပေဗိမာန်အရောင်းဆိုင်
– ဝါမိုးအောင်စာပေ၊
စာပေဗိမာန်အနီး
မန္တလေး – မန္တလေးရုံးခွဲ
စီမံကိန်းဦးစီးဌာန

**ဆက်သွယ်ရန်**
လယ်ယာစီးပွားသတင်း
ကမ္ဘာအေးဘုရားလမ်း၊
စိမ်းလဲ့မေလမ်းသွယ်
ရန်ကင်းစာတိုက် ရန်ကုန်မြို့
ဖုန်း–၆၆၃၅၀၅
Email:agribusinessnews2000
@gmail.com


အယ်ဒီတာ့အာဘော်

# ကန်ထရိုက်လယ်ယာစနစ် ထိရောက်စွာ အကောင်အထည်ဖော်

မြန်မာနိုင်ငံတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်အဆက်ဆက်တွင် နည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ခဲ့ကြရာတွင် အချို့ကိစ္စရပ်များမှာ နည်းမှန်လမ်းမှန်အခြေအနေသို့မရောက်ရှိနိုင်သေးဘဲ တွေးတောကြံဆဆဲ၊ ဆောင်ရွက်ဆဲအဆင့်၌သာ ရှိနေသေးသည်။

ယခုခေတ်ကာလကြံဆချက်များထဲတွင် ကန်ထရိုက်လယ်ယာစနစ် (သို့မဟုတ်) အကျိုးတူလယ်ယာစနစ် (သို့မဟုတ်) အကျိုးတူပူးပေါင်းလယ်ယာစနစ်လည်း အပါအဝင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကန်ထရိုက်လယ်ယာစနစ်ကို ကျယ်ကျယ်ပြန့်ပြန့်မဆောင်ရွက်နိုင်သေးသော်လည်း ကမ္ဘာတွင် ထိုစနစ်ပေါ်ထွန်းလာခဲ့သည်မှာ နှစ်ပေါင်းရာကျော်ခဲ့ပြီဟု လေ့လာသိရှိရသည်။

မြန်မာနိုင်ငံသို့ ကန်ထရိုက်လယ်ယာစနစ်အတွေးအမြင်ဝင်ရောက်လာခဲ့သည်မှာ ၁၀ စုနှစ်သာသာမျှသာရှိသေးသည်ဟု ဆိုနိုင်သည်။

လွန်ခဲ့သည့် ၂၀၁၂ ခုနှစ်ကုန်ပိုင်းက အာဆီယံနိုင်ငံများထဲမှ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့ကို ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကာ မဲခေါင်အင်စတီကျူတွင် ကန်ထရိုက်လယ်ယာစနစ် ငါးနိုင်ငံအလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့ဖူးသည်။

ထိုစဉ်ကတည်းက မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကျန်လေးနိုင်ငံတွင် ကန်ထရိုက်လယ်ယာစနစ်ထွန်းကားအောင်မြင်ကာ အရှိန်အဟုန်ရနေပြီကို သိရှိလေ့လာခွင့် ရရှိခဲ့ကြပြီးဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲတက်ရောက်သူများသည် ထိုင်းနိုင်ငံ၏ အောင်မြင်နေသောကန်ထရိုက်လယ်ယာစနစ်ကိုလည်း လက်တွေ့ကွင်းဆင်းလေ့လာခွင့်ရရှိခဲ့ကြပြီး အကောင်အထည်ဖော်နေသည့် အဖွဲ့အစည်းများ၊ တောင်သူလယ်သမားများနှင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးမေးမြန်းခွင့်ရရှိခဲ့ကြသည်။

ထိုစဉ်က ထိုင်းနိုင်ငံ၏ဝန်ကြီးဌာန ဖွဲ့စည်းတာဝန်ယူမှုမှာ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို စိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီးဌာနဟု တစ်ပေါင်းတည်းဖွဲ့စည်းထားသဖြင့် ကန်ထရိုက်လယ်ယာစနစ်အကောင်အထည်ဖော်မှုမှာ သွက်လက်မြန်ဆန်သည်ကို တွေ့ရသည်။

ယင်းစနစ်အရ တောင်သူလယ်သမားများက စိုက်ပျိုးထုတ်လုပ်ရေးအပိုင်းကို တာဝန်ယူပြီး စီမံခန့်ခွဲရေးနှင့်ကုန်သန်းရောင်းဝယ်ရေး ငွေရေးကြေးရေးနှင့် ဈေးကွက်ရှာဖွေရေးတို့ကို သမဝါယမက တာဝန်ယူသဖြင့် ဝန်ကြီးဌာနတစ်ခုတည်းအောက်တွင် နှစ်ဦးနှစ်ဖက်အကျိုးရှိကာ အောင်မြင်မှုများ ရရှိနေသည်။

ထိုစဉ်က မြန်မာနိုင်ငံတွင်မူ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဟူ၍ သီးခြားဝန်ကြီးဌာနတစ်ခုစီဖွဲ့စည်းထားပြီး ပြည်ထောင်စုဝန်ကြီးတစ်ဦးစီက တာဝန်ယူလျက်ရှိသည်။

ယခုအခါတွင် မြန်မာနိုင်ငံသည်လည်း ယခင်ဝန်ကြီးဌာနသုံးခုကို ပေါင်းစည်းကာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဟူ၍ သမဝါယမလုပ်ငန်းများပါ တစ်ပေါင်းတည်း ပါဝင်လာခဲ့ပြီဖြစ်သည်။

သို့ဖြစ်၍ မြန်မာနိုင်ငံတွင် ကန်ထရိုက်လယ်ယာစနစ်ဖော်ဆောင်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေးအတွက် ဥပဒေလုပ်ထုံးလုပ်နည်းများ ရေးဆွဲရေးနှင့်စနစ်ကျသည့်ပုံစံများ သတ်မှတ်ပြဋ္ဌာန်းရေးတို့အတွက် နေပြည်တော်တွင် မေ ၉ ရက်က အလုပ်ရုံဆွေးနွေးပွဲကျင်းပပြီး မြန်မာနိုင်ငံကုန်သည် စက်မှုအသင်းချုပ်တွင်လည်း မကြာသေးမီကာလက ပြည်တွင်းပြည်ပပညာရှင်များ၊ ကန်ထရိုက်လယ်ယာစနစ် လက်တွေ့ဆောင်ရွက်နေကြသည့် ကုမ္ပဏီအဖွဲ့အစည်းများနှင့် တောင်သူလယ်သမားကိုယ်စားလှယ်များ ညှိနှိုင်းဆွေးနွေးခဲ့ကြပြီးဖြစ်သည်။

ကန်ထရိုက်လယ်ယာစနစ်ဆိုသည်မှာ မြေသာရှိပြီး အရင်းအနှီးမရှိသည့် လယ်သမားများနှင့် အရင်းအနှီးရှိပြီး မြေမရှိသည့်သမဝါယမအသင်းအဖွဲ့များ အပါအဝင် ကုမ္ပဏီအဖွဲ့အစည်းများသည် ဥပဒေပြဋ္ဌာန်းချက်ကို အပြန်အလှန်လေးစားလိုက်နာကာ တကယ်လုပ်လျှင် အဟုတ်အောင်မြင်နိုင်သည့်စနစ်တစ်ခုဖြစ်၍ ထိရောက်စွာ အကောင်အထည်ဖော်သင့်ကြောင်း အကြံပြုတိုက်တွန်းလိုက်ရပေသည်။ ။





## ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီးနှင့် ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးတို့အား သီးခြားစီ တွေ့ဆုံ

နေပြည်တော် မတ် ၈

**စိုက်**ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး H.E. Mr. John Nielsen နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tim Enderlin တို့အား ယနေ့ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ သီးခြားစီ တွေ့ဆုံသည်။

နံနက် ၁၀ နာရီခွဲက ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး H.E. Mr.John Nielsen နှင့် တွေ့ဆုံဆွေးနွေးရာ၌ ဒိန်းမတ်–မြန်မာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သည့် ကမ်းရိုးတန်း ငါးလုပ်ငန်းစီမံကိန်း၊ ယခုနှစ် နှစ်ခွဲကာလ အတွင်း ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်မည့် အစီအစဉ်များ၊ နိုင်ငံတကာဥပဒေ အကြံပေး ပညာရှင်များ၏ အကြံပေးချက်နှင့်အညီ ပင်လယ်ငါးလုပ်ငန်းဥပဒေ အသစ်တစ်ရပ် ပေါ်ထွက်လာနိုင်ရေး၊ ငါးလုပ်ငန်းဦးစီးဌာန အောက်တွင် (MCS Division) စောင့်ကြည့် လေ့လာ၊ ထိန်းချုပ်ခြင်းဌာနခွဲတစ်ခုနှင့် ပူးပေါင်းစီမံခန့်ခွဲမှု ဌာနခွဲ (Co-Management Division) တစ်ခု ပေါ်ထွက်လာရေး၊ ဘဏ္ဍာရေးနှစ်အလိုက် ဝယ်ယူရေးလုပ်ငန်းစဉ် အခြေအနေများ၊ စီမံကိန်းကျေးရွာ များတွင် အသက် မွေးဝမ်းကျောင်းလုပ်ငန်း များကို အထောက်အပံ့ဖြစ်သော အစားအစာ ဘေးကင်းလုံခြုံရေးနှင့် သန့်ရှင်းမှုဆိုင်ရာ သင်တန်းကိစ္စရပ်များ၊ ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင် ခြင်းသင်တန်း စီစဉ်ဆောင်ရွက်ပေးမှုကိစ္စ ရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။ **(ဝဲပုံ)**

မွန်းလွဲ ၁ နာရီက ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန် နိုင်ငံ သံအမတ်ကြီး H.E Mr Tim Enderline နှင့်တွေ့ဆုံရာ၌ နှစ်နိုင်ငံ အကြား မြန်မာ့ရော်ဘာအခွင့်အလမ်း မြှင့်တင်ရေးစီမံကိန်း (GRO Myanmar) ဒုတိယအဆင့် ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး ရန် စီမံဆောင်ရွက်နေမှုအခြေအနေများ၊ မြန်မာ့စက်မှုလယ်ယာအသွင်ကူးပြောင်းမှု ပိုမိုပီပြင်စေရေး ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များ၊ အပင်မျိုးသစ်အကာအကွယ် ပေးရေးဥပဒေ ပြင်ဆင်ပြဋ္ဌာန်းရေးနှင့် ဆွစ်ဇာလန်နိုင်ငံ၊ ဂျနီဗာမြို့ အခြေစိုက် (The International Union for the Protection of New Varieties of Plant - UPOV) အဖွဲ့ဝင် နိုင်ငံဖြစ်မြောက်ရေး ကိစ္စရပ်များ၊ နို့စားနွားမွေးမြူရေးဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ နည်းပညာများ၊ တန်ဖိုးမြင့်နို့နှင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်ရေးနှင့် တိရစ္ဆာန်ထွက်ကုန် ပစ္စည်းများ ပိုမိုထုတ်လုပ်ရေးတို့အတွက် နည်းပညာဆိုင်ရာ သင်တန်းများတွင် ပူးပေါင်း ဆောင်ရွက်ရေး၊ မြေယာဥပဒေများနှင့် အညီ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်များ ချထား ဆောင်ရွက်ပေးနေမှုတို့ကို အမြင်ချင်း ဖလှယ် ဆွေးနွေးကြသည်။ **(ယာပုံ)**

**MOALI ပြန်ကြားရေး**

**စိုက်ပျိုးရေးလုပ်ငန်းနှင့်ကျန်းမာရေးလုပ်ငန်းများအတွက် ပိုးသတ်ဆေးများသည် မရှိမဖြစ်ပေ။ ကမ္ဘာတွင် တစ်နေ့ထက်တစ်နေ့ ပိုးသတ်ဆေးသုံးစွဲမှုများ မြင့်တက်နေသည်။ ၂၀၀၉ ခုနှစ်နောက်ပိုင်းမှစ၍ ကမ္ဘာပေါ်တွင် သီးနှံကာကွယ်ရေးနှင့်ကျန်းမာရေးလုပ်ငန်းများအတွက် နှစ်စဉ် ပိုးသတ်ဆေးတန်ချိန် သုံးသန်းကျော်ခန့်သုံးစွဲလျက်ရှိသည်ကို တွေ့ရသည်။**

# ပိုးသတ်ဆေးအန္တရာယ်သတိပြုကိုင်တွယ်

မောင်မြင့်အောင် (တန့်ဆည်)



ပိုးသတ်ဆေးများကို ပိုးမွှားရောဂါကာကွယ်ရန် အလို့ငှာ သီးနှံသစ်ပင်၊ တိရစ္ဆာန်၊ မြို့ရွာစသည့် ပစ်မှတ်များသို့ ရည်ရွယ်ပက်ဖျန်းသုံးစွဲသော်လည်း သုံးစွဲသည့်ပိုးသတ်ဆေးအချို့သည် ပစ်မှတ်ကို မထိဘဲ ပတ်ဝန်းကျင်မြေထု၊ ရေထု၊ လေထုစသည်တို့ကို ညစ်ညမ်းမှုဖြစ်စေသည့်အပြင် လူနှင့်သတ္တဝါအားလုံး၏အသက်အန္တရာယ် ထိခိုက်သည်အထိ အနိဋ္ဌာရုံဆိုးကျိုးများ ကြုံတွေ့နေကြရသည်။

ပိုးသတ်ဆေးများကို ပက်ဖျန်းအသုံးပြုပြီးပါက ၎င်းဆေးများသည် သဘာဝပတ်ဝန်းကျင်ရှိ နေပူရှိန် (ခရမ်းလွန်ရောင်ခြည်) အဏုဇီဝပိုးများ အစရှိသည့် ဇီဝဓာတ်ပြုမှုများကြောင့် ဓာတ်ပြိုကွဲပြီး ပတ်ဝန်းကျင်အစိတ်အပိုင်းများတစ်ခုမှတစ်ခုသို့ ရွေ့လျားသယ်ဆောင်ခံရခြင်းစသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လာသည်။ ထိုဖြစ်စဉ်များကို အခြေပြု၍ ပိုးသတ်ဆေးဓာတ်ကြွင်းအာနိသင်များဖြစ်စေခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းစေခြင်း၊ ထိုမှတစ်ဆင့် လူနှင့်သက်ရှိသတ္တဝါအားလုံးကို အသက်အန္တရာယ်ဖြစ်သည်အထိ အကျိုးဆက်များစွာ ရှိလာသည်။ **ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ အစီရင်ခံစာအရ ကမ္ဘာပေါ်တွင် တစ်နေ့လျှင် လူနှစ်သောင်းခန့် ပိုးသတ်ဆေးအဆိပ်သင့်သေဆုံးနေ**ကြရသည်ဟု ဆိုသည်။

ပိုးသတ်ဆေးများထုတ်လုပ်ခြင်း၊ ထုတ်လုပ်ရာမှ ထွက်လာသော ဘေးထွက်ပစ္စည်းများ စွန့်ပစ်ခြင်း၊ ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ အသုံးပြုသူတို့၏လက်ဝယ်တွင် သိုလှောင်ကိုင်တွယ်၊ အသုံးပြုစွန့်ပစ်ခြင်းစသည့်လုပ်ငန်းအဆင့်ဆင့်တိုင်းတွင် သတိပြုကိုင်တွယ် ဆောင်ရွက်ခြင်းသည် အခြေခံအကျဆုံး ကြိုတင်တားဆီးကာကွယ်ခြင်းအတွက် အကောင်းဆုံးနည်းလမ်းဖြစ်သည်။

စိုက်ပျိုးသီးနှံထွက်ကုန်များ၊ လူ့အစားအစာများ၊ တိရစ္ဆာန်အစားအစာများ၊ ပတ်ဝန်းကျင်လေထု၊ မြေထု၊ ရေထု၊ မြေအောက်ရေလွှာ၊ အပေါ်ယံ ရေလွှာ၊ ရေနေသတ္တဝါ၊ ငါးပုစွန်တို့တွင် ပိုးသတ်ဆေးဓာတ်ကြွင်းများကို တွေ့ရှိနိုင်သည်။

ပိုးသတ်ဆေးဓာတ်ကြွင်းအာနိသင်များသည် လူနှင့်သက်ရှိသတ္တဝါတို့ကို ဒုက္ခပေးနိုင်သည့်အပြင် တိုက်ရိုက်ထိတွေ့ပါကလည်း အလွန်အန္တရာယ်ကြီးမားလှသည်။ အမေရိကန်နိုင်ငံ၊ ကယ်လ်ဖိုးနီးယားဆေးတက္ကသိုလ်မှ ဒေါက်တာ ဟိုဝက်မေဘက်က လူ၏ခန္ဓာကိုယ်အတွင်း ပါရာသီယွန်ပိုးသတ်ဆေးဝင်ရောက်မှုကို စမ်းသပ်ရာတွင် လက်ဖျံမှ တစ်မိနစ်အတွင်း ၂ ရာခိုင်နှုန်း၊ ၁၅ မိနစ်အတွင်း ၅ ရာခိုင်နှုန်း၊ တစ်နာရီအတွင်း ၈ ရာခိုင်နှုန်းနှင့် ရှစ်နာရီအတွင်း ၁၆ ရာခိုင်နှုန်းဝင်ရောက်နိုင်ကြောင်း စမ်းသပ်တွေ့ရှိခဲ့သည်။ ယင်း၏စမ်းသပ်ချက်အရ နဖူးပြင်မှ ဝင်ရောက်မှုမှာ လက်ဖျံမှ ဝင်ရောက်မှုထက် လေးဆမြန်ကြောင်း တွေ့ရှိရသဖြင့် အလွန် အန္တရာယ်ကြီးမားလှသည်။

သို့ပါ၍ အလွန်အန္တရာယ်ကြီးမားလှသော ပိုးသတ်ဆေးများကို သတိပြုကိုင်တွယ်ကြရန်မှာ အလွန်အရေးကြီးသည်။ စက်ရုံတွင်လည်း ထုတ်လုပ်မှုနှင့်ဆက်စပ်နေသည့် လုပ်သားများသည်လည်း အမြဲလုံခြုံနေစေရန် သတိပြုကြရမည်။ Safety First ဖြစ်နေစေရန် အန္တရာယ်ရှိသောဧရိယာများကို လုံခြုံမှု ရှိအောင် တင်းကျပ်စွာ တားမြစ်ထားသော ဧရိယာ အဖြစ် သတ်မှတ်ထားရန်လိုသည်။ **“အန္တရာယ်ရှိသည် သတိ”**ဆိုသည့်အသိပေးဆိုင်းဘုတ်ကြီးများဖြင့်လည်း မြင်သာအောင် ချိတ်ဆွဲနှိုးဆော်ထားရန် လိုအပ်သည်။

ထုပ်ပိုးရာတွင်လည်း ထုပ်ပိုးပစ္စည်း၏ လုံခြုံမှုရှိ၊ မရှိစစ်ဆေးပြီး ကိုင်တွယ်မည့်အလုပ်သမားများကိုလည်း ဦးထုပ်၊ နှာခေါင်းစွပ်၊ လက်အိတ်၊ မျက်မှန်၊ ခြေစွပ်ဖိနပ်စသည့် အကာအကွယ်ပစ္စည်းများ ပြည့်စုံအောင် ဝတ်ဆင်ကိုင်တွယ်စေရန်လိုသည်။ သိုလှောင်ရုံအတွင်း ဆေးအမျိုးအစားအလိုက် သေချာစွာ စီထပ်ပြီး ပေါက်ပြဲယိုစိမ့်မှုရှိ၊ မရှိ အစဉ်စစ်ဆေးနေရမည်။ သိုလှောင်ရုံပြတင်းပေါက်များကိုလည်း တစ်နေ့တစ်ကြိမ်၊ လေးနာရီခန့်ဖွင့်ပေးထားရန် လိုသည်။ ထို့အတူ ယာဉ်ပေါ်သို့တင်စဉ်၊ ယာဉ်ပေါ်တွင် နေရာချစဉ်၊ ယာဉ်ပေါ်မှချစဉ်အဆင့်တိုင်းတွင် သေချာစွာကိုင်တွယ်၍ ပေါက်ပြဲယိုစိမ့်မှုရှိမရှိ ပြန်လှန်စစ်ဆေးရမည်ဖြစ်သည်။

စက်ရုံမှဘေးထွက်ပစ္စည်းများစွန့်ပစ်ရာတွင် စက်ရုံဘေးရှိမြောင်းထဲသို့ လွယ်လွယ်စွန့်ပစ်ခြင်း မပြုဘဲ စက်ရုံဘေးတွင် ကန် (သို့မဟုတ်) ကျင်းကို စနစ်တကျပြုလုပ်၍ စွန့်ပစ်ပြီး အဖုံးဖုံးပေးထားရန် အထူးအရေးကြီးသည်။

ပိုးသတ်ဆေးအန္တရာယ်နှင့် အများဆုံးရင်ဆိုင်ကြုံတွေ့နေကြရသည့် တောင်သူလယ်သမားကြီးများကိုယ်တိုင် ပိုးသတ်ဆေးကို စနစ်တကျ အန္တရာယ်ကင်းစွာ သိုလှောင်ကိုင်တွယ်အသုံးပြုတတ်ရန် အလွန်အရေးကြီးသည်။

တောင်သူလယ်သမားကြီးများသည် ကနဦး ပိုးသတ်ဆေးဝယ်ယူကတည်းကပင် ဆေးထုတ်လုပ်သော ကုမ္ပဏီတံဆိပ်၊ ပိုးသတ်ဆေးအမည်၊ သုံးစွဲရမည့်ဆေးနှုန်းထား၊ ဆေးပမာဏစသည်များကို ရိုက်နှိပ်၍ လုံခြုံစွာထုပ်ပိုးထားသော ဆေးများကိုသာ ဝယ်ယူ သုံးစွဲကြရမည်ဖြစ်သည်။ အခြားထုပ်ပိုးပစ္စည်းများနှင့် ထည့်ထားသော ပိုးသတ်ဆေး၊ အဖုံးမလုံ ယိုစိမ့်နေသော ပိုးသတ်ဆေးများကို ဝယ်ယူအသုံးမပြုမိစေရန် အထူးသတိပြုကြရပါမည်။ ဝယ်ယူလာသော ပိုးသတ်ဆေးများကိုလည်း သေချာစွာထုပ်ပိုး၍ အိမ်သို့ သယ်ယူရာတွင် အစားအစာများနှင့် ရောနှောသယ်ဆောင်ခြင်းကို ရှောင်ကြဉ်ရန် လိုအပ်သည်။

မိမိအိမ်၌ပိုးသတ်ဆေးများကို သိမ်းဆည်းရာတွင် အေး၍လုံခြုံသောနေရာ၌ သိမ်းဆည်းရမည်ဖြစ်ပြီး ကလေးများနှင့်လွတ်ကင်းသောနေရာဖြစ်ရန် လိုသည်။ အစားအစာများနှင့်ရောနှောသိမ်းဆည်းခြင်းမပြုရပါ။ ပိုးသတ်ဆေးများကို အမှတ်အသားမပါသော အစားအသောက်ဘူးခွံများထဲသို့ ပြောင်းလဲထည့်သွင်းသိုလှောင်ခြင်းမပြုမိစေရန် အထူးသတိပြုရမည်ဖြစ်သည်။

သီးနှံစိုက်ခင်းများတွင် ပိုးသတ်ဆေးစတင်အသုံးပြုမည်ဆိုလျှင် မိမိသုံးစွဲလိုသော ဆေးဟုတ်၊ မဟုတ် ဦးစွာစစ်ဆေးပြီး ဆေး၏အညွှန်းကို သေချာစွာ ဖတ်ရှုရမည်။ မိမိခန္ဓာကိုယ်ကိုကာကွယ်ရန် ဦးထုပ်ဆောင်းခြင်း၊ မျက်မှန်တပ်ခြင်း၊ လက်အိတ်စွပ်ခြင်း၊ နှာခေါင်းစွပ်ခြင်း၊ အကာအကွယ်အင်္ကျီဝတ်ဆင်ခြင်း၊ လုံခြုံသောခြေစွပ်ဖိနပ်ဝတ်ဆင်ခြင်းများကို ရှေးဦးစွာ ဆောင်ရွက်ရမည်။ ပြီးလျှင် ဆေးဖျန်းပုံး၊ ဆေးဖျန်းခေါင်း၊ ဆေးဖျန်းပိုက်များကောင်း၊ မကောင်း၊ လုံ၊ မလုံ သေချာစွာ စစ်ဆေးရမည်။

ပိုးသတ်ဆေးပုလင်း၊ ဘူးကိုပါးစပ်နှင့်ကိုက်၍ မဖွင့်မိစေရန် အထူးသတိပြုရပါမည်။ ဆေးမဖိတ်မစဉ်အောင် ကိရိယာဖြင့် သေချာစွာ ဖွင့်ရမည်။ ပိုးသတ်ဆေးကို ရေနှင့်ဖျော်စပ်ရန် ဆေးဖျန်းပုံးအတွင်းသို့ ထည့်ရာတွင်လည်း ဘေးသို့မယိုမဖိတ်အောင် သတိပြုရန် လိုပါသည်။ ပိုးသတ်ဆေး အရည်နှင့် အမှုန့်များကို သီးသန့်ပုံးနှင့်ဖျော်စပ်ရန် လိုအပ်လာပါက လက်ဖြင့်မွှေခြင်းလုံးဝမပြုလုပ်ဘဲ တုတ်ဖြင့်သာ မွှေပေးရမည်ဖြစ်သည်။ ပြီးလျှင် မွှေသောတုတ်ကို ရေဖြင့်ပြောင်စင်အောင် ဆေးကြောရမည်။ ဆေးထည့်စဉ် သို့မဟုတ် ဆေးဖျော်စဉ်၊ မွှေစဉ် ဘေးသို့ ဖိတ်ကျပါက ဆေးဖိတ်သောနေရာသို့ ရေရွှဲရွှဲလောင်း၍ သဲ၊ မြေမှုန့်၊ လွှစာမှုန့်များဖြင့် သေချာစွာ ဖုံးအုပ်ပေးရမည်။ ဆေးဖျော်စပ်နေသောအနီးသို့ ကလေးနှင့်တိရစ္ဆာန်များ လုံးဝမလာစေရန် သတိပြုဆောင်ရွက်ရမည်ဖြစ်သည်။

စိုက်ခင်းကို ပိုးသတ်ဆေးဖျန်းလျှင် ကျွမ်းကျင်လုပ်သားကိုသာ အသုံးပြုသင့်သည်။ မလုံခြုံသော၊ ယိုစိမ့်နေသောပိုးသတ်ဆေးဖျန်းပုံးကို အသုံးမပြုမိစေရန် အထူးသတိပြုရမည်။ နေပြင်းပြင်းပူချိန်နှင့် လေပြင်းပြင်းတိုက်ချိန်များတွင် ပိုးသတ်ဆေး မဖျန်းသင့်ပေ။ လေတိုက်ရာအောက်မှ လေကိုဆန်၍ ဆေးမဖျန်းသင့်ပေ။ ဆေးဖျန်းနေချိန်တွင် စိုက်ခင်းအနီးသို့ ကလေးငယ်များ၊ တိရစ္ဆာန်နှင့်လူပိုများမလာကြစေရန် သတိပြုရမည်။ ဆေးဖျန်းနေစဉ် ဆေးဖျန်းခေါင်း ပိတ်ဆို့သွားပါက ဆေးဖျန်းခေါင်းကို ပါးစပ်နှင့် မမှုတ်မိစေရန် အထူးသတိပြုရမည်။ ဆေးဖျန်းနေချိန်အတွင်း ခေတ္တနားပြီး ထမင်းစားခြင်း၊ အစာတစ်ခုခုစားခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ရေသောက်ခြင်းများကို လုံးဝရှောင်ကြဉ်ရန် လိုအပ်သည်။

ဆေးဖျန်းပြီးပြီဆိုပါက ဝတ်ဆင်ထားသော အင်္ကျီ၊ ဦးထုပ်၊ လက်အိတ်၊ နှာခေါင်းစွပ်၊ မျက်မှန်၊ ဖိနပ်စသည်တို့ကို ဆပ်ပြာရည်နှင့်စိမ်၍ ရေများများနှင့် ပြောင်စင်အောင် လျှော်ဖွပ်ပေးရန် လိုသည်။ လူ၏ခန္ဓကိုယ်ကိုလည်း ဆပ်ပြာနှင့်တိုက်၍ ရေများများချိုးပေးရန် လိုသည်။ ဆေးဖျန်းစဉ် ဆေးပုံးယိုဖိတ်၍ အင်္ကျီစိုရွှဲသွားပါက ချက်ချင်းချွတ်၍ ခန္ဓာကိုယ်ကို ဆပ်ပြာသုံးကာ ရေနှင့်ပြောင်စင်အောင်ဆေးကြောပြီး အင်္ကျီကိုအသစ်လဲပြီးမှသာ ဆေးကိုဆက်ဖျန်းသင့်သည်။ ဆေးစိုရွှဲသွားသောအင်္ကျီကိုလည်း ဆပ်ပြာရည်နှင့်စိမ်၍ ရေများများနှင့်လျှော်ဖွပ်ပေးရန် လိုသည်။ ဆေးဖျန်းပြီးလျှင် ဆေးဖျန်းပုံး၊ ဆေးဖျန်းပိုက်၊ ဆေးဖျန်းခေါင်းများကို ရေများများဖြင့် ဆေးကြောပစ်ရန် လိုသည်။ ဆေးသောရေများကို ကျင်းတူး၍ ကျင်းအတွင်းသို့သာ သွန်ပစ်ရပါမည်။ သုံးစွဲပြီး ကျန်နေသောပိုးသတ်ဆေးပုလင်းနှင့် ဘူးများကို သေချာစွာလုံအောင်ပိတ်၍ စနစ်တကျ သိမ်းဆည်းထားရမည်။ ကုန်သွားသော ဆေးပုလင်း၊ ဘူးခွံများကို အစားအစာများ ထည့်သုံးခြင်းမပြုမိစေရန် အထူးသတိမူရမည်ဖြစ်ပြီး အသုံးပြုပြီးသော ဆေးပုလင်းနှင့်ဘူးခွံများကို ကျင်းနက်နက်တူး၍ ကျင်းတွင်မြေမြှုပ်ပစ်ရမည် ဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် အစားအစာများပေါ်သို့ ပိုးသတ်ဆေး ပေကျံသွားခဲ့သည်ဆိုပါက ကျင်းနက်နက်တူး၍ ၎င်းအစားအစာများကို ကျင်းအတွင်းသို့ထည့်ကာ လွှစာမှုန့်၊ မြေမှုန့်၊ သဲတို့ဖြင့် ပုံ၍အပေါ်မှမြေကို ဖိသိပ်နေအောင် ပြုလုပ်ပေးရန် ဖြစ်သည်။

သို့ပါ၍ ကျေးဇူးရှင် တောင်သူလယ်သမားကြီးများ ပိုးသတ်ဆေးများကို အန္တရာယ်ကင်းရှင်းစွာ စနစ်တကျ ကိုင်တွယ်အသုံးပြုနိုင်ကြစေရန် မေတ္တာဖြင့် လက်ဆောင်ပါးလိုက်ပါသည်။ ■

ရေးပြချင်တဲ့ အတွေးစတစ်မျှင်

# မွေ့ခံထိုက်စေ



မြတ်စိုး(လှိုင်)

**သား သမီးများသည် မိဘတို့၏ မွေ့ခံထိုက်သူများဖြစ်ရန် အလွန်အရေးကြီးသည်။**

မိဘများအနေဖြင့်လည်း မိမိတတ်ကျွမ်းအောင်မြင်ထားသည့် ဘွဲ့ဒီဂရီ၊ အောင်လက်မှတ်များကို သားသမီးများအား လွှဲပြောင်းပေးရန် မဖြစ်နိုင်သော်လည်း မိမိတို့ကြိုးပမ်းထူထောင်ခဲ့သည့် စီးပွားရေးလုပ်ငန်းများကိုမူ သားသမီးများသို့ လက်ဆင့်ကမ်း လွှဲပြောင်းပေးနိုင်သည်။

ထိုအခါတွင် သားသမီးများကလည်း မွေ့ခံထိုက်သူများဖြစ်အောင် ကြိုးပမ်းရင်း မိဘတို့က ဘဝနှင့်ရင်း၍ ကြိုးပမ်းတည်ထောင်ခဲ့ရသည့် အောင်မြင်နေသောစီးပွားရေးလုပ်ငန်းများကို လက်ဆင့်ကမ်းအမွေခံကာ ပိုမိုအောင်မြင်အောင် ဆောင်ရွက်နိုင်စွမ်းရှိကြရမည်ဖြစ်သည်။

ရန်ကုန်မြို့တွင် စီးပွားရေးလုပ်ငန်းအောင်မြင်နေသော ကျွန်တော်၏ မိတ်ဆွေတစ်ဦးသည် သူငယ်စဉ်က ရွှေဘိုနယ်မှ ရန်ကုန်သို့ထွက်လာစဉ်က ငွေကျပ်တစ်ထောင်သာပါခဲ့ပြီး ၎င်းကိုအရင်းအနှီးပြုကာ ရန်ကုန်ကိုဆင်းလာခဲ့သည်ဆို၏။

ရန်ကုန်တွင် ရေဒီယိုပြင်ဆရာတစ်ဦးထံ၌ တပည့်ခံကာ ပညာသင်ယူခဲ့ရစဉ်က ဆရာနှင့်ဆရာ့မိသားစုထံ ဝတ်ကြီးဝတ်ငယ်ပြု၍ အနစ်နာခံကာ ပညာကို အပတ်တကုတ်သင်ယူရင်း ပါလာသည့် ငွေကျပ်တစ်ထောင်မပွန်းမပဲ့အောင် ခြိုးခြံချွေတာခဲ့ရသည်ဆို၏။

ထို့နောက် ဆရာက ခွဲဝေပေးသည့် လုပ်ငန်းကလေးတွေကို ကြိုးစားလုပ်ကိုင်ရင်း ရလာသည့်လုပ်အားခကို စုဆောင်းကာ ပညာစုံ၍ အရင်းနှီးအတန်အသင့်ဖူလုံချိန်တွင် ဆရာ့ကိုခွင့်ပန်ကာ ဆိုင်ခွဲ၍ ဖွင့်ခဲ့သည် ဆို၏။

ထိုအခါတွင် အိမ်ထောင်လည်းကျ၍ သမီးနှစ်ဦး၊ သား တစ်ဦးထွန်းကားပြီးချိန်တွင် ရေဒီယိုခေတ်ကုန်လာကာ ထိုမြို့ကလေးတွင် စီးပွားမဖြစ်နိုင်တော့မှန်းသိလာချိန်၌ ရှိသည့်အရင်းအနှီးကလေး အနည်းငယ်ဖြင့် ရန်ကုန်သို့ ပြန်ရောက်လာကာ အုတ်သဲကျောက်ဖြန့်ချိရေး လောကသို့ဝင်ရောက်ပြီး လုပ်ငန်းစတင်ခဲ့ရပြန်သည်။

ထိုကာလက မြို့သစ်များ တည်ထောင်ချိန်နှင့်လည်း ကြုံကြိုက်နေ၍ လုပ်ငန်းအောင်မြင်ကြီးပွားလာကာ ယခုအခါတွင် အုတ်သဲကျောက်လောက၌ အောင်မြင်နေသည့် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့ပြီဖြစ်သည်။

ကျွန်တော့်မိတ်ဆွေက သူ့သားသမီးများကို မကြာမကြာဆုံးမလေ့ရှိသည့် စကားရပ်တစ်ခုမှာ **“လူတိုင်းလူတိုင်းမှာ သုံးမကုန်တဲ့ အရင်းအနှီးတစ်ခု မွေးကတည်းက ပါလာခဲ့ကြတယ်၊ အဲဒီ အရင်းအနှီးဟာ ဘာလဲဆိုရင် ‘ရိုးသားမှု’ဆိုတဲ့ ကိုယ်ကျင့်တရားပဲ၊ အဲဒီအရင်းအနှီးကို ကံ၊ ဉာဏ်၊ ဝီရိယနဲ့ပေါင်းပြီး မိတ်ကောင်းဆွေကောင်းတွေရှာကာ ကြိုးကြိုးစားစား လုပ်ကိုင်မယ်ဆိုရင် မအောင်မြင်မကြီးပွားစရာအကြောင်း ဘာမှမရှိဘူး၊ ဘွဲ့ရပညာတတ်ဖြစ်ရင်တော့ ပိုကောင်းတာပေါ့”**

သူသည် ဘွဲ့ရပညာတတ်မဟုတ်သော်လည်း သူ့ခံယူချက်အတိုင်း ယုံယုံကြည်ကြည်လိုက်နာဆောင်ရွက်သူဖြစ်၍ အောင်မြင်မှုရခဲ့ခြင်းဖြစ်သည်။ သမီးနှစ်ဦးနှင့် သားတစ်ဦးကို ဘွဲ့ရပညာတတ်တွေဖြစ်အောင် ကြိုးပမ်းခဲ့သော်လည်း အိမ်ထောင်သည်သမီးကြီးတစ်ဦးသာ ဘွဲ့ရခဲ့ပြီး ယခုအခါ မိဘဖြစ်သူ၏ အောင်မြင်နေသော လုပ်ငန်းများကို ထိုသမီးနှင့်သမက်တို့က ဦးဆောင်ကာ ဆက်လက်အကောင်အထည် ဖော်လျက်ရှိသည်။

လွန်ခဲ့သည့်ရက်ပိုင်းက ၎င်း၏ လုပ်ငန်းခွင်သို့ အမှတ်မထင်ရောက်သွားသောအခါ သမီးကြီး၏ခင်ပွန်း ဘွဲ့ရပညာတတ်သမက်ဖြစ်သူက လုပ်ငန်းခွင်တွင် ကျောက်စရစ်အတင်အချ ယန္တရားကြီးများအား ကိုယ်တိုင်မောင်းနှင်ကာ ဦးဆောင်နေသည်ကို အားရဖွယ် တွေ့ခဲ့ရသည်။

နယ်တွင်ရှိနေသည့် အိမ်ထောင်သည်များဖြစ်ကြသော သမီးအလတ်နှင့် သားငယ်မိသားစုအကြောင်းတွေကို မေးမြန်းကြည့်လိုက်သောအခါ “သူတို့နှစ်ယောက်ကတော့ ကျွန်တော်ထောက်ပံ့ပေမယ့် ဘာလုပ်ငန်းမှ မအောင်မြင်ဘဲ လုံးလည်ချာလည်ဖြစ်နေကြတာပေါ့ဗျာ၊ သမက်နဲ့ ချွေးမကလည်း ခပ်ချာချာတွေပဲ၊ ကျွန်တော်ကလည်း အသက်ရလာပြီဆိုတော့ မြေးကလေးတွေရဲ့ နောင်ရေးကိုတော့ စိတ်ပူမိတယ်၊ ဒါပေမယ့် ဘာတတ်နိုင်မှာလဲ၊ သတ္တဝါတစ်ခု ကံတစ်ခုပဲမဟုတ်လား”ဟူသော စိတ်ပျက်အားလျော့စကားသံကိုသာ သူ့ထံမှကြားသိလိုက်ရသဖြင့် မွေ့ခံထိုက်တဲ့သားသမီးဖြစ်ဖို့ မလွယ်ပါလားဟုတွေးကာ စိတ်မကောင်းဖြစ်မိပါသည်။ ■

## ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးအရောင်းဆိုင်များကို မြိုင်နှင့်ပေါက်မြို့နယ်တွင် ကွင်းဆင်း စစ်ဆေး

အောင်နိုင် (ပခုက္ကူ) 

**မကွေး တိုင်းဒေသကြီး ပခုက္ကူခရိုင် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့မှ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ၊ ခရိုင်မြေအသုံးချတာဝန်ခံတို့ပါဝင်သောအဖွဲ့သည် မြိုင်မြို့နယ်အတွင်းရှိ ဓာတ်မြေဩဇာနှင့်ပိုးသတ်ဆေးအရောင်းဆိုင်ခြောက်ဆိုင်သို့ ၂၀၁၉ ခုနှစ် ဧပြီလအတွင်းက သွားရောက်စစ်ဆေးကြသည်။**

ထိုသို့စစ်ဆေးရာ၌ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများသိုလှောင်ဖြန့်ဖြူးရောင်းချရာတွင် ဥပဒေညွှန်ကြားချက်များအတိုင်း လိုက်နာမှုရှိ/မရှိ မြေဩဇာအတုများ သက်တမ်းလွန်ပိုးသတ်ဆေးများ ရောင်းချမှုရှိ/မရှိ စစ်ဆေးကြရာ သက်တမ်းလွန်ပိုးသတ်ဆေးများတွေ့ရှိရသဖြင့် ဆက်လက်ရောင်းချခြင်းမပြုရန် တားမြစ်ခဲ့ပြီး လိုင်စင်မဲ့ဓာတ်မြေဩဇာအရောင်းဆိုင်များကိုလည်း လိုင်စင်အမြန်ဆုံးပြုလုပ်ကြရန် ဆွေးနွေးပြောကြားကြသည်။

အလားတူပင် အဆိုပါအဖွဲ့သည် ပေါက်မြို့နယ်အတွင်းရှိ ဓာတ်မြေဩဇာနှင့်ပိုးသတ်ဆေးအရောင်းဆိုင်ရှစ်ဆိုင်ကိုလည်း သွားရောက်စစ်ဆေးကြသည်။■







## သမဝါယမသင်တန်းကျောင်း (မကွေး) စာရင်းရေး၊ စာရင်းကိုင်နှင့်ကွန်ပျူတာ သင်တန်း အမှတ်စဉ် (၂/ ၂၀၁၈- ၂၀၁၉) ဖွင့်လှစ်

မကွေး မေ ၂

**၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း သမဝါယမသင်တန်းကျောင်းများမှ အမျိုးသားရေးစိတ်ဓာတ်နှင့် လူမှုရေးစိတ်ဓာတ် အခြေခံပြည့်ဝသော အသက်မွေးဝမ်းကျောင်းပညာကျွမ်းကျင်သူများ မွေးထုတ်ပေးရန်နှင့် စာရင်းရေး၊ စာရင်းကိုင်ပညာ၊ အခြေခံကွန်ပျူတာနှင့် စာရင်းကိုင်ကွန်ပျူတာပညာရပ်များကို လူငယ်၊ လူရွယ်များအား သမဝါယမကဏ္ဍမှ သင်ကြားပို့ချပေးခြင်းဖြင့် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန် ရည်ရွယ်၍ သမဝါယမသင်တန်းကျောင်း (မကွေး)တွင် ၂.၅.၂၀၁၉ ရက်မှ ၂၀.၈.၂၀၁၉ ရက်အထိ ဖွင့်လှစ်မည့် စာရင်းရေး၊ စာရင်းကိုင်နှင့် စာရင်းကိုင်ကွန်ပျူတာသင်တန်းအမှတ်စဉ် (၂/ ၂၀၁၈–၂၀၁၉) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက သမဝါယမသင်တန်းကျောင်း (မကွေး)ခန်းမတွင်ကျင်းပရာ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက တက်ရောက်အမှာစကား ပြောကြားသည်။**

ဖွင့်ပွဲအခမ်းအနားတွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ သမဝါယမဦးစီးဌာနအဆင့်ဆင့်နှင့် သမဝါယမအသင်း အဆင့်ဆင့်မှ ဧည့်သည်တော်များ၊ သင်တန်းကျောင်းမှဆရာ၊ ဆရာမများ တက်ရောက်ကြပြီး မကွေးတိုင်းဒေသကြီး ၂၅ မြို့နယ်မှ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသော သင်တန်းသား ၇၆ ဦး တက်ရောက်ကြသည်။

၎င်းသင်တန်းတွင် Book-Keeping & Accountancy, Advanced Accountancy, Microsoft Word, Microsoft Excel, Computerized Accounting (MYOB), CO-operative Accountancy ဘာသာရပ်များအတွက် သမဝါယမသင်တန်းကျောင်း (မကွေး) မှ ကျောင်းအုပ်၊ နည်းပြအရာရှိနှင့် အကြီးတန်းနည်းပြများက စာတွေ့လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သမဝါယမ**

စိုက်ပျိုးရေးပြဿနာ အလျင်အမြန် အဖြေရှာကာကွယ်သွားနိုင်ရန်နှင့် ခေတ်မီတိုးတက်သော နည်းပညာသစ်များ အသုံးပြုဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေးဆိုင်ရာ Call Center သို့ ဆက်သွယ်ပါ။
Facebook, Messenger, Viber-09764000841, Website - www.doa.gov.mm

# ရိတ်သိမ်းချိန်လွန်သီးနှံများ ပိုးမွှားရောဂါကာကွယ်ရေး

အောင်ဆန်း (စိုက်ပျိုးရေး)

**လူသားတို့၏စားနပ်ရိက္ခာအတွက် နှံစားသီးနှံ (စပါး၊ ဂျုံ၊ ပြောင်း)၊ ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ) ပဲမျိုးစုံ (မတ်ပဲ၊ ပဲတီစိမ်း၊ ကုလားပဲ၊ ပဲပုပ်၊ ပဲရာဇာ၊ စားတော်ပဲ၊ ပဲနီလေး)၊ ဟင်းသီးဟင်းရွက်များနှင့် သစ်သီးဝလံများကို စိုက်ပျိုးထုတ်လုပ်ကြရသည်။**

ဤသို့ ထုတ်လုပ်လိုက်သောသီးနှံများသည် ရိတ်သိမ်းပြီးနောက် ပိုးမွှားရောဂါဖျက်ဆီးမှုကြောင့် ပျက်စီးဆုံးရှုံးရမှုသည် တဖြည်းဖြည်းကြီးထွားလာသည်။ ဤသို့ဆုံးရှုံးရမှုသည် အကြောင်းရင်းနှစ်ရပ်ကြောင့်ဖြစ်သည်။ (၁) မရိတ်သိမ်းမီ စိုက်ခင်းဘဝကတည်းကပင် ပိုးမွှားရောဂါပူးတွဲပါလာခြင်း၊ (၂) ရိတ်သိမ်းစဉ်၊ ကိုင်တွယ်၊ ထုပ်ပိုး၊ သိုလှောင်မှုစနစ်မကျခြင်းကြောင့် ရိတ်သိမ်းပြီးနောက်ပိုင်းအခြေတည်လာသည်ကို တွေ့ရှိရခြင်း။

သီးနှံများစိုက်ပျိုးရန် စတင်ထွန်ယက်၊ မြေပြင်စိုက်ပျိုးပြုစုစောင့်ရှောက်ထိန်းသိမ်းခဲ့ရပြီး ငွေကြေးရင်းနှီးမြှုပ်နှံမှုများစွာကုန်ကျခဲ့ကြရသည်။ သို့သော် သီးနှံအဖြစ်ပေါ်လာပြီးနောက်ပိုင်း လူတို့၏ လျစ်လျူရှုဂရုမစိုက်မှုကြောင့် သီးနှံများဆုံးရှုံးပျက်စီးရခြင်းမှာ ပါးစပ်နားရောက်ခါနီးမှ ပုတ်ချခံရဘိအလား အလွန်ပင်နှမြောစရာကောင်းလှသည်။



ဤသို့ဆုံးရှုံးရသည့်သီးနှံများထဲတွင် ဟင်းသီးဟင်းရွက်သစ်သီးဝလံတို့၏ဆုံးရှုံးမှုမှာ အခြားသီးနှံများအားလုံးထက် အဆပေါင်းများစွာပိုမိုသည်။ ကမ္ဘာတစ်ဝန်းတွင် ဖွံ့ဖြိုးပြီးနိုင်ငံများ၌ ရိတ်သိမ်းပြီးသီးနှံများ စားသုံးသူ၏လက်ဝယ်ရောက်သည်အထိ ၁၂ ရာခိုင်နှုန်းဆုံးရှုံးလျက်ရှိသည်ဟု ဆိုပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်မူ ရိတ်သိမ်းပြီးသီးနှံများ၏ဆုံးရှုံးမှုသည် ၂၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ရှိနေသည်ဟု ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့က ထောက်ပြထားသည်။ လုံးဝဂရုမမူဘဲလျစ်လျူရှုခဲ့မည်ဆိုလျှင် ၁၀၀ ရာခိုင်နှုန်းအထိပင် ဆုံးရှုံးမှုရှိခဲ့သည့်သာဓကများစွာ ရှိခဲ့ဖူးသည်။

ရိတ်သိမ်းချိန်လွန်သီးနှံများကို ပိုးမွှားရောဂါဖျက်ဆီးမှုကြောင့် ဆုံးရှုံးရမှုအလွယ်တကူဖြစ်ပွားနိုင်သည်။ ပတ်ဝန်းကျင်မသန့်ရှင်းမှု၊ အပူချိန်နှင့်စိုထိုင်းဆပယောဂများသည် အခြေအနေပေးလျှင် ပေးသလိုအလွယ်တကူဖြစ်ပေါ်စေပြီး အလျင်အမြန်ပွားများဖျက်ဆီးနိုင်သည်။ ယင်းကဲ့သို့ဖြစ်စဉ်တွင် ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံများက ပို၍ပျက်စီးလွယ်သည်။ ကမ္ဘာတစ်ဝန်းတွင် ရိတ်သိမ်းချိန်လွန်ပြီးချိန်မှ စားသုံးသူများ၏လက်ဝယ်သို့ရောက်ချိန်အထိ လတ်ဆတ်သော ဟင်းသီးဟင်းရွက် သစ်သီးဝလံများ၏ ဆုံးရှုံးမှုသည် ၂၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ ရှိသည်ဟု ဆိုပါသည်။

ဤမျှဆုံးရှုံးနေသဖြင့် ရိတ်သိမ်းချိန်လွန်ပြီး သီးနှံများတွင် ပိုးမွှားရောဂါကြောင့် ပျက်စီးဆုံးရှုံးမှုပမာဏများပြားနေခြင်းကို ကာကွယ်တားဆီးရေးအတွက် စီမံကြရမည်ဖြစ်သည်။ ဤသို့စီမံနိုင်သည်နှင့်အမျှ ကမ္ဘာ့စားနပ်ရိက္ခာများ ပိုမိုလာမည့်အပြင် ရိက္ခာဖူလုံရေးကိုလည်း အထောက်အကူဖြစ်စေမည်ဖြစ်သည်။

ရိတ်သိမ်းချိန်လွန်ပြီးသီးနှံများ ပျက်စီးဆုံးရှုံးရခြင်းအကြောင်းရင်းများတွင် (က) ပိုးမွှားရောဂါ၊ မှို၊ ဗိုင်းရပ်စ်ကျရောက်ခြင်း (ခ) ပေါင်းမြက်များကြောင့် ပျက်စီးခြင်း၊ (ဂ) အခြားတိရစ္ဆာန်များကြောင့် ပျက်စီးခြင်း၊ (ဃ) ပတ်ဝန်းကျင်ရာသီဥတုကြောင့် ပျက်စီးခြင်းများကို တွေ့ရမည်ဖြစ်သည်။

စွတ်စိုထိုင်းမှိုင်းသောရာသီဥတုနှင့် အပူပိုင်းဒေသနိုင်ငံများတွင် စားနပ်ရိက္ခာများ ပုပ်သိုးပျက်စီးခြင်း၊ ပိုးမွှားရောဂါကြောင့် ပျက်စီးခြင်း၊ ငှက်၊ တိရစ္ဆာန်များ ဖျက်ဆီးမှုကြောင့် ပျက်စီးခြင်းများကိုလည်း ကြုံတွေ့ကြရသည်။ အချို့မှာ သိုလှောင်ချိန်တွင် ပုပ်ရိပျက်စီးခြင်း၊ သိုလှောင်သီးနှံဖျက်သည့်ပိုးမွှားရောဂါများ ဝင်ရောက်စွဲကပ်ခံရမှုကြောင့် ပျက်စီးခြင်းများလည်း ခံစားနေကြရသည်။

ရိတ်သိမ်းချိန်လွန်ပြီးနောက် စားနပ်ရိက္ခာများ ပျက်စီးဆုံးရှုံးခံရမှုကို လေ့လာသုံးသပ်ကြည့်လျှင် အလေးချိန်လျော့ကျခြင်း၊ အရည်အသွေးပိုင်းဆိုင်ရာတွင် ရှုံ့တွသွားခြင်း၊ နွမ်းခြောက်သွားခြင်း၊ ပုပ်ရိသွားခြင်း၊ အက်ကွဲပျက်စီးသွားခြင်း၊ ကိုင်တွယ်မှုစနစ်မမှန်ခြင်းကြောင့် ပိုးမွှားရောဂါဝင်ရောက်စွဲကပ်ပျက်စီးခြင်း၊ ပြုပြင်ရောင်းချရာတွင် အလွန်ပါးလွှာစွာ လှီးဖြတ်ခြင်းကြောင့် ကြေမွပျက်စီးကုန်ခြင်း၊ ပတ်ဝန်းကျင်အခြေအနေနှင့် သယ်ယူပို့ဆောင်ဖြန့်ဖြူးသည့်စနစ်မမှန်ကန်မှုကြောင့် ထိခိုက်ဒဏ်ရာရ၍ ပျက်စီးခြင်းများကိုလည်း ကြုံတွေ့ကြရသည်။

ဤသို့ပျက်စီးဆုံးရှုံးခြင်းများမဖြစ်ပေါ်စေရန် စနစ်တကျ ဂရုတစိုက်ဆောင်ရွက်ခြင်းဖြင့် ကုစားနိုင်ပါသည်။

ရိတ်သိမ်းချိန်လွန်ပြီးချိန် သိုလှောင်ထားသော စားနပ်ရိက္ခာများတွင် ရေဓာတ်၊ အစိုဓာတ် ၀ ဒသမ ၉ ရာခိုင်နှုန်းပါဝင်နေလျှင် ဘက်တီးရီးယားပိုးမွှားများပေါက်ပွားမှုကို ကောင်းစေသည်။ ရေဓာတ်၊ အစိုဓာတ် ၀ ဒသမ ၈၈ ရာခိုင်နှုန်း ပါဝင်နေလျှင် တဆေး (Yeast) များ ပေါက်ပွားနိုင်သည်။ ၎င်းပြင် အစိုဓာတ်၊ ရေဓာတ်တွင် သာမန်မှိုများပေါက်ပွားနိုင်မှုကို အားပေးစေသည်။ ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံများတွင် ရေဓာတ်နှင့် အစိုဓာတ် ၈၀ မှ ၉၀ ရာခိုင်နှုန်းအထိ ပါဝင်နေပါက ပိုးမွှားရောဂါ၊ မှိုများ၏ ပေါက်ပွားမှုနှုန်းမှာ ပိုမိုအားကောင်းကာ လျင်မြန်သဖြင့် ကာကွယ်တားဆီးနိုင်ရန်အတွက် အထူးသတိပြုကြိုတင်စီမံထားရန် လိုအပ်သည်။

အပူပိုင်းဒေသများတွင် အပူချိန်များပြီး စိုထိုင်းဆများလေ့ရှိခြင်းကြောင့် အဏုဇီဝပိုးများရှင်သန်ကြီးထွားမှုကို ပိုမိုအခွင့်အလမ်းသာစေပြီး ဆိုးရွားစွာပျက်စီးဆုံးရှုံးမှုကြုံတွေ့ကြရသည်။ အဏုဇီဝပိုးများ၏ ဖျက်ဆီးခံရမှုကြောင့် သီးနှံများပျက်စီးဆုံးရှုံးမှုမှာ ၁၀ မှ ၃၀ ရာခိုင်နှုန်းအထိ ရှိသည်ဟု ဆိုသည်။ ဟင်းသီးဟင်းရွက်သစ်သီးဝလံများကို ပိုးမွှားရောဂါကျရောက်လျှင် အရည်အသွေးပါ ကျဆင်းသွားစေသည်။ တချို့သော မှိုများက မိုက်ကိုတော့ပ်ဆင်အဆိပ်ကို ထုတ်ပေးသဖြင့် သီးနှံများကို အဆိပ်သင့်စေသည်။ အချို့မှာမူ အီသလင်းဓာတ်ကိုထုတ်ပေးခြင်းကြောင့် အချိန်မတိုင်မီ သီးနှံများမှည့်ခြင်း၊ မရင့်မှည့်သေးသောသီးနှံများ ရောနှောထားလျှင် မမှည့်သေးသောအသီးများကိုလိုက်၍ မှည့်စေသဖြင့် ရင့်မှည့်မှုအရည်အသွေးမတူညီသောသီးနှံများ ရောနှောနေပြီး အရည်အသွေးကိုပါ လျော့ကျသွားစေသည်။

ရိတ်သိမ်းချိန်လွန်ပြီးသီးနှံများ၌ ရောဂါကျရောက်နိုင်မှုမှာ အခြေအနေသုံးရပ်ပေါ်တွင် မူတည်နေသည်။ (၁) **ရောဂါဖြစ်စေသောသက်ရှိ**၊ (၂) **ရောဂါလက်ခံမည့်သီးနှံ**၊ (၃) **ပတ်ဝန်းကျင်အခြေအနေ**တို့ ဖြစ်ပါသည်။

ဟင်းသီးဟင်းရွက်သစ်သီးဝလံများသည် မှိုရောဂါအများဆုံးကျရောက်နိုင်သည်။ ရောဂါ၏မှိုစပိုးများသည် လေဖြင့်ကူးစက်ပြန့်ပွားနိုင်သည်။ ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံများတွင် အစိုဓာတ်ပါဝင်မှုများခြင်းနှင့်အာဟာရဓာတ်ပါဝင်မှုများခြင်းတို့သည် ပိုးမွှားရောဂါသက်ရှိများကို ဆွဲဆောင်မှုအားကောင်းစေသည်။ သီးနှံများရင့်မှည့်လေလေ ထိခိုက်ဒဏ်ရာရမှုနှင့် ရောဂါ၊ အဏုဇီဝပိုးများကျရောက်မှုတို့ကို ခံနိုင်ရည်နည်းလေလေဖြစ်သည်။ သိုလှောင်စဉ်တွင် ပုပ်ခြင်း၊ ပျော့ခြင်း၊ ရေစိုနာဖြစ်ခြင်းသည် အတူရောထည့်ထားသော အခြားသီးနှံများကိုပါ ကူးစက်ပျံ့နှံ့စေသည်။ သီးနှံများပျော့၍ပုပ်သွားခြင်းသည် မှိုရောဂါကြောင့်ဖြစ်ပြီး အညိုရောင်ပုပ်ခြင်း၊ ခြောက်ပုပ်ခြင်း၊ မာပြီးခြောက်သွားခြင်းစသော လက္ခဏာများကို တွေ့မြင်နိုင်သည်။

ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံများ ရိတ်သိမ်းချိန်လွန်ပြီး ကျရောက်နိုင်သောရောဂါများမှာ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီတွင် ရိုးမဲ၊ ဒေါင်းနီးရောဂါ၊ ငရုတ်တွင် ဘက်တီးရီးယားပင်ညှိုး၊ မဲ့ပြောက်စွန်း၊ လောင်ဖြူရောဂါ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူတွင် ဥပုပ်၊ အပျော့ပုပ်၊ ဒေါင်းနီးရွက်ခြောက်ရောဂါ၊ အာလူးတွင် ဖားဥမှို၊ အကြေးဖတ်၊ ပျော့ပုပ်ရောဂါ၊ ခရမ်းချဉ်တွင် ပျော့ပုပ်၊ ဖြူဆေးရီးယပ်ရောဂါ၊ ဆလတ်ရွက်တွင် ဘက်တီးရီးယားပျော့ပုပ်၊ အရောင်ဖြူရောဂါ၊ နံနံတွင် ဘက်တီးရီးယားနှင့် မှိုရောဂါပျော့ပုပ်တို့ဖြစ်သည်။ ဥစားသီးနှံများတွင် ဗိုင်းရပ်ရောဂါကျရောက်မှုမရှိသည်ကို တွေ့ရသည်။

သရက်တွင် မဲ့ပြောက်စွန်း၊ သီးညှာရင်းပုပ်၊ ငှက်ပျောတွင် မှည့်ပြောက်စွန်း၊ အသီးထိပ်ပုပ်၊ လက်ရင်းပုပ်ရောဂါ၊ သဘော်တွင် သီးညှာရင်းပုပ်၊ မဲ့ပြောက်စွန်း၊ အော်လ်တာနေရီးယားရောဂါ၊ ထောပတ်သီးတွင် မဲ့ပြောက်စွန်း၊ သီးညှာရင်းပုပ်ရောဂါ၊ လိမ္မော်တွင် ချေးဖတ်၊ အနာချိုင့်၊ ကျပ်ခိုးမှိုရောဂါ၊ ကျွဲကောသီးတွင် မဲ့ပြောက်စွန်း၊ အသီးစိမ်းရောဂါနှင့် မှိုရောဂါ၊ စပျစ်တွင် ငှက်မျက်စိ၊ ဒေါင်းနီး၊ ဖားဥမှို၊ ဘက်တီးရီးယားရောဂါ၊ ဖရဲတွင် ဖားဥမှို၊ မဲ့ပြောက်စွန်း၊ ဒေါင်းနီးရောဂါ၊ သခွားမွှေးတွင် မဲ့ပြောက်စွန်း၊ ခွံပုပ်ရိရောဂါတို့ ဖြစ်သည်။

ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ ရိတ်သိမ်းချိန်လွန်တွင် ကျရောက်ဖျက်ဆီးလေ့ရှိသော ပိုးမွှားများမှာ သရက်သီးတွင် ပင်စည်ထိုးယင်၊ သီးထိုးယင်နှင့်ဖြုတ်၊ လိမ္မော်သီးတွင် ခရုပတ်ပိုး၊ ပိုးစေးနဲ၊ ပျ၊ ကျွဲကောတွင် မွှားပင့်ကူနီ၊ ခရု၊ ငှက်ချေးပိုး၊ စပျစ်တွင် မွှားပင့်ကူနီ၊ လေ့ပိုး၊ ပျ၊ ဖရဲသီးတွင် သီးထိုးယင်၊ ကျိုင်း၊ ပျ၊ လေ့ပိုး၊ သခွားမွှေးတွင် ကျိုင်း၊ လေ့၊ ပျ၊ ဂေါ်ဖီထုပ်ပန်းဂေါ်ဖီတွင် ငမြှောင်တောင်၊ ထွာကောင်စိမ်း၊ ပျ၊ စိန်ကွက်ဖလံ၊ ငရုတ်သီးတွင် သီးလုံးဖောက်ပိုး၊ လေ့ပိုး၊ ယင်ဖြူ၊ ကြက်သွန်ဖြူနီတွင် ငမြှောင်တောင်၊ လေ့ပိုး၊ ပျ၊ အာလူးတွင် လိပ်ခုံးကျိုင်း၊ ပျ၊ မြေခွေးပုရစ်၊ ခရမ်းချဉ်သီးတွင် သီးလုံး ဖောက်ပိုး၊ မွှားပင့်ကူ၊ ယင်ဖြူ၊ အသီးအညွန့်ထိုးပိုး၊ ထွာကောင်စိမ်းတို့ ဖြစ်သည်။ ဟင်းသီးဟင်းရွက်များသည် ရိတ်သိမ်းပြီးချိန်တွင် အစိုဓာတ် ၈၀ မှ ၉၀

ရိတ်သိမ်းချိန်လွန်သီးနှံများ၏ ပိုးမွှားရောဂါဖျက်ဆီးမှုကြောင့် ပျက်စီးဆုံးရှုံးခြင်းကို တားဆီးကာကွယ်ရန် အပူပေးခြင်းဖြင့် ကုစားနိုင်ပါသည်။ သရက်သီး၊ သင်္ဘောသီး၊ သခွားမွှေးသီး၊ ကျွဲကောသီး၊ မာလကာသီးတို့ကို အပူချိန် ၅၀ ဒီဂရီစင်တီဂရိတ်မှ ၅၅ ဒီဂရီစင်တီဂရိတ်ရှိ ရေနွေးတွင် နှစ်ရက်ကြာစိမ်ပေးခြင်း၊ ရေနွေးဖြင့် ပွတ်ဆေးခြင်းဖြင့် အသီးမျက်နှာပြင်တွင် ကပ်နေသော ရောဂါပိုးမွှားများ သုတ်သင်ကာကွယ်ပြီး ဖြစ်ပါသည်။

စာ - ၇ သို့

# ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်းမှ ဥရောပသမဂ္ဂရုံးအဖွဲ့နှင့် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ ရေဆင်း စိုက်ပျိုးရေးသုတေသနလုပ်ငန်းများ လေ့လာ

ရေဆင်း မေ ၈

**ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်း (Multi - sectural National Plan of Action on Nutrition - MS-NAPAN) အား အကောင်အထည်ဖော်ဆောင်ရွက်မည့် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂရုံးအဖွဲ့ (EU) မှ တာဝန်ရှိသူများနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR - ရေဆင်း) သို့ ယနေ့နံနက် ၈ နာရီက လာရောက်လေ့လာကြရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းနှင့် တာဝန်ရှိသူများက ခရီးဦးကြိုဆိုကာ ရှင်းလင်းပြသကြသည်။**




လေ့လာရေးအဖွဲ့သည် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်သုတေသနဌာနခွဲ ကွင်းအမှတ် (၁)တွင် Net House ထဲ၌ စိုက်ပျိုးထားသော အာဟာရဖျော်ရည်ဖြင့် မြေလွှာမဲ့စိုက်ပျိုးနည်း (Hydroponic) ဟင်းသီးဟင်းရွက်သုတေသနစိုက်ခင်း၊ ပိုးမွှားသုတေသနဌာနခွဲတွင် အစားအစာဘေးအန္တရာယ်လုံခြုံစိတ်ချမှုအတွက် ပိုးသတ်ဆေးဓာတ်ကြွင်း အာနိသင်ရှိ/မရှိ အသေးစိတ်သိရှိနိုင်ရန် GC-MS စက်နှင့်စမ်းသပ်မှုများ၊ ရိတ်သိမ်းချိန်လွန်သုတေသနဌာနခွဲရှိ မျိုးစေ့သန့်စင်စက်၊ အအေးခန်းသိုလှောင်ရုံ၊ မျိုးစေ့အရည်အသွေးဓာတ်ခွဲခန်း၊ အခြောက်ခံစက်များ၊ စပါးဇီဝဥယျာဉ်ဌာနခွဲတွင် တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် သုတေသနပြုထားသည့် အာဟာရပြည့်ဝသော နွားစာတုံးပြုလုပ်မှု၊ ကောက်ရိုးစက္ကူဖြင့် လက်မှုအနုပညာဖန်တီးထားသည့် အသုံးအဆောင်များ၊ ဖွဲပြာအခြေပြု ဇီဝမြေသြဇာထုတ်လုပ်မှုသုတေသန၊ ကုန်ကျစရိတ်သက်သာပြီး စွမ်းအင်သုံးစွဲမှု ချွေတာနိုင်သည့်စပါးခွံဖွဲပြာသုံး အအေးခန်းကန်အတွင်း ဟင်းသီးဟင်းရွက်များ သိုလှောင်သိမ်းဆည်းထားမှုသုတေသနများ၊ မှိုမျိုးထုတ်လုပ်မှုနှင့်စိုက်ပျိုးခြင်းသုတေသန၊ ဆန်အခြေခံ ဒေသထွက် အစားအစာကို အာဟာရမြှင့်တင်ခြင်းလုပ်ငန်း၊ ဖွဲနုကိုတာရှည်ခံအောင် ပြုလုပ်ပြီး အစားအစာပြင်ဆင်ရာတွင် အာဟာရတန်ဖိုးမြှင့်တင်လုပ်ငန်း၊ ဖွဲနုအချိုးအစားမျိုးမျိုးကိုအသုံးပြု၍ ဆန်ကိုအခြေခံသည့် ကွတ်ကီးများအာဟာရတန်ဖိုးကိုတိုင်းတာခြင်းနှင့်ဆန်မှအာဟာရပြည့်ဝသည့် အစားအစာများသုတေသနပြုစမ်းသပ်ဓာတ်ခွဲမှုအပိုင်းများကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

## စာ – ၆ ရိတ်သိမ်းချိန်လွန် မှ

ရာခိုင်နှုန်းခန့်ပါလာတတ်ပြီး လတ်ဆတ်နေသဖြင့် ပိုးမွှားကျရောက်ဖျက်ဆီးနိုင်မှု အခွင့်အလမ်းများသည်။ ပိုးမွှားကြောင့် ပျက်စီးဆုံးရှုံးမှုမှာ ၂၅ မှ ၃၀ ရာခိုင်နှုန်းခန့်အထိရှိသည်ဟု ဆိုသည်။

သီးနှံများရိတ်သိမ်းချိန်လွန်ကျရောက်ဖျက်ဆီးသော ပိုးမွှားရောဂါများကို ကာကွယ်နှိမ်နင်းရန်မှာ မရိတ်သိမ်းမီ စိုက်ခင်းဘဝကတည်းက ဓာတ်မြေသြဇာစနစ်တကျကျွေးခြင်း၊ စနစ်တကျရေပေးသွင်းခြင်း၊ ပိုးမွှားရောဂါကို စနစ်တကျကာကွယ်နှိမ်နင်းခြင်း၊ အပင်ကိုကောင်းစွာ ဖွံ့ဖြိုးကြီးထွားအောင် ပြုစုစောင့်ရှောက်ထိန်းသိမ်းခြင်းများကို **"အစကောင်း အနှောင်းသေချာ"** ဆိုစကားနှင့်အညီ ဆောင်ရွက်ရန် အလွန်အရေးကြီးသည်။

သီးနှံများရိတ်သိမ်းဆွတ်ခူးချိန်တွင်လည်း ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ ထိခိုက်ဒဏ်ရာရခြင်း၊ ပွန်းပဲ့ခြင်း၊ အက်ကွဲခြင်း၊ စုတ်ပြဲခြင်း၊ ကျိုးပဲ့ခြင်းများမဖြစ်ပေါ်စေရန် အထူးသတိပြု၍ နူးညံ့သိမ်မွေ့စွာ ရိတ်သိမ်း၊ ဆွတ်ခူး၊ ကိုင်တွယ်ရန် လိုအပ်သည်။ ရိတ်သိမ်းပြီးနောက်လည်း သယ်ယူခြင်း၊ သန့်စင်ခြင်း၊ ဆေးစီရင်ခြင်း၊ ထုပ်ပိုးခြင်းလုပ်ငန်းအဆင့်ဆင့်တို့တွင် ဒဏ်ရာမရစေရန် အထူးသတိပြုဆောင်ရွက်ကြရမည်ဖြစ်သည်။ ရိတ်သိမ်းဆွတ်ခူးပြီးနောက် သီးနှံအလိုက် လိုအပ်သော ပိုးသတ်ဆေး၊ ရောဂါသတ်ဆေးများကို ကြိုတင်ဆေးစီရင်ခြင်း၊ ပက်ဖျန်းခြင်းများပြုလုပ်ပေးရန် လိုအပ်သည်။ ဤသို့ကြိုတင်စီမံဆောင်ရွက်ခြင်းဖြင့် ဘက်တီးရီးယားပိုးကြောင့် ဖြစ်ပေါ်တတ်သော ပုပ်ဆွေးခြင်း၊ ရှိခြင်းတို့ကိုကာကွယ်နိုင်ပြီး သီးနှံ၏သိုလှောင်သက်တမ်းကိုပါ ဆွဲဆန့်နိုင်စေပါသည်။

အချို့နိုင်ငံများတွင် သရက်သီးဆွတ်ခူးပြီးနောက် ဖယောင်းလွှာပါးပါးအုပ်ခြင်းကို ဆောင်ရွက်ကြသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် အသီးအတွင်း လေဝင်လေထွက်မှု၊ အိုသလင်းဓာတ်အထွက်နှုန်းနှင့် ဓာတ်ငွေ့အပြန်အလှန်ဖလှယ်မှုတို့ကို ထိန်းချုပ်ပေးနိုင်ပြီး အသီးများလတ်ဆတ်စေရန်နှင့် အာဟာရတန်ဖိုးမပျက်စီးစေရန် ကာကွယ်ပေးနိုင်သည်။ မှိုသတ်ဆေး၊ ပိုးမွှားသတ်ဆေးများကို အနည်းဆုံး ၇ ရက်မှ ၁၀ ရက်အထိ ကြိုတင်သုံးစွဲရန် သတိပြုသင့်သည်။ ဒေသသုံးပစ္စည်းများအနေဖြင့် ပီလောပီနံရွက်၊ တမာရွက်ခြောက်၊ တမာစေ့များကို အာလူး၊ ပီလောပီနံဥ၊ ကန်စွန်းဥနှင့်အခြားဥစားသီးနှံများ သိုလှောင်ရာတွင် အသုံးပြုသင့်သည်။

ရိတ်သိမ်းချိန်လွန်သီးနှံများ အရည်အသွေးမပျက် တာရှည်ထိန်းသိမ်းထားနိုင်ရန်မှာ ပတ်ဝန်းကျင်အပူချိန်နှင့်စိုထိုင်းဆသည် အလွန်အရေးပါသည်။ ပတ်ဝန်းကျင်ရှိ အပူချိန်နှင့် စိုထိုင်းဆကို လိုသလိုထိန်းချုပ်ထားနိုင်ပါက ရိတ်သိမ်းချိန်လွန် ဖြစ်ပွားတတ်သော ရောဂါများကို ကာကွယ်ပေးနိုင်သည်။ အအေးဓာတ်များပါက အအေးဒဏ်ရာရခြင်းနှင့် ပုပ်ခြင်းများ ဖြစ်စေသည်။ အပူချိန်နည်းခြင်း၊ အောက်စီဂျင်နည်းခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်မြင့်ခြင်းနှင့် သင့်လျော်မှန်ကန်သော စိုထိုင်းဆရှိခြင်းတို့သည် ရိတ်သိမ်းချိန်လွန်သီးနှံများပုပ်သိုးပျက်စီးစေမှုကို လျော့ကျစေနိုင်သည်။ ရင့်မှည့်မှုနှင့် ညှိုးနွမ်းခြောက်သွေ့၍ သေဆုံးမှုနှုန်းကို နှေးကွေးစေသည်။ ရောဂါပိုးမွှားများ၏ ကြီးထွားမှုနှုန်းကိုလည်း လျော့ကျစေသည်။

ပတ်ဝန်းကျင်စိုထိုင်းဆသည် ရိတ်သိမ်းချိန်လွန်သီးနှံများ၏ ရေဓာတ်ဆုံးရှုံးမှု၊ ပုပ်ရိပျက်စီးမှု၊ အချို့ဇီဝကမ္မဖြစ်စဉ်များ ပုံမှန်မဖြစ်စေမှု၊ အသီးရင့်မှည့်ခြင်းမညီညာမှုတို့ကို လွှမ်းမိုးထားသည်။ အသီးအရွက်များ ရှုံ့တွညှိုးနွမ်းခြင်းကို ဖြစ်လွယ်စေသည်။ စိုထိုင်းဆမြင့်လျှင် အသီးအလေးချိန်လျော့ကျခြင်းကို ထိန်းချုပ်ထားနိုင်ပြီး စိုထိုင်းဆနိမ့်ပါက မှိုရောဂါရှင်သန်ကြီးထွားမှုကို အားပေးသည်။ စိုထိုင်းဆ ၁၀၀ ရာခိုင်နှုန်းရှိလျှင် ရောဂါဖြစ်စေသည့် သက်ရှိများ လျင်မြန်စွာ ကျရောက်နိုင်သည်။

ရိတ်သိမ်းချိန်လွန်သီးနှံများ မှိုရောဂါမကျရောက်စေရန် အပူချိန်သည်လည်း အဓိကကျပါသည်။ အပူချိန်နိမ့်ခြင်းသည် အရည်အသွေးရော သက်တမ်းပါ အကျိုးသက်ရောက်မှုရှိစေပါသည်။ အော်တိုနေရီးယားရောဂါအတွက် အနိမ့်ဆုံးအပူချိန် –၃ ဒီဂရီစင်တီဂရိတ်ထား၍လည်းကောင်း၊ မဲ့ပြောက်စွန်းရောဂါကို အနိမ့်ဆုံးအပူချိန် – ၄ ဒီဂရီစင်တီဂရိတ်ထား၍လည်းကောင်း၊ သီးညှာရင်းပုပ်ရောဂါကို အနိမ့်ဆုံးအပူချိန် –၂ ဒီဂရီစင်တီဂရိတ်ထား၍လည်းကောင်း၊ အပျော့ပုပ်ရောဂါကို အနိမ်ဆုံးအပူချိန် ၂ ဒီဂရီစင်တီဂရိတ်မှ ၅ ဒီဂရီစင်တီဂရိတ်ထား၍လည်းကောင်း သိုလှောင်နိုင်ပါက သီးနှံ၏အရည်အသွေးကောင်းမွန်စေပြီး သိုလှောင်မှုသက်တမ်းကိုလည်း ဆွဲဆန့်နိုင်ပါသည်။

ရိတ်သိမ်းချိန်လွန်ဟင်းသီးဟင်းရွက် သစ်သီးဝလံများကို အောက်စီဂျင်နည်း၍ ကာဗွန်ဒိုင်အောက်ဆိုဒ်များသော အခြေအနေတွင် သိုလှောင်နိုင်သည်။ အောက်စီဂျင် ၅ ရာခိုင်နှုန်းအောက်နှင့် ကာဗွန်ဒိုင်အောက်ဆိုဒ် ၅ ရာခိုင်နှုန်းအထက်ရှိခြင်းသည် အသက်ရှူခြင်းကို လျော့နည်းစေပြီး မြန်မြန်ရင့်မှည့်ခြင်းနှင့် ပုပ်ရိခြင်းတို့ကို ကာကွယ်နိုင်သည်။

သီးနှံများ၏ ရိတ်သိမ်းချိန်လွန်ရောဂါများသည် လေဖြင့်လည်းကောင်း၊ ရေဖြင့်လည်းကောင်း၊ အသုံးပြုသော လယ်ယာသုံးပစ္စည်းကိရိယာများမှလည်းကောင်း လယ်ယာလုပ်သားများမှလည်းကောင်း ကူးစက်နိုင်သည်။ စိုက်ခင်းပတ်ဝန်းကျင်၊ ရိတ်သိမ်းချိန်ပြီးသီးနှံများထားရှိရာ ဝန်းကျင်တွင် မသန့်ရှင်းသောပစ္စည်းများထားခြင်း၊ မြေဆွေးပုံများထားခြင်း၊ မသန့်ရှင်းသောမြောင်းရေဖြင့် ဆေးကြောသန့်စင်ခြင်း၊ အပင်အတွက် ရေသွင်းခြင်းမပြုလုပ်မိစေရန် အထူးသတိပြုရမည်။ သီးနှံများအတွက် အသုံးပြုသော ကိရိယာများ၊ ထုပ်ပိုးပစ္စည်းများ၊ ကိုင်တွယ်သည့်လုပ်သားများသည် အစဉ်သန့်ရှင်းနေစေရန် လိုအပ်သဖြင့် ဂရုတစိုက်ဆောင်ရွက်ကြရမည် ဖြစ်သည်။

ရိတ်သိမ်းချိန်လွန်သီးနှံများ၏ ပိုးမွှားရောဂါဖျက်ဆီးမှုကြောင့် ပျက်စီးဆုံးရှုံးခြင်းကို တားဆီးကာကွယ်ရန် အပူပေးခြင်းဖြင့် ကုစားနိုင်ပါသည်။ သရက်သီး၊ သဘော်သီး၊ သခွားမွှေးသီး၊ ကျွဲကောသီး၊ မာလကာသီးတို့ကို အပူချိန် ၅၀ ဒီဂရီစင်တီဂရိတ် မှ ၅၅ ဒီဂရီစင်တီဂရိတ်ရှိ ရေနွေးတွင် နှစ်ရက်ကြာစိမ်ပေးခြင်း၊ ရေနွေးဖြင့်ပွတ်ဆေးခြင်းဖြင့် အသီးမျက်နှာပြင်တွင် ကပ်နေသောရောဂါပိုးမွှားများ သုတ်သင်ကာကွယ်ပြီးဖြစ်ပါသည်။ တစ်ဖန် အသီးခွံမျက်နှာပြင်ကို ထိုးဖောက်၍ အသီးအတွင်းသားသို့ ဝင်ရောက်ဖျက်ဆီးမှုကို တားဆီးနိုင်သည်။ ရေနွေးဖြင့် စိမ်ခြင်း၊ ဆေးကြောခြင်းဖြင့် ဓာတုဓာတ်ကြွင်းကပ်ငြိနေမှုကို ဖယ်ရှားပေးခြင်း၊ လစ်ဂနင်အသားထူ၊ အမာဖြစ်ပေါ်နေခြင်း၊ မှိုစပိုးများ အညှောက်ပေါက်ခြင်းမှ ကာကွယ်ပေးနိုင်ခြင်း အကျိုးကျေးဇူးများ ရရှိနိုင်သည်။

အသီးများကို အိတ်စွပ်ထားခြင်း၊ သီးထိုးယင်ကြောင့် ပုပ်ရိကြွေကျသောအသီးများကို နေ့စဉ်ကောက်ယူမြေမြှုပ်ဖျက်ဆီးပစ်ခြင်း၊ သီးထိုးယင်အမများကို အစာအဆိပ်တုံး (NASIMAN) ဖြင့် ထောင်ဖမ်းခြင်း၊ သိုလှောင်ရုံတွင် အိုသလင်းဒိုင်ဘရိုမိုက်နှစ်အောင်စကို အပူချိန် ၅၅ ဒီဂရီစင်တီဂရိတ်တွင် နှစ်ရက်ကြာထား၍ မှိုင်းတိုက်ပေးခြင်းတို့ဖြင့် သီးထိုးယင်အန္တရာယ်ကို ကာကွယ်တားဆီးနိုင်သည်။

မရိတ်သိမ်းမီ စိုက်ခင်းမှာကတည်းကပင်ပါရှိလာပြီး ရိတ်သိမ်းပြီးသီးနှံများအထိ ကျရောက်ဖျက်ဆီးဒုက္ခပေးတတ်သည့် ပိုးမွှားရောဂါများသည် တစ်ခါတစ်ရံရိတ်သိမ်းချိန်လွန်သီးနှံများပေါ်တွင် ရှိတတ်သည်။ အဆိုပါ ရောဂါပိုးမွှားများကို သီးနှံမရိတ်သိမ်းမီ တစ်လကျော်အလိုကတည်းကပင် ကြိုတင်၍ ဆေးပက်ဖျန်းကာကွယ်နှိမ်နင်းထားရန် သတိပြုသင့်သည်။ ဥပမာ–မိုးစေးနဲ၊ အကြေးပိုး၊ လှေးပိုး၊ ပျ၊ မဲ့ပြောက်စွန်းရောဂါ၊ ကျပ်ခိုးမှိုရောဂါ၊ ဖားဥမှိုရောဂါ၊ အကြေးဖတ်ရောဂါ၊ ဥပုပ်၊ အပျော့ပုပ်ရောဂါ၊ ဖြူဆေးရီယမ်ရောဂါ၊ အော်လ်တာနေးရီးယားရောဂါ၊ ဘက်တီးရီးယားရောဂါ၊ ဒေါင်းနီးကွက်ရောဂါ၊ ပေါင်ဒရီမီးလ်ဂျူးရောဂါ၊ ခွံပုပ်ရောဂါ၊ အသီးထိပ်ပုပ်ရောဂါ၊ သီးညှာရင်းပုပ်ရောဂါတို့ ဖြစ်သည်။

သို့ပါ၍ ရိတ်သိမ်းချိန်လွန်သီးနှံများအား ပိုးမွှားရောဂါဖျက်ဆီးမှုကြောင့် ဆုံးရှုံးမှုများမဖြစ်ပေါ်စေရန် အထက်ပါနည်းလမ်းများအတိုင်း ကာကွယ်တားဆီးကြရန် လိုအပ်ပါသည်။

**အောင်ဆန်း (စိုက်ပျိုးရေး)**

# ရွက်ဖျန်းမြေသြဇာများကို ထိရောက်စွာအသုံးပြုရန် လိုအပ်ချက်များ



ဦးပရက်သိန်းဝေ

**ရွက်ဖျန်းမြေသြဇာများ စတင်ပေါ်ပေါက်လာစဉ်က လက်ခံသူများနှင့် လက်မခံသူများ ကျယ်ပြန့်စွာရှိခဲ့ပါသည်။ သို့သော် အသုံးများလာပြီး စမ်းသပ်မှုအပြီး နောက်ပိုင်းတွင် အသုံးပြုရန် အငြင်းပွားမှုများ ပျောက်ကွယ်သွားပါတော့သည်။ ရွက်ဖျန်းမြေသြဇာများကို ရေဖျော်ပြီး အပင်များ၏ အရွက်ပေါ်သို့ ပက်ဖျန်းရုံနှင့် ကိစ္စအဝဝပြီးမြောက်သည်ဟု ယူဆကြသည်။ အချို့ကလည်း ရွက်ဖျန်းမြေသြဇာများကို အသုံးပြုခြင်းဖြင့် မြေဆီလွှာရှိရာနေရာ (သို့မဟုတ်) အမြစ်များဆီသို့ အခြားမြေသြဇာများထပ်ကျွေးရန်မလိုတော့ဟု ယူဆသူများလည်း ရှိလာသည်။**

ဤသို့ဖြစ်ရခြင်းမှာ စိုက်ပျိုးသူများအနေဖြင့် ရွက်ဖျန်းမြေသြဇာများ၏ သိပ္ပံဆိုင်ရာ အမြင် (သို့မဟုတ်) သဘောသဘာဝကို မလေ့လာဘဲ မိမိတို့၏စိတ်ခံစားချက်အပေါ် အခြေပြု၍ အဓိပ္ပာယ်ဖွင့်ဆိုကြခြင်းကြောင့်ဖြစ်သည်။ စိုက်ပျိုးသူများအနေဖြင့် ရွက်ဖျန်းမြေသြဇာများအသုံးပြုရာတွင် ထိရောက်မှုရှိစေရန် ထိုက်သင့်သောလေ့လာမှုများကို ကြိုတင်လေ့လာထားကြရန် လိုပါသည်။

## အပင်များ၏ အာဟာရစားသုံးမှုသဘာဝ

အပင်များအတွက် ယေဘုယျအားဖြင့် အာဟာရဒြပ်စင် ၁၇ မျိုးလိုအပ်သည်။ ယင်းတို့ကို မြေဆီလွှာအတွင်းရှိ အမြစ်များက စုပ်ယူထောက်ပံ့ခြင်းဖြစ်သည်။ အပင်များ၏အာဟာရစားသုံးမှုသည် လူတို့၏အာဟာရစားသုံးပုံနှင့်မတူပေ။ လူတို့က အစိုင်အခဲများကိုစားသုံးနိုင်သကဲ့သို့ အရည်များကိုလည်း သောက်သုံးနိုင်သည်။ အပင်များမှာကား အစိုင်အခဲများကို စားသုံးနိုင်စွမ်းမရှိပေ။ လိုအပ်သော အာဟာရများကို စားသုံးရန် ထိုအာဟာရများသည် ရေတွင်ဦးစွာပျော်ဝင်နေရမည်ဖြစ်သည်။ ထိုသို့ ရေတွင်ပျော်ဝင်သောအာဟာရများကို ရေနှင့်စုပ်ယူစားသုံးနိုင်သည်။ ထို့ကြောင့် ကမ္ဘာ့စိုက်ပျိုးရေးလောကတွင် ထင်ရှားသောအဆိုတစ်ခု ပေါ်ပေါက်ခဲ့သည်။ ထိုအဆိုမှာ **“အပင်များသည် မည်သည့်အခါမျှ အစာကို ဝါးမစား၊ အရည်ကိုသာ သောက်သုံးသည်”**"Plant never eat: they drink" ဟူသည့် အဆိုဖြစ်သည်။

ယေဘုယျအားဖြင့် အပင်များ၏ မြေပေါ်မြေအောက်ရှိ အင်္ဂါအားလုံး၏ မျက်နှာပြင်များမှ ရေပျော်အာဟာရများကို စုပ်ယူစားသောက်နိုင်မည်။ သို့သော် ထိုသို့အာဟာရများ စုပ်ယူရာတွင် အမြစ်များမှလွဲ၍ အရွက်များမှာ ဧရိယာအများဆုံး၏ ထိရောက်မှုအရှိဆုံးအင်္ဂါများဖြစ်သည်။ တစ်နည်းအားဖြင့် အမြစ်များမှာ အာဟာရစားသုံးခြင်း အတွက် အဓိကအင်္ဂါဖြစ်ပြီး အရွက်များမှာ အာဟာရ စုပ်ယူမှုအတွက် ဒုတိယအထိရောက်ဆုံးအင်္ဂါများဟု သတ်မှတ်နိုင်သည်။

အမြစ်များက အာဟာရစုပ်ယူစားသုံးရာတွင် ယင်းတို့၏ ဝန်းကျင်အနေအထားပေါ်တွင် များစွာမူတည်နေသည်။ အကယ်၍ အမြစ်များ၏ဝန်းကျင်ဖြစ်သော မြေဆီလွှာအတွင်း အစိုဓာတ်မလုံလောက်ခြင်း၊ အပူချိန်မြင့်လွန်းခြင်း၊ အဆိပ်အတောက်ပစ္စည်းရောက်ရှိခြင်း၊ အင်းဆက်ပိုးမွှားများ ဖျက်ဆီးခံရခြင်းများနှင့်ကြုံရပါက လိုအပ်သောအာဟာရများကို လုံလောက်စွာ စုပ်ယူစားသုံးမှု မပြုနိုင်တော့ပေ။

ထို့ပြင် မြေဆီလွှာအတွင်း အပင်အတွက် လိုအပ်သော အာဟာရများ လုံလောက်စွာရှိမနေလျှင်လည်း အပင်အနေနှင့်အာဟာရများကို ရရှိရန် အကြောင်းမရှိတော့ပေ။ အမြစ်များတွင် အကြောင်းအမျိုးမျိုးကြောင့် အာဟာရရရှိမှုခက်ခဲသောအခါ စိုက်ပျိုးသူအနေဖြင့် အရွက်များမှတစ်ဆင့် အာဟာရထောက်ပံ့နိုင်သောလမ်းကြောင်းကို ရှာတွေ့လာခြင်းဖြစ်သည်။ ဤသို့ဖြင့် ရွက်ဖျန်းမြေသြဇာများသည် စိုက်ပျိုးရေးလုပ်ငန်းတွင် ထင်ရှားလာခြင်းဖြစ်သည်။ စိုက်ပျိုးသူများအနေဖြင့် အမြစ်များဆီသို့ ကျွေးရသော မြေချမြေသြဇာများနှင့် ရွက်ဖျန်းမြေသြဇာများကို သဲသဲကွဲကွဲဖြစ်အောင်လေ့လာပြီး အသုံးပြုပါက ထိရောက်မှုပိုမိုရရှိရုံမက မလိုအပ်ဘဲ ဆုံးပါးမှုများ၊ လေလွင့်မှုများမှ ကာကွယ်နိုင်ပါလိမ့်မည်။

## ရွက်ဖျန်းမြေသြဇာများ၏ အဓိကလက္ခဏာသုံးရပ်

၁။ ရွက်ဖျန်းမြေသြဇာအဖြစ် အသုံးပြုမည့် ပစ္စည်းများသည် ရေတွင် ၁၀၀ ရာနှုန်း ပျော်ဝင်ရန် လိုအပ်သည်။

၂။ ရွက်ဖျန်းမြေသြဇာသည် အဆိပ်အတောက် မဖြစ်စေရ။

၃။ ရွက်ဖျန်းမြေသြဇာများသည် အပင်၏ ရွက်များက စုပ်ယူနိုင်သောပစ္စည်းများ ဖြစ်ရမည်။ စားသုံး၍မရသောအရာများ၊ အရွက်မျက်နှာပြင်ပေါ်တွင် ဆားပွင့်၍ မကျန်သင့်ပေ။ (Low Salt index)

## မြေသြဇာစားသုံးခြင်းနှင့်ပတ်သက်သော မှန်လေးမှန်

ယနေ့ကမ္ဘာ့စိုက်ပျိုးရေးတွင် အသုံးပြုနေသော မြေသြဇာများနှင့်ပတ်သက်၍ အလေးထားကျင့်သုံးရမည့် အချက်လေးချက်ရှိသည်။ ယင်းသို့ကို မှန်လေးမှန် (Four rights 4 Rs) ဟုခေါ်သည်။ ယင်းတို့မှာ

## အမျိုးအစားမှန်ရမည် (Right type)

အသုံးပြုသောမြေသြဇာများ၏အင်န်ပီကေ NPK အချိုးသည် အသုံးပြုမည့်အပင်၏ လိုအပ်ချက်နှင့်ကိုက်ညီရန် လိုအပ်သည်။ ကွန်ပေါင်းမြေသြဇာအဖြစ် အသုံးပြုသော ရွက်ဖျန်းမြေသြဇာများတွင် အရှေ့ကြီး (ဥပမာ NPK အချိုး ၃၀:၂၀:၁၀ ကဲ့သို့ အရှေ့ကြီး အချိုးရှိသကဲ့သို့ ၁၀:၃၀:၂၀ အလယ်ကြီးအချိုးလည်း ရှိနိုင်သည်။ အလားတူပင် ၁၀:၂၀:၃၀ ကဲ့သို့ အနောက်ကြီးအချိုးလည်း ရှိနိုင်သည်။ NPK အားလုံးညီသော ၁၅:၁၅:၁၅ ကဲ့သို့လည်းရှိနိုင်သည်။ အသုံးပြုသောမြေသြဇာအမျိုးအစား Type သည် အပင်၏လိုအပ်ချက်နှင့်ကိုက်ညီရန် လိုအပ်သည်။ ထိုသို့ကိုက်ညီမှုမရှိပါက ထိရောက်မှုမရှိနိုင်ပေ။

## မြေသြဇာပမာဏမှန်ကန်မှု (Right Ammount)

အသုံးပြုသောမြေသြဇာများလွန်ခြင်းကြောင့် အပင်ကို လောင်ကျွမ်းစေနိုင်သကဲ့သို့ နည်းလွန်းခြင်းကလည်း ထိရောက်မှုကို လျော့နည်းစေမည်ဖြစ်သည်။

## မြေသြဇာကျွေးခြင်းအချိန်မှန်ကန်မှု (Right time)

အချိန်ဆိုရာ၌ နွေ၊ မိုး၊ ဆောင်းကွာခြားသကဲ့သို့ အပင်၏အရွက်နှင့်ကြီးထွားမှုအဆင့်ပေါ်တွင်လည်း မူတည်နေသည်။ ထို့ပြင် တစ်နေ့တာ ကာလအတွင်း နာရီကွာခြားမှုကလည်း ရွက်ဖျန်းမြေသြဇာအသုံးပြုမှုအပေါ် သက်ရောက်မှုရှိနိုင်သည်။ **ယေဘုယျအားဖြင့် ရွက်ဖျန်းမြေသြဇာများ အပင်အတွင်းသို့ ဝင်ရောက်ရာလမ်းပေါက်ဖြစ်သော စတိုမာ** Stoma **ခေါ် အရွက်မျက်နှာပြင်ပေါ်ရှိ လေပေါက်များမှာ နံနက်မိုးသောက်ချိန်မှ မွန်းမတည့်မီအချိန်အထိသာ ပွင့်နေနိုင်သောကြောင့် ထိုအချိန်မျိုးတွင်သာ ရွက်ဖျန်းမြေသြဇာများကို အသုံးပြုရန် လိုအပ်သည်။** စတိုမာများ ပိတ်ချိန်တွင် အသုံးပြုခြင်းမှာ ထိရောက်မှုမရှိနိုင်ပါ။

တဖောင်းလက်ပတ်ကဲ့သို့သော အရည်ရွှမ်းကန္တာရပင်များနှင့် အရည်ရွှမ်းအရွက်ထူသစ်ခွများသည် အလင်းရောင်မရှိသော ညအချိန်၌သာ စတိုမာများ ပွင့်ကြသည်။ အကယ်၍ နေ့ကာလ စတိုမာများပွင့်နေပါက အပင်အတွင်းမှ ရေများ ဝန်းကျင်လေထုအတွင်း ဆုံးပါးမှုဖြစ်နိုင်သည်။ အပင်ပျက်စီးနိုင်သည်။ ထိုသို့မဖြစ်ရန် စတိုမာများကို နေ့အချိန်ပိတ်ထားပြီး ညအချိန်၌သာ ပွင့်စေခြင်းဖြစ်သည်။ ထို့ကြောင့် ရွက်ဖျန်းမြေသြဇာများကို ကျွေးရာတွင် ထိရောက်မှုရှိစေရန် စတိုမာများပွင့်ချိန် (သို့မဟုတ်) ပွင့်စေပြီးမှ အစာကျွေးသင့်သည်။

## နေရာမှန်ခြင်း (Right Place)

ရွက်ဖျန်းမြေသြဇာကို အပင်၏မျက်နှာပြင်တစ်ခုလုံးက စုပ်ယူစားသုံးနိုင်သော်လည်း စုပ်ယူနိုင်သော အစွမ်းတူကြပေ။ **ရွက်နုများက ရွက်အိုများထက် ပို၍စုပ်ယူနိုင်သည်။ အရွက်၏ အောက်မျက်နှာပြင်က အပေါ်မျက်နှာပြင်ထက် ပို၍စုပ်ယူနိုင်သည်။** ထို့ကြောင့် ရွက်ဖျန်းမြေသြဇာများကို ပက်ဖျန်းရာတွင် အရွက်၏အပေါ်အောက် အားလုံးပက်ဖျန်းရန်လိုအပ်ပေသည်။ ရွက်နုရော ရွက်အိုအရွက်အားလုံးကို ပက်ဖျန်းရန် လိုသည်။

## ရွက်ဖျန်းမြေသြဇာ၏ပြင်းအား

ဈေးကွက်တွင် ရွက်ဖျန်းမြေသြဇာများကို ကွန်ပေါင်းဓာတ်မြေသြဇာများအဖြစ် တွေ့ရှိနိုင်သည်။ အချို့သော မြေသြဇာများတွင် အသုံးပြုရမည့်ရေ၏ ထုထည်ကို ခြင်တွယ်ခွက်များဖြင့် ဖော်ပြတတ်သည်။ အကယ်၍ မဖော်ပြလျှင်လည်း ယင်းဓာတ်ဆားများကို အသုံးပြုရသော ယေဘုယျပြင်းအားကို သိထားရန် လိုအပ်ပါသည်။ ရွက်ဖျန်းမြေသြဇာများကို အများအားဖြင့် ၀ ဒသမ ၅ ရာနှုန်းရေဖျော်၍ အသုံးပြုကြသည်။ ရေတစ်လီတာတွင် ရွက်ဖျန်းမြေသြဇာ ၅ ဂရမ်ဖျော်ရန်ဖြစ်သည်။ မြန်မာတို့အသုံးပြုသော အလေးချိန်နှင့်ဖော်ပြရလျှင် ရေ ၁၀ ပိဿာတွင် ရွက်ဖျန်းမြေသြဇာ ၅ ကျပ်သားဖျော်သုံးခြင်းဖြစ်သည်။

## အသုံးပြုသည့်ပမာဏ

ရွက်ဖျန်းမြေသြဇာများကို အသုံးပြုရာတွင် စိုက်ပျိုးသူအများစုက စိုက်ခင်းတစ်ဧကတွင် ရွက်ဖျန်းမြေသြဇာရည် မည်မျှဖျန်းရမည်နည်းဟု မေးတတ်ကြပါသည်။ အသုံးပြုရသောအရွက်ဖျန်းရည်၏ ပမာဏမှာ စိုက်ပျိုးမြေဧရိယာထက် အရွက်များ၏ ဧရိယာပေါ်တွင် ပို၍မူတည်သည်။ ဥပမာပြရလျှင် ငရုတ်အပင်ငယ်ဘဝ၊ အရွက် ၁၀ ရွက်မပြည့်မီကာလ ပက်ဖျန်းရသော ရွက်ဖျန်းမြေသြဇာပမာဏနှင့် ထိုအပင်များကြီးလာပြီး အပင်တစ်ပင်တွင် အရွက်ရာကျော်ရှိသောကာလမျိုးနှင့်အသုံးပြုရမည့် မြေသြဇာအရည်ပမာဏမတူနိုင်ပေ။ အရွက်ဧရိယာများလာသည်နှင့်အမျှ အသုံးပြုရသော ရွက်ဖျန်းမြေသြဇာရည်ပမာဏ ပိုလာမည်သာဖြစ်သည်။

## ပက်ဖျန်းရမည့်အကြိမ်

ရွက်ဖျန်းမြေသြဇာရည်ပြင်းပြင်းကို တစ်ကြိမ်တည်းကျွေးခြင်းထက် ပြင်းအားကိုလျော့ပြီး အကြိမ်ကြိမ်ခွဲကျွေးက ပို၍ထိရောက်မှုရှိသည်။ ပြင်းအားတိုးခြင်းမှာ အသုံးပြုသောအရွက်များ၏ သက်တမ်းမာကြောမှု၊ အပင်အမျိုးအစားနှင့် ကြီးထွားမှုအဆင့်ပေါ်မူတည်၍ ချင့်ချိန်အသုံးပြုရန် လိုအပ်သည်။ နုနယ်သောအပင်မျိုး၏အရွက်များကို နွေကာလအသုံးပြုခြင်းနှင့် သရက်ရွက်ကြမ်းများကို မိုးကာလအသုံးသောရွက်ဖျန်းမြေသြဇာရည်တို့၏ ပြင်းအားမတူနိုင်ပေ။

## ဝန်းကျင်အပူချိန်

ရွက်ဖျန်းမြေသြဇာများကို ပက်ဖျန်းရာတွင် ဝန်းကျင်အပူချိန်မြင့်တက်ချိန်မျိုးကို ရှောင်၍ သင့်တင့်သောအပူချိန်တွင်သာ ပက်ဖျန်းသင့်သည်။ ၂၆ ဒီဂရီစင်တီဂရိတ်အထက် မြင့်သောဝန်းကျင်မျိုးတွင် ရွက်ဖျန်းမြေသြဇာထိရောက်မှုကို လျော့ကျစေသည်။

## အလင်းရောင်အနေအထား

ရွက်ဖျန်းမြေသြဇာများကို စုပ်ယူရာတွင် အလင်းရောင်လုံလောက်သောဝန်းကျင်၌သာ ကောင်းမွန်မှု ရှိသည်။ အလင်းရောင်အားနည်းသော၊ အရိပ်များသော၊ မိုးတိမ်များ များသောကာလမျိုးတွင် ရွက်ဖျန်းမြေသြဇာရည်၏ပြင်းအားကို လျှော့သုံးသင့်သည်။ အသုံးပြုသောအရည်ပမာဏကိုလည်း လျှော့သုံးရန် လိုအပ်သည်။

## လျင်မြန်စွာ ခြောက်သွေ့သောဝန်းကျင်

လေပူတိုက်ခတ်ခြင်း၊ နေရောင်ခြည်ပြင်းလွန်းခြင်း အခြေအနေမျိုးတွင် အသုံးပြုလိုက်သော ရွက်ဖျန်းရည်များ အရွက်မျက်နှာပြင်ပေါ်တွင် တာရှည်မနေဘဲ ခြောက်သွေ့သွားနိုင်သည်။ ထိုအခြေအနေမျိုးတွင် မြေသြဇာများအရွက်အတွင်းသို့ စိမ့်ဝင်ခြင်းထက် အရွက်မျက်နှာပြင်တွင် ဆားပွင့် ကျန်ရစ်စေနိုင်သည်။ ထိုအခြေအနေမျိုးတွင် ရွက်ဖျန်းမြေသြဇာကို အသုံးမပြုဘဲ ရာသီဥတုကောင်းပြီး လေပြည်လေညင်း တိုက်ခတ်နေသောအချိန်မှသာ ရွက်ဖျန်းမြေသြဇာ အသုံးပြုရန် အကောင်းဆုံးဖြစ်သည်။

## ပျံ့နှံ့စိမ့်ဝင်ဆေး (Spreader - binder)

ရွက်ဖျန်းမြေသြဇာများ အရွက်ပေါ်သို့ ပက်ဖျန်းရာတွင် ထိုက်သင့်သောထိရောက်မှုရှိရေးအတွက် အချိန်ပေးရန်လိုအပ်သည်။ ရွက်ဖျန်းမြေသြဇာများမှာ အရွက်အတွင်းသို့ စိမ့်ဝင်ရာတွင် အချို့သော အခြေအနေမျိုး၌ ရက်အတန်ကြာသည်အထိ ရှိတတ်သည်။ ပညာရှင်များ၏လေ့လာချက်များအရ ရွက်ဖျန်းမြေသြဇာများ ပက်ဖျန်းပြီး ထိုက်သင့်သော ထိရောက်သောအချိန်ရရှိရန် အနည်းဆုံး နှစ်နာရီခန့် လိုအပ်သည်။ အကယ်၍ ရွက်ဖျန်းမြေသြဇာကို ပက်ဖျန်းပြီး နှစ်နာရီမတိုင်ခင် မိုးရွာချပါက ရွက်ဖျန်းမြေသြဇာများ လေလွင့်ဆုံးပါးသွားမည်သာ ဖြစ်သည်။ ထိုအခြေအနေမျိုးတွင် သင့်တော်သော ရာသီဥတု၌ နောက်ထပ်ထပ်ဖျန်းရန် လိုအပ်မည်ဖြစ်သည်။ ရွက်ဖျန်းမြေသြဇာများက အချိန်တိုအတွင်း အပင်၏အရွက်အတွင်း ဝင်ရောက်စေနိုင်ရန် ပျံ့နှံ့စိမ့်ဝင်ဆေး (Spreader - Bender) များကို အသုံးပြုကြရသည်။

## နိုက်ထရိုဂျင်အသုံးပြုပြီး အပင်ရှည်ထွက်လွန်ခြင်း၊ ပင်ပိုင်းကြီးထွားမှုမလွန်ကဲစေလိုလျှင် ဖော့စဖိတ်ကို လျှော့သုံးပါ

ရွက်ဖျန်းမြေသြဇာများကို ပက်ဖျန်းရာတွင် နိုက်ထရိုဂျင်များပြီး ပင်ပိုင်းကြီးထွားမှု မလွန်ကဲစေလိုလျှင်နှင့် အပင်ရှည်လွန်းခြင်းမဖြစ်စေလိုပါက

စာ - ၁၄ သို့

# ၂၀၁၉ သည် အပူဆုံးနှစ် ဖြစ်လာ

**ရာသီ** ဥတုပညာရှင်များ၏ ခန့်မှန်းချက်များအရ အယ်လ်နီညိုဖြစ်စဉ် ပေါ်ပေါက်လာမှုကြောင့် ၂၀၁၉ ခုနှစ်သည်လည်း ပူလွန်းသော နှစ်တစ်နှစ်ဖြစ်မှာ သေချာသည်ဟု သိရသည်။



ပညာရှင်များက ပစိဖိတ်သမုဒ္ဒရာတွင် အပူချိန်သည် မြင့်တက်လာနေကြောင်း အထူးသဖြင့် ပစိဖိတ်သမုဒ္ဒရာအောက်ပိုင်း၌ အပူချိန်မြင့်နေကြောင်း အယ်လ်နီညိုဖြစ်စဉ်သည် ပေါ်ပေါက်လာမှုမှာ မလွဲဟု ခန့်မှန်းချက်ပေးလိုက်ကြသည်။

ပူပြင်းမည့်အရိပ်အရောင်တွေကို တွေ့နေရပြီးဟု စင်ကာပူမိုးလေဝသဌာနမှ ပညာရှင်တစ်ယောက်က လွန်ခဲ့သောနှစ်များမှ အပူချိန်များနှင့် နှိုင်းယှဉ်၍ ပြောဆိုလိုက်သည်။

"ယခု ၁၀ စုနှစ်အတွင်း စင်ကာပူ၏ အအေးဆုံးလများ၏အပူချိန်မှာ ၂၆ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ်စ်ရှိရာ ၎င်းအပူချိန်သည် ၁၉၇၀ ပြည့်နှစ်၌ စင်ကာပူတွင် ရှိခဲ့သောအပူဆုံးလများနှင့် ညီမျှသည်"ဟု အဆိုပါပညာရှင်က ထောက်ပြထားသည်။

လွန်ခဲ့သော ၂၀၁၈ ခုနှစ်သည် စင်ကာပူ၏ အဋ္ဌမမြောက်အပူဆုံးလစာရင်းဝင်ခဲ့၏။ ထိုနှစ်၏ ပျမ်းမျှအပူချိန်မှာ ၂၇ ဒသမ ၉ ဒီဂရီ၊ ၂၀၁၇ ခုနှစ်ကထက် ၀ ဒသမ ၂ ဒီဂရီ ပိုပူခဲ့၏။

အယ်လ်နီညိုသည် များသောအားဖြင့် နှစ်တစ်နှစ်၏ အလယ်ပိုင်းလောက်မှ စတင်လေ့ရှိရာ အယ်လ်နီညိုသည် ပို၍ပူပြင်းခြောက်သွေ့ခြင်းတို့နှင့် ဆက်နွယ်မှုရှိ၏။

စင်ကာပူ၌ ကြုံတွေ့ခဲ့ရသည့် အပူဆုံးနှစ်များထဲမှ နှစ်ငါးနှစ်မှာ အားကောင်းသော အယ်လ်နီညိုများ ပေါ်ပေါက်ခဲ့သည့်နှစ်များဖြစ်၏။ သို့သော် အချို့ပူလွန်းသောနှစ်များ ဥပမာ ၂၀၁၈ တွင် အယ်လ်နီညိုဖြစ်စဉ်မရှိဘဲနှင့် ပူလွန်းခြင်းမှာ ထူးခြားသည်ဟု ရာသီဥတုပညာရှင်များက ပြောကြသည်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲလာရခြင်း၏ အကြောင်းရင်းများကိုသိပြီးနောက် ထိုအကြောင်းများ ဆက်မဖြစ်ရန် တစ်ကမ္ဘာလုံးက ဟန့်တားနိုင်မှသာ ကမ္ဘာ့အပူချိန်သည် တဖြည်းဖြည်းလျော့လာဖွယ်ရှိမည်ဟု ရာသီဥတုပညာရှင်တို့က ပြောကြသည်။

အကယ်၍သာ လူတို့သည် ကမ္ဘာကြီးပူနွေးလာခြင်းကို လျော့ကျသွားအောင် မပြုလုပ်နိုင်ပါက အပူချိန်တိုးလာခြင်း၊ ခြောက်သွေ့မှုပိုများလာခြင်း၊ မိုးကြီးသည်းထန်စွာရွာခြင်း၊ ရေကြီးခြင်း၊ ရေခဲပြင်များ အရည်ပျော်ခြင်း၊ ပင်လယ်ရေ မြင့်တက်လာခြင်းများ ရှိလာမည်ဟု ပညာရှင်များက သတိပေးကြသည်။

**စထရိတ်တိုင်းမ်စ် ၂၂.၃.၂၀၁၉**



# ဆန်းဖစ်ရှ်ငါးကြီး မြစ်ဝတွင် သောင်တင်

**ပင်** လယ်သမုဒ္ဒရာများထဲ၌ ရေနေသတ္တဝါများစွာရှိရာ အချို့သတ္တဝါများကို လူတို့မမြင်ဖူးပေ။ ၂၀၁၉ မတ်လအတွင်းက သြစတြေးလျနိုင်ငံ ကမ်းခြေတစ်နေရာတွင် ရေတက်နှင့်ပါလာပြီးနောက် ရေပြန်ကျသောအခါ ကမ်းခြေတွင် သောင်တင်ကာ သေနေသည့်ငါးကြီးတစ်ကောင်ကို တွေ့ရ၏။ (ပုံ)

အလွန်ကြီးသော ထိုငါးကြီးမျိုးကို မိုလာမိုလာ (သို့မဟုတ်) ဆန်းဖစ်ရှ်ဟု ခေါ်ကြသည်။

အဆိုပါငါးသေကြီး၏ ခန္ဓာကိုယ်အလျားမှာ ၁ ဒသမ ၈မီတာရှိပြီး ၎င်းကို တောင်သြစတြေးလျ မရေးမြစ်ဝတစ်နေရာ၌ တွေ့ရခြင်းဖြစ်သည်။

ပင်လယ်သမုဒ္ဒရာနေ အဆိုပါ ဆန်းဖစ်ရှ်ငါးသည် အလွန်ကြီးမားပြီး ခန္ဓာကိုယ်၏ပုံသဏ္ဌာန်မှာလည်း အခြားငါးကြီးများနှင့်မတူပေ။ ထိုငါး၏ ဦးခေါင်းမှာ အလွန်ကြီးပြီး ခန္ဓာကိုယ် ပြားချပ်ချပ်ရှိကာ ဆူးတောင်များမှာ ရှည်လျား၏။

အမျိုးသားပထဝီဝင်အဖွဲ့၏ အဆိုအရ ၎င်းငါးကြီးများ၏ အလေးဆုံးကိုယ်အလေးချိန်မှာ နှစ်တန်ခွဲခန့်ရှိပြီး ၎င်းတို့ကို မည်သည့်သမုဒ္ဒရာများတွင်မဆို တွေ့နိုင်သည်ဟု သိရသည်။

တောင်သြစတြေးလျ ငါးပြတိုက်မှ မန်နေဂျာက ဤငါးကြီး (သေနေသောငါးကြီး)သည် အရွယ်အလယ်အလတ်သာရှိပြီး ၎င်းထက် နှစ်ဆပိုကြီးသည့်ငါးကြီးများ သမုဒ္ဒရာထဲ၌ရှိကြောင်း ပြောပြသည်။

၎င်းဆန်းဖစ်ရှ်ငါးကြီးများသည် လှေသင်္ဘောများကို ဒုက္ခပေးတတ်ကြောင်း၊ ၎င်းတို့သည် ယက်ပြိုင်လှေများကို

မြသိန်း

မြှုပ်သွားအောင် နှောင့်ယှက်တတ်သည်ဟု အဆိုပါပြတိုက်မန်နေဂျာက ဆက်လက်ပြောပြသည်။

**စထရိတ်တိုင်းမ်စ် ၂၂.၃.၂၀၁၉**




# အစာအဆိပ်သင့်ခြင်းမဖြစ်ရန် အထူးဂရုပြု

**နိုင်ငံ** တိုင်းတွင် အစာအဆိပ်သင့်ခြင်းများ ရှိတတ်၏။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပို၍အဖြစ်များသည်ဟု လေ့လာသူများက ပြောကြသည်။ သို့သော် ၂၀၁၈ ဒီဇင်ဘာလအတွင်းက အာရှတိုက်မှ ဖွံ့ဖြိုးပြီးနိုင်ငံငယ်လေးတွင် အစာအဆိပ်သင့်မှုကြောင့် လူတစ်ဦးသေပြီး ရာဂဏန်းရှိသောလူများ ဆေးကုသမှုကို ခံယူလိုက်ကြရ၏။

လူသည် ဘဝရှင်သန်ရေးအတွက် အစားအစာများကို နေ့စဉ်စားကြရလေရာ အဆိုပါအစားအစာများ မသန့်ရှင်းခြင်း၊ ရက်လွန်ခြင်း၊ ဓာတ်မတည့်သော အစားအစာများကို တစ်ကြိမ်တည်းပူတွဲစားမိခြင်း စသည်တို့ကြောင့် အစာအဆိပ်သင့်ခြင်းနှင့်ကြုံရခြင်းဖြစ်သည်။

အစာစားပြီးနောက် မိနစ်ပိုင်းအတွင်း မူးဝေလာခြင်း၊ အစာများအန်ထွက်လာခြင်း၊ ကိုယ်ပူလာခြင်း၊ ဗိုက်နာလာခြင်း၊ ကြွက်သားများ နာလာခြင်း၊ ကြွက်တက်ခြင်းစသည်တို့ ဖြစ်လာပါက အစာအဆိပ်သင့်ပြီဟု မှတ်ယူပါ။ ဆေးခန်း၊ ဆေးရုံသို့သွား၍ ဆရာဝန်၏ ဆေးကုသမှုကို ခံယူပါ။

အစာအဆိပ်မသင့်ရန် စားမည့် အစားအစာများကို သန့်ရှင်းသောနေရာ၌ လုံခြုံစွာ ထားပါ။

အစားအစာကို ပူပူနွေးနွေးစားပါ။ တစ်နပ်စာသာချက်ပါ။ စားကြွင်းစားကျန်များကို နောက်တော့မှ (နောက်တစ်ကြိမ်မှ) စားမည်ဟု ချန်ထားပါက အန္တရာယ်ရှိ၏။ စားကြွင်းစားကျန်များကို နာရီပေါင်းအတန်ကြာထားပါက ထမင်းသိုး ဟင်းသိုးများအဖြစ်သို့ ရောက်သွား၏။ (အဆိုပါထမင်းသိုးဟင်းသိုးများတွင် လူကိုဒုက္ခပေးသော ဘက်တီးရီးယားပိုးများ ပေါက်ပွားလာတတ်၏။)

ရေခဲသေတ္တာထဲတွင် ချက်ပြုတ်ပြီး အစားအသောက်များနှင့် မချက်ရသေးသော သားစိမ်းငါးစိမ်းတို့ကို ရောနှောမထားသင့်ပေ။ ရေခဲသေတ္တာ၏ အအေးဓာတ်သည် ပိုးများကို မသတ်နိုင်၊ ပိုးများပေါက်ပွားမှု နှေးသွားရန်သာ တတ်နိုင်၏။

အစားအစာများကို ချက်ပြုတ်ရာ၌ သန့်ရှင်းရေးသည် အလွန်အရေးကြီး၏။

ရေခဲသေတ္တာထဲတွင် ထည့်ထားသော အသားစိမ်း၊ ငါးစိမ်းများကို ရေခဲသေတ္တာထဲမှ ထုတ်ယူပြီးနောက် အပြင်တွင် ကြာရှည်မထားဘဲ အမြန်ဆုံး ချက်ပြုတ်ရပါမည်။ သို့မှသာ ဘက်တီးရီးယားပိုးများရန်မှ ကင်းဝေးမည်။

ဟင်းသီးဟင်းရွက်များတွင် ဘက်တီးရီးယားပိုးများ ကပ်ငြိနိုင်သောကြောင့် မချက်ပြုတ်မီ ၎င်းတို့ကို သန့်ရှင်းစင်ကြယ်အောင် အထပ်ထပ်ဆေးပေးရမည်။

ကျန်းမာရေးဗဟုသုတနည်းပါးလွန်းသော ဒေသများ၌ ရောဂါကြောင့် သေကာစကြက်၊ ဝက်၊ နွားစသည်တို့ကိုစားကြရာ ဤသည်ကို လုံးဝရှောင်သင့်၏။

သန့်ရှင်းသောအိုးခွက်များတွင် ချက်ပြုတ်ပြီး အစားအစာများကို မစားမီ အုပ်ဆောင်းများဖြင့် လုံခြုံစွာ ဖုံးအုပ်ထားပါ။ သို့မှသာ ယင်၊ ပိုးဟပ်၊ ကြွက်၊ အိမ်မြှောင်စသည်တို့၏ ဘေးရန်မှ ကင်းဝေးမည်။

အချုပ်အားဖြင့်ဆိုရသော် အစာအဆိပ်မသင့်ရေးအတွက် အိုးခွက်များ၊ အစားအစာကုန်ကြမ်းများ၊ လှီးဖြတ်သောဓား၊ ခက်ရင်းစသည်တို့ကို သန့်ရှင်းရေးဦးစားပေးသလို ချက်ပြုတ်သူများကိုယ်တိုင်လည်း တစ်ကိုယ်ရေသန့်ရှင်းမှု ရှိသင့်သည်။

**စထရိတ်တိုင်းမ်စ် ၃.၁၂.၂၀၁၈**

သင့်လုပ်ငန်းများ
အောင်မြင်
တိုးတက်လိုလျှင်
လယ်ယာစီးပွား
သတင်းတွင်
ကြော်ငြာပါ။

# ညောင်ဦးမြို့နယ် ကျားခုတ်တဲတိုက်ကျေးရွာများတွင် စေတနာမျှဝေခြင်း အစီအစဉ်မှ ၄ လက်မစက်ရေတွင်း တူးဖော်

နေပြည်တော် မေ ၂

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၏ ဦးဆောင်မှုဖြင့် စေတနာရှင်များက သဒ္ဓါတရားထက်သန်စွာ စုပေါင်းဆောင်ရွက်သော စေတနာမျှဝေခြင်းအစီအစဉ်မှ ပြည်သူများ၏ လတ်တလောလိုအပ်နေသော ကျန်းမာရေး၊ ပညာရေး၊ သောက်သုံးရေရရှိရေးဆိုင်ရာကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မေ ၁ ရက် နံနက်ပိုင်းက ညောင်ဦးမြို့နယ် ကန်ကျဲကျေးရွာအုပ်စု၊ ကျားခုတ်တဲတိုက်ကျေးရွာသို့ ရောက်ရှိကြပြီး စေတနာမျှဝေခြင်းအစီအစဉ်ဖြင့် ၄ လက်မ စက်ရေတွင်းတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က လက်ရှိမြေအဝင် ပေ ၅၀၀ ကျော် တူးဖော်နေမှု၊ ဘူမိစမ်းသပ်မှုအရ မြေအဝင် ပေ ၁၀၀၀ ခန့်တူးဖော်ရမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးနှင့် ညီညွတ်သည့်သန့်ရှင်းသောရေရရှိရေး၊ ကျေးရွာသူ ကျေးရွာသားများ၏ သောက်သုံးရေလိုအပ်ချက်ကို အမြန်ဖြည့်ဆည်းပေးနိုင်ရန် သတ်မှတ်ကာလထက် စောစီးစွာပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျေးရွာပြည်သူများနှင့်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များနှင့်စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာ ဆွေးနွေးသည်။

ကျားခုတ်တဲတိုက်ကျေးရွာသည် သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေပြီး ရေတွင်းရေကန်တူးဖော်အသုံးပြုရန် အခြားစီမံကိန်းများတွင် ပါဝင်ခြင်းမရှိသေးကြောင်းနှင့်ကူညီမှုပေးပါရန် ဆက်သွယ်လာမှုအရ မျှဝေခြင်းအစီအစဉ်မှ စက်ရေတွင်းတူးဖော်စရိတ်ကျခံပြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနစက်ယန္တရားနှင့်ပညာရှင်များက လုပ်အားဒါနဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံ့လူဦးရေ၏ ၇၅ ရာခိုင်နှုန်းကျော်မှီတင်းနေထိုင်လျက်ရှိသည့် ကျေးလက်ဒေသများတွင် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် မူဝါဒ၊ ရည်မှန်းချက်များချမှတ်၍ စီမံဆောင်ရွက်ရာတွင် ခွဲဝေရရှိသောနိုင်ငံတော်ဘဏ္ဍာရန်ပုံငွေအပေါ်မူတည်ပြီး လုပ်ဆောင်ကြခြင်းဖြစ်ရာ နိုင်ငံတော်၏ရန်ပုံငွေခွဲဝေခွင့်ပြုပေးနိုင်မှုအခြေအနေအရ လက်ရှိတွင် ပါဝင်ခြင်းမရှိသေးသော်လည်း အချိန်နှင့်တပြေးညီ အမှန်တကယ်ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိနေသောလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ပြီး ပြန်လည်ထူထောင်ရန် အခက်အခဲများဖြစ်ပေါ်လျက်ရှိသော လုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ စေတနာမျှဝေခြင်းအစီအစဉ်မှ တတ်အားသရွေ့ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**MOALI ပြန်ကြားရေး**

# ၂၀၁၈-၂၀၁၉ မိုးစပါးရာသီတွင် ရွှေခရုနှင့် Fall Armyworm (FAW) ကာကွယ်နှိမ်နင်းခြင်းစီမံကိန်းဆိုင်ရာ လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲ ကျင်းပ



နေပြည်တော် ဧပြီ ၃၀

**၂၀၁၈ – ၂၀၁၉ မိုးစပါးရာသီတွင် ရွှေခရုနှင့် Fall Armyworm (FAW) ကာကွယ်နှိမ်နင်းခြင်း စီမံကိန်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော် ရုံးအမှတ် ၄၃ ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက် ဆွေးနွေးကြသည်။**

အစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ်က မှာကြားရာတွင် ဆယ်စုနှစ်ကြာ ဖျက်ဆီးလျက်ရှိသည့် ရွှေခရုကျရောက်မှုသည် ယခုအခါ တဖြည်းဖြည်းပျံ့နှံ့လာလျက်ရှိရာ ရောဂါပိုးကာကွယ်နှိမ်နင်းခြင်း လုပ်ငန်းစဉ်များ ပိုမိုအလေးထားဆောင်ရွက်ရေး၊ ငမြှောင်တောင် Fall Armyworm (FAW) မျိုးစိတ်သစ်သည် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများသို့ ပျံ့နှံ့လာလျက်ရှိပြီး အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းများတွင် အဓိကကျရောက်ကာ အခြားသီးနှံများ၌လည်း ကျရောက်ဖျက်ဆီးနိုင်သဖြင့် အဖျက်စွမ်းအားကြီးမားသည့် အဆိုပါဖျက်ပိုးအား ထိရောက်စွာ ကာကွယ်ရေး၊ စိုက်ပျိုးရေးပညာရှင်များ အချင်းချင်း အတွေ့အကြုံများကို ဖလှယ်ရယူကြပြီး လုပ်ငန်းစဉ်အလိုက် ဦးစားပေးဆောင်ရွက်ရေး၊ ပြည်ပဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးပြောကြားသည်။ (ပုံ)

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ) ဦးသက်ဇင်မောင်နှင့် သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးတို့က ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးတက်ရောက်လာကြသူများက ဖူးစားပြောင်း၊ အစေ့ထုတ်ပြောင်းသီးနှံတွင် ကျရောက်မှုများသည့် Fall Armyworm နှင့် စပါးသီးနှံအပေါ် ကျရောက်မှုများသည့် ရွှေခရုကာကွယ်နှိမ်နင်းခြင်းဆိုင်ရာများကို ဝိုင်းဝန်းဆွေးနွေးကြသည်။

**MOALI ပြန်ကြားရေး**



# Maize Value Change in Myanmar

## စီမံကိန်းအကောင်အထည်ဖော်ရေးအလုပ်ရုံ ဆွေးနွေးပွဲ နေပြည်တော်တွင် ကျင်းပ

နေပြည်တော် ဧပြီ ၂၆

**ကိုရီးယားသမ္မတနိုင်ငံ Korea Rural Economic Institute (KREI) 2019 KAPEX Program အရ KREI နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မည့် မြန်မာနိုင်ငံ အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်သူများ ဝင်ငွေတိုးတက်စေရေးအတွက် အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်မှုကွင်းဆက်များအားလေ့လာ၍ အကြံပေးတင်ပြမှုများ ဆောင်ရွက်ခြင်း စီမံကိန်းအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမတွင် ပြုလုပ်သည်။ (ပုံ)**

အဆိုပါဆွေးနွေးပွဲသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ တာဝန်ရှိသူများ၊ KREI မှ Dr.Heo Jang ဦးဆောင်သည့်အဖွဲ့၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စီမံကိန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (စီးပွားကူးသန်းဝန်ကြီးဌာန)၊ Myanmar Agricultural Network၊ မြန်မာ့ဩဘာလုပ်ငန်းစု၊ CP livestock Co., Ltd မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စီမံကိန်း၏ရေရှည်ရည်မှန်းချက်သည် မြန်မာနိုင်ငံ၏ အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်ရှိ လုပ်ငန်းစဉ်များအား တိုးတက်အောင်ဆောင်ရွက်နိုင်ရန်ဖြစ်ပြီး စီမံကိန်း၏ ရည်ရွယ်ချက်များမှာ မြန်မာနိုင်ငံ၏ အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်ရှိ လုပ်ငန်းစဉ်များအား သိရှိနားလည်ရန် လိုအပ်သော

စာ – ၁၁ သို့

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (World Food Programme) အဖွဲ့နှင့် တွေ့ဆုံ ဆွေးနွေး

**နေပြည်တော် ဧပြီ ၃၀**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (World Food Programme - WFP)၏ Resident Representative နှင့် Country Director ဖြစ်သူ Mr.Dom Scalpelli ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီက ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။**



နှစ်ဖက်ဆွေးနွေးရာတွင် ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဆိုင်ရာ စီမံကိန်း Multi-Sectoral National Plan of Action of Nutrition (MS-NPAN) (MS-NPAN) အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးကိစ္စရပ်များကိုလည်းကောင်း၊ အိမ်ထောင်စုအဆင့် အမယ်စုံစိုက်ပျိုးမွေးမြူထုတ်လုပ် စားသုံးမှုနှင့် ဆန်းသစ်တီထွင်မှုများ တိုးမြင့်လာစေရန်၊ ရခိုင်ပြည်နယ် မြို့နယ် ၁၄ မြို့နယ်တွင် စားနပ်ရိက္ခာဖူလုံမှုနှင့် စိုက်ပျိုးရေးဆိုင်ရာ ဆန်းစစ်ချက် အထူးအစီရင်ခံစာ၏ ဦးစားပေးအလိုက် ဆောင်ရွက်သွားမည့်ကိစ္စရပ်များကိုလည်းကောင်း၊ အခြေခံပညာကျောင်းများတွင် ကျောင်းသားကျောင်းသူများ၏ ဉာဏ်ရည်ထက်မြက်မှုအထောက်အကူပြု နို့တိုက်ကျွေးခြင်း ဆောင်ရွက်နေမှုများ၊ WFP ၏ ငါးနှစ်တာအစီအစဉ်အရ အစားအစာဖူလုံမှုမရှိသည့်ဒေသများနှင့်ပဋိပက္ခဒဏ်ခံစားနေရသော ပြည်သူများအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ပြည်သူများ၏ အစားအစာဖူလုံမှုနှင့် အာဟာရပြည့်ဝရေးဆိုင်ရာကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်ရန်နှင့် ၂၀၂၂ ခုနှစ်တွင် အာဟာရပြည့်မီရမည့် အမျိုးသားအဆင့် ရည်မှန်းချက်များနှင့်အညီ မြန်မာနိုင်ငံရှိ အသက်ငါးနှစ်အောက်ကလေးများ အာဟာရပြည့်ဝစေရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

**MOALI ပြန်ကြားရေး**

---

# ဇီဝနည်းပညာသုတေသနဌာနစု သုတေသနအောင်မြင်မှုများကို ဌာနဆိုင်ရာအဆင့် ကွင်းသရုပ်ပြပွဲ ကျင်းပ

**နေပြည်တော် မေ ၃**

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန DAR ရေဆင်းရှိ ဇီဝနည်းပညာသုတေသနဌာနစု၏ ကွင်းသုတေသနလုပ်ငန်းများဖြစ်သည့် စပါးအဖို ဝတ်မှုန်အိတ်မွေးမြူခြင်း၊ Molecular Marker Assisted Breeding နည်းဖြင့် ဆောင်ရွက်ထားရှိသည့် ဘက်တီးရီးယားရွက်ခြောက်ရောဂါဒဏ်ခံ၊ ရေမြုပ်ဒဏ်ခံ၊ ဆားငန်ဒဏ်ခံနှင့် အနံ့မွှေးသည့် စပါးမျိုးလိုင်းများ ရွေးချယ်ခြင်း သုတေသနစမ်းသပ်ကွက်နှင့် ရွှေရည်တိုးစပါးသရုပ်ပြ စမ်းသပ်ကွက်များ သုတေသနပြုဆောင်ရွက်ထားရှိမှု ကွင်းသရုပ်ပြပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီက ကျင်းပရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ဌာနစုတာဝန်ခံများ၊ သုတေသနပညာရှင်များနှင့် ကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြသည်။**




ကွင်းသရုပ်ပြပွဲအခမ်းအနားတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဇီဝနည်းပညာသုတေသနဌာနစုက ဆောင်ရွက်နေသည့် စပါးအဖိုဝတ်မှုန်အိတ်မွေးမြူခြင်း၊ Molecular Marker Assisted Breeding နည်းဖြင့် ဆောင်ရွက်ထားရှိသည့် ဘက်တီးရီးယားရွက်ခြောက်ရောဂါဒဏ်ခံ၊ ရေမြုပ်ဒဏ်ခံ၊ ဆားငန်ဒဏ်ခံနှင့် အနံ့မွှေးသည့် စပါးမျိုးလိုင်းများရွေးချယ်ခြင်း သုတေသနတွေ့ရှိချက်များ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနလက်အောက်ရှိ သုတေသနဌာနများအနေဖြင့် ရေ၊ မြေ၊ ရာသီဥတုနှင့်သင့်လျော်သည့် အထွက်ကောင်း၊ အရည်အသွေးကောင်းသီးနှံမျိုးသစ်များနှင့် စိုက်ပျိုးနည်းပညာသစ်များအား အစဉ်သုတေသနပြုဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် တိကျခိုင်မာသည့် သုတေသနစီမံအုပ်ချုပ်မှု ပင်မအစီအစဉ် (Master Plan) များ ရေးဆွဲချမှတ်ကာ တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းခွင်အတွက် အကျိုးပြုသုတေသနရလဒ်များ ရှာဖွေဖော်ထုတ်ရန် ကိစ္စရပ်များ၊ တီထွင်ကြံဆမှု၊ အတွေးအခေါ်ဆန်းသစ်မှုနှင့် မိမိတို့တတ်မြောက်ထားသည့် နည်းပညာတို့ပေါင်းစပ်ကာ သုတေသနဆောင်ရွက်ရန်များနှင့် ဌာနဆိုင်ရာအဆင့် ကွင်းသရုပ်ပြပွဲကို တက်ရောက်လာကြသည့် သုတေသနပညာရှင်များက အတွေးအခေါ်ကောင်းများဖြင့် နှီးနှောဖလှယ်ကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဇီဝနည်းပညာ၊ မျိုးစေ့ဘဏ်နှင့်သီးနှံကာကွယ်ရေးသုတေသနဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာနွဲ့နွဲ့ယဉ်က သုတေသနပြုဆောင်ရွက်ထားသော ဘက်တီးရီးယားရွက်ခြောက်ရောဂါဒဏ်ခံ၊ ရေမြုပ်ဒဏ်ခံ၊ ဆားငန်ဒဏ်ခံနှင့် အနံ့မွှေးသည့် စပါးမျိုးလိုင်းများအား ရေဆင်းတွင်လည်းကောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့်ပူးပေါင်းကာ ဧရာဝတီတိုင်း ဖျာပုံ၊ မြောင်းမြ စိုက်ပျိုးရေးသုတေသနခြံ၊ ပဲခူးတိုင်းအနောက်ပိုင်း၊ ရွှေတောင်တို့၌အဆင့်ဆင့် စမ်းသပ်စိုက်ပျိုးပြီး၊ သုတသနပြုခြင်းမှ ရရှိလာသော တည်ငြိမ်သည့်မျိုးလိုင်းများ ရရှိမှုအခြေအနေနှင့် လာမည့်နှစ်တွင် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ (TSC) သို့ တင်သွင်းသွားရန် စီစဉ်ထားရှိမှုများ၊ စပါးအဖိုအိတ်ဝတ်မှုန်မွေးမြူခြင်း သုတေသနပြုကွက်နှင့် မျိုးသစ်အသိအမှတ်ပြုလက်မှတ်ရရှိရန်အတွက် (TSC) သို့ မှတ်ပုံတင်ထားသည့် ရွှေရီတိုးစပါးမျိုး သရုပ်ပြစမ်းသပ်ကွက်များ ဆွေးနွေးတင်ပြသည်။

ထို့နောက် ဇီဝနည်းပညာသုတေသနဌာနစု တာဝန်ခံ ဒေါ်သက်သက်ဦးက အပင်တစ်သျှူးနည်းပညာ၊ မော်လီကျူလာနည်းပညာနှင့် အပင်တစ်သျှူးနှင့် မော်လီကျူလာနည်းပညာ ပေါင်းစပ်သုတေသနပြု စမ်းသပ်ခြင်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် Molecular Marker Assisted Breeding နည်းပညာဖြင့် မွေးမြူရရှိသော ဆင်းသွယ်လတ် စပါးမျိုးလိုင်းသစ်များ ရွေးချယ်ခြင်းစမ်းသပ်ကွက်တာဝန်ခံ ဒေါက်တာသီတာက အဆိုပါနည်းဖြင့် ရွေးချယ်ရရှိလာသော စပါးမျိုးလိုင်းများ၏ ဘက်တီးရီးယားရွက်ခြောက်ရောဂါဒဏ်ခံခြင်း၊ ရေမြုပ်ဒဏ်ခံနိုင်ခြင်း၊ ဆားငန်ဒဏ်ခံနိုင်ခြင်းနှင့် အနံ့မွှေးခြင်းစသော လက္ခဏာလေးမျိုးနှင့် ပင်လယ်ဆားငန်ရေဝင်သော စပါးစိုက်ဒေသများတွင် စိုက်ပျိုးဖြစ်ထွန်းကာ ဆားပြင်းအား (12 ds/m) ထိ ခံနိုင်ရည်ရှိပြီး ရေမြုပ်ဒဏ်ကို ၂၂ ရက်ထိခံနိုင်ကြောင်းနှင့် ဘက်တီးရီးယားရွက်ခြောက်ရောဂါဒဏ်ခံနိုင်ရည်ရှိမှုတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သက်တမ်းတိုသောဆင်းသုခ Double Haploid မျိုးလိုင်းများ ရွေးချယ်ခြင်း စမ်းသပ်ကွက်တာဝန်ခံ ဒေါက်တာသတိုးအောင်က စပါးအဖိုဝတ်မှုန်အိတ်မွေးမြူခြင်းဖြင့် ရရှိလာသော ဆင်းသုခမျိုးသစ်လိုင်းသည် မိဘဆင်းသုခမျိုးထက် အသက်ရက် ၂၀ ရက်ခန့် သက်တမ်းပိုတိုသည့်အပြင် ဘက်တီးရီးယားရွက်ခြောက်ရောဂါကျရောက်ပါက အထွက်နှုန်း ၂၀ မှ ၃၀ ရာခိုင်နှုန်း လျော့နည်းခြင်းမှ ကာကွယ်နိုင်ခြင်းစသည့် ကောင်းမွန်သော လက္ခဏာများနှင့် ပတ်သက်၍ စမ်းသပ်တွေ့ရှိချက်ကို တင်ပြသည်။

အဆိုပါမျိုးများသည် ပြောင်းလဲလာသော ရာသီဥတုအခြေအနေ တောင်သူများအတွက် အကျိုးရှိပြီး၊ သက်တမ်းတို၍ ရွက်ခြောက်ရောဂါဒဏ်ခံနိုင်သည့် မျိုးသစ်ဖြစ်ကြောင်း သိရသည်။

ထို့နောက် မြင့်မားသော အပူချိန်ကြောင့် စပါးသီးနှံ၏ ကြီးထွားဖွံ့ဖြိုးမှုအပေါ် အကျိုးသက်ရောက်မှုကို လေ့လာခြင်းစမ်းသပ်ကွက်တာဝန်ခံ ဒေါ်ခိုင်ခိုင်မြင့်က ဆက်လက်တင်ပြပြီး တက်ရောက်လာကြသည့် သုတေသနပညာရှင်များနှင့် ကျွမ်းကျင်ပညာရှင်များက အကြံပေးဆွေးနွေးကြသည်။

**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

---

၈ - ၁၀ Maize Value မှ

သတင်းအချက်အလက်များ ကောက်ယူစုဆောင်းရန်၊ ကောက်ယူရရှိသော သတင်းအချက်အလက်များကို အသေးစိတ်ခွဲခြမ်းစိတ်ဖြာသုံးသပ်၍ ကွင်းဆက်တစ်လျှောက် ပါဝင်ဆောင်ရွက်နေသူများ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုရှိစေရန် ပြုပြင်ဆောင်ရွက်သင့်သည့် မူဝါဒနှင့် နည်းပညာများအား အကြံပြု အထောက်အပံ့ပေးရန်၊ ဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်သောဌာနများမှ အရာထမ်းနှင့် ပညာရှင်များအနေဖြင့် ကိုရီးယားသမ္မတနိုင်ငံ၏ အတွေ့အကြုံနှင့် နည်းပညာများအား သိရှိလေ့လာနိုင်ခြင်းဖြင့် ၎င်းတို့၏ အသိပညာနှင့် အတတ်ပညာများကို တိုးတက်မြင့်မားလာစေရန် ဖြစ်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ၌ ကိုရီးယားသမ္မတနိုင်ငံ KREI မှ ပညာရှင်များ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပညာရှင်များ၊ ပုဂ္ဂလိကကုမ္ပဏီများမှ တာဝန်ရှိသူများက စီမံကိန်းကာလတွင် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို တင်ပြကြပြီး တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးကြသည်။

**MOALI ပြန်ကြားရေး**

# ကွာစေ့သို့မဟုတ်ဖရဲစေ့နှင့်ကျန်းမာလှပစေနိုင်သည့်အကျိုးအာနိသင်စွမ်းအားများ

**သဘာဝတရားမှ လက်ဆောင်ရရှိထားသည့် ကွာစေ့ဟု လူသိများကြသည့် ဖရဲစေ့တွင် ကျန်းမာရေးအကျိုးကျေးဇူးကောင်းများစွာ ရှိ၏။ ဖရဲစေ့တွင် ဗီတာမင်အေ၊ ဘီဝမ်း၊ ဘီဖိုက်၊ ဘီစစ်၊ ဗီတာမင်စီ၊ ကော့ပါးခေါ်ကြေးနီဓာတ်၊ ဘိုင်အိုတင်၊ ပိုတက်စီယမ်နှင့် မဂ္ဂနီစီယမ်ဓာတ်တို့ ပါဝင်၏။**

ထို့ပြင် ဖြည့်စွက်ဓာတ်ပေါင်းများဖြစ်သည့် မပြည့်ဝဆီများ၊ အခြေခံပရိုတင်းဓာတ်များ၊ သတ္တုဓာတ်များဖြစ်သည့် မဂ္ဂနီစီယမ်၊ ပိုတက်စီယမ်၊ မဂ္ဂနိစ်၊ ဇင့်ခ်၊ ဖော့စဖရက်စ်၊ သိုင်ယာမင်၊ နိုင်ရာစင်နှင့် ဖိုလိပ်ဓာတ်တို့ ကြွယ်ဝစွာ ပါဝင်၏။ ဖရဲစေ့ကိုစားသုံးခြင်းဖြင့် နှလုံးကျန်းမာရေးကို ပိုမိုကောင်းမွန်စေခြင်း၊ သွေးအတွင်းရှိသကြားဓာတ်ပမာဏကို ထိန်းပေးခြင်းနှင့် ကိုယ်ခံစွမ်းအားစနစ်ကိုမြှင့်တင်ပေးခြင်း အစရှိသည့် အကျိုးကျေးဇူးများကိုလည်း ရရှိစေနိုင်၏။

လှော်ပြီးသားဖရဲစေ့ကို အခွံနွှာပြီး အစေ့ဆန်လိုက်အတိုင်းဖြစ်စေ၊ အမှုန့်ပုံစံဖြင့်ဖြစ်စေ၊ ပြုတ်ပြီးဖြစ်စေ နှစ်သက်ရာပုံစံမျိုးစုံဖြင့် စားသုံးနိုင်သော်လည်း ရရှိလာမည့် ကျန်းမာရေးအကျိုးအာနိသင်မှာ ပြောင်းလဲလျော့နည်းခြင်း မရှိပေ။

## ဖရဲစေ့ကို စားသုံးခြင်းဖြင့် ရရှိစေမည့် ကျန်းမာရေးအကျိုးကျေးဇူးများ

## နှလုံးကျန်းမာရေးကို မြှင့်တင်ပေးခြင်း

ဖရဲစေ့တွင် မဂ္ဂနီစီယမ်ဓာတ်ကြွယ်ဝစွာပါဝင်သဖြင့် နှလုံးကျန်းမာရေးအတွက် အထူးပင်သင့်လျော်လှ၏။ ဖရဲစေ့တွင် ပါဝင်သည့် ရောင်ရမ်းနာဆန့်ကျင်နိုင်သည့်ပစ္စည်း၊ ဓာတ်တိုးဆန့်ကျင်ပစ္စည်းနှင့် နှလုံးသွေးကြောများကို ကျယ်ပြန့်စေနိုင်စွမ်းသည့်ပစ္စည်းတို့ ပါဝင်သည့်အတွက် သွေးပေါင်ချိန်ကို ပုံမှန်အနေအထားရှိစေပြီး နှလုံးခုန်နှုန်းကို ပုံမှန်အတိုင်းဖြစ်စေရန် အထောက်အကူပေး၏။ ထို့ပြင် ယင်းတွင် စီထရူလိုင်းဓာတ်ပါဝင်သည့်အတွက် နှလုံးသွေးကြောများ၏ ဖိအားကို လျော့နည်းစေပြီး နှလုံးကို ကာကွယ်ပေးနိုင်၏။ ဖရဲစေ့မှထုတ်ယူထားသည့်အဆီသည် သွေးအတွင်းရှိ ကိုလက်စထရောပမာဏကို လျော့နည်းစေပြီး နှလုံးရောဂါဖြစ်ပွားနိုင်ခြေကို ကာကွယ်ပေး၏။







ကြေးမုံငယ်

## ကိုယ်ခံစွမ်းအားစနစ်ကို ကြံ့ခိုင်စေခြင်း

ဖရဲစေ့လှော်တွင် သံဓာတ်ကြွယ်ဝစွာပါဝင်သဖြင့် ကိုယ်ခံစွမ်းအားစနစ်၏ လုပ်ငန်းဆောင်တာများလုပ်ဆောင်ရန် အဓိကအရေးပါလှ၏။ ထိုမျှသာမက ဖရဲစေ့လှော်တွင် ဗီတာမင်ဘီနှင့် မဂ္ဂနီစီယမ်ဓာတ်တို့ ပါဝင်၍ ကိုယ်ခံစွမ်းအားစနစ် ပြန်လည်မြင့်တက်ကောင်းမွန်စေရန် အဓိကလုပ်ဆောင်ပေးသည့်အပြင် ဓာတ်မတည့်ခြင်း ဝေဒနာဖြစ်ခြင်းတို့မှလည်း ကာကွယ်နိုင်စွမ်းရှိ၏။

## အမျိုးသားများ မျိုးအောင်နိုင်မှုနှုန်းမြင့်တက်စေခြင်း

ဖရဲစေ့လှော်တွင် ဇင့်ဓာတ်ကြွယ်ဝစွာပါဝင်၍ အမျိုးသားများ မျိုးအောင်နိုင်မှုအတွက် အထောက်အကူဖြစ်စေ၏။ မျိုးအောင်မှုအားနည်းနေကြသည့် အမျိုးသားများအတွက် ဖရဲစေ့လှော်ကိုစားခြင်းဖြင့် ဇင့်ဓာတ်သည် သုက်ကောင်အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်စေ၏။ ဖရဲစေ့လှော်တွင် မဂ္ဂနိစ်ဓာတ်ပါဝင်သဖြင့် မျိုးအောင်မှု အားနည်းကြသည့် အမျိုးသားများအတွက် မရှိမဖြစ် စားသုံးပေးသင့်၏။

## ဆီးချိုရောဂါကို ထိန်းချုပ်နိုင်ခြင်း

ဖရဲစေ့တွင် ပါဝင်သည့် ဂလိုင်ကိုဂျင်ဓာတ်သည် ဆီးချိုရောဂါဖြစ်ပွားမှုကို သိသိသာသာ ထိန်းချုပ်ပေးနိုင်စွမ်းရှိ၏။ ဖရဲစေ့မှ ထုတ်ယူထားသည့်အဆီသည် သွေးအတွင်းရှိ ပလာစမာဂလူးကို့စ် ပမာဏကို လျှော့ချပေးနိုင်၍ ဆီးချိုရောဂါဖြစ်နိုင်စွမ်းကို တားမြစ်ပေးသည်။ ဖရဲစေ့လှော်တွင် မဂ္ဂနီစီယမ်ဓာတ်ပါဝင်သဖြင့် မဂ္ဂနီစီယမ်ဓာတ် ချို့တဲ့ခြင်းနှင့် ဆက်စပ်လျက်ရှိသည့် ဆီးချိုရောဂါအမျိုးအစား ၂ ကို ထိန်းချုပ်ပေးနိုင်စွမ်းရှိ၏။ ဖရဲစေ့တွင် ပါဝင်သည့် ဇင့်ဓာတ်သည်လည်း ကာဘိုဟိုက်ဒရိတ်နှင့် အင်ဆူလင်တို့၏ ဇီဝကမ္မဖြစ်စဉ်ကို အထောက်အကူပြုပေးနိုင်စွမ်းရှိသဖြင့် ဆီးချိုရောဂါဖြစ်ပွားနိုင်မှုကို ထိန်းချုပ်ပေးနိုင်၏။

## ဦးနှောက်မှတ်ဉာဏ် တိုးတက်စေခြင်း

အသက်အရွယ်ကြီးလာသည်နှင့်အမျှ လူသားတို့၏ ဦးနှောက်မှတ်ဉာဏ်စွမ်းရည်နှင့်ပတ်သက်ပြီး မကြာခဏမှတ်ဉာဏ်ပျောက်ဆုံးတတ်ကြသူများအတွက် မဂ္ဂနီစီယမ်ဓာတ်ကြွယ်ဝစွာပါဝင်သည့် ဖရဲစေ့လှော်ကို ပုံမှန်နေ့စဉ်စားသုံးပေးခြင်းဖြင့် ဦးနှောက်၏ မှတ်ဉာဏ်စွမ်းရည်ကို တိုးတက်ကောင်းမွန်စေနိုင်၏။ ဦးနှောက်ထိခိုက်ဒဏ်ရာရခြင်းကြောင့် စိတ်ဖောက်ပြန်ဝေဒနာရှင်များနှင့် အယ်လ်ဇိုင်းမားဝေဒနာရှင်များကို ဖရဲစေ့ဖြည့်စွက်စာကိုပေးကြ၏။ ဖရဲစေ့တွင် ဇင့်ဓာတ်ကြွယ်ဝစွာပါဝင်သဖြင့် ဦးနှောက်နှင့်ပတ်သက်သည့် သာမန်ဖျားနာခြင်းဝေဒနာများအတွက် အသင့်တော်ဆုံးသော ဆေးတစ်လက်ဖြစ်၏။ ထို့ပြင် ဖရဲစေ့တွင် နိုင်ယာစင်ဓာတ်ပါဝင်သဖြင့် အာရုံကြောစနစ်၏ ကျန်းမာရေးကို အထောက်အပံ့ကောင်း ဖြစ်စေ၏။

## အစာခြေစနစ်ကို ပိုမိုကောင်းမွန်စေခြင်း

ဖရဲစေ့တွင်ပါဝင်သည့် မဂ္ဂနီစီယမ်ဓာတ်သည် အစားအစာများကို ခြေဖျက်ရာတွင် အထောက်အကူပြုပေးသည့် အင်ဇိုင်းများကို နိုးထစေနိုင်စွမ်းရှိသဖြင့် အစာခြေဖျက်ခြင်းကို လွယ်ကူကောင်းမွန်စေ၏။ ဇင့်ဓာတ်သည်လည်း ကိုယ်တွင်းကလီစာများနှင့် အစာအိမ်အတွက် အက်စစ်ဓာတ်များခြင်းကြောင့်ဖြစ်ပွားတတ်သည့် ကျန်းမာရေးပြဿနာများဖြစ်ခြင်းမှ ကာကွယ်ပေး၏။

## အရေပြားကို သန့်ရှင်းကြည်လင်ကျန်းမာစေခြင်း

ဖရဲစေ့လှော်တွင် ပါဝင်သည့် မဂ္ဂနီစီယမ်ဓာတ်သည် အရေပြားကို သန့်ရှင်းကြည်လင်စေနိုင်စွမ်းရှိ၏။ မဂ္ဂနီစီယမ်ဓာတ် ချို့တဲ့ပါက ဓာတ်မတည့်သည့်အရာနှင့် ထိတွေ့သည့်အခါ ဒုက္ခပေးတတ်သည့် ဟစ်စတာမင်းဓာတ်သည် နှင်းခူနာအပါအဝင် အရေပြားယားယံခြင်းဝေဒနာများ ဖြစ်ပွားတတ်ခြင်းမှ ကာကွယ်ပေးနိုင်စွမ်းရှိ၏။ သွေးအတွင်း မဂ္ဂနီစီယမ်ပမာဏ မညီမျှခြင်းကြောင့် ဖြစ်ပွားတတ်သည့် အရေပြားခြောက်သွေ့ခြင်းနှင့် ကိုယ်လက်ရောင်ရမ်းနာဝေဒနာများ ခံစားလာရပါကလည်း ဖရဲစေ့လှော်ကို ဖြည့်စွက်စာအဖြစ် စားသုံးပေးခြင်းဖြင့် ဝေဒနာကို သက်သာစေနိုင်၏။

## နုပျိုအရွယ်တင်စေခြင်း

ဖရဲစေ့လှော်ဖြစ်စေ၊ အစိမ်းအတိုင်းဖြစ်စေ၊ ပြုတ်ပြီးဖြစ်စေ၊ ဖရဲစေ့အပင်ပေါက်ကိုဖြစ်စေ ပုံမှန် စားသုံးပေးခြင်းဖြင့် အရွယ်မတိုင်မီ အိုမင်းရင့်ရော်ခြင်းကို တားဆီးပေးပြီး အရွယ်တင်နုပျိုစေနိုင်၏။ ဖရဲစေ့တွင် ဇင့်ဓာတ်သည် အိုမင်းရင့်ရော်ခြင်းကို နှောင့်နှေးစေပြီး ပရိုတင်းချက်လုပ်နိုင်မှုစွမ်းအားကို မြှင့်တင်ပေးပြီး ဆဲလ်များပြိုကွဲကာ ဆဲလ်အိုများကို ပြန်လည်ပြုပြင်ပေးနိုင်သဖြင့် အရွယ်တင်နုပျိုအောင် ထိန်းပေးထားနိုင်၏။

## ဆံကေသာ သန်စွမ်းနက်မှောင်စေခြင်း

ဆံပင်ကို လူတိုင်း၏ ဒုတိယမျက်နှာဟု တင်စားခေါ်ဝေါ်လေ့ရှိကြသဖြင့် ဆံကေသာ ကျန်းမာရေးအတွက် ဖရဲစေ့ကို စားသုံးပေးသင့်၏။ ဖရဲစေ့တွင်ပါဝင်သည့် မဂ္ဂနီစီယမ်ဓာတ်သည် ဆံသားများ နှစ်ခွဖြစ်ခြင်း၊ ဆံပင်ကျွတ်ခြင်းနှင့် ကြမ်းခြင်းတို့ မဖြစ်ပွားစေရန် အထောက်အကူပြုနိုင်၏။ ဖရဲစေ့ကို နေ့စဉ်ပုံမှန်စားသုံးပေးခြင်းဖြင့် မိမိတို့အလိုရှိသည့် ဆံကေသာနက်မှောင်သန်စွမ်းခြင်းကို ရရှိစေနိုင်မည် ဖြစ်၏။

## ကိုယ်တွင်းစွမ်းအင် တိုးတက်ကောင်းမွန်စေခြင်း

ဖရဲစေ့ကို အစိမ်းအတိုင်းဖြစ်စေ၊ လှော်ပြီးဖြစ်စေ၊ ပြုတ်ပြီးဖြစ်စေ၊ အပင်ဖောက်ပြီးဖြစ်စေ လက်ဖက်ရည် ပန်းကန်လုံးတစ်လုံးပမာဏဖြင့် နေ့စဉ်စားသုံးခြင်းသည် ကျွန်ုပ်တို့၏ ကိုယ်တွင်းစွမ်းအင်ပမာဏကို ချက်ချင်း တိုးတက်ကောင်းမွန်စေနိုင်၏။

## ကျောက်ကပ်နှင့် ဆီးလမ်းကြောင်းရောဂါများအတွက် ကောင်းမွန်စေခြင်း

ဖရဲစေ့တွင်ပါဝင်သည့် စီထရူလိုင်း (citrulline) ပစ္စည်းသည် ကင်ဆာရောဂါကို ကာကွယ်ပေးနိုင်စွမ်းသည့်အာနိသင်ရှိသည့်အပြင် နှလုံးသွေးကြောနှင့်ပတ်သက်သည့် ရောဂါများ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါတစ်မျိုးကြောင့် ကိုယ်လက်လှုပ်ရှားသည့်အခါ ရင်ခေါင်းတွင် စူးအောင့်ခြင်းရောဂါ အစရှိသည့် ဝေဒနာများကို သက်သာစေနိုင်၏။

**ကျောက်ကပ်နှင့် ဆီးလမ်းကြောင်းတွင် နာကျင်ခြင်းဝေဒနာများအတွက် ဖရဲစေ့သည် အလွန်အဖိုးတန်လှသည့် ဆေးစွမ်းကောင်းတစ်လက်ဖြစ်၏။ ကျောက်ကပ်အတွင်း ကျောက်တည်ခြင်း၊ ကျောက်မှုန်လေးများဖြစ်ခြင်းဝေဒနာရှင်များအတွက် ဖရဲစေ့ပြုတ်ရေနွေးကြမ်းသည် အကောင်းဆုံးဆေးစွမ်းတစ်လက်ဖြစ်၏။**

လတ်ဆတ်သည့်ဖရဲစေ့ ၂၀ မှ ၃၀ စေ့ခန့်ကို ကြိတ်ခြေပြီး ရေသန့် နှစ်လီတာတွင် ၁၅ မိနစ်ခန့် ပွက်ပွက်ဆူအောင် တည်ပေးပါ။ ပြီးလျှင် အအေးခံထားပြီး အရည်ကို စစ်ယူပြီး နှစ်ရက်အတွင်း သောက်သုံးပေးပါ။ သုံးရက်မြောက်နေ့မှ စတင်ပြီး မသောက်ဘဲ ၁၅ ရက်ကြာသည်အထိ ရပ်နားပေးပါ။ ထိုရက်နောက်ပိုင်းတွင် ပြန်လည်သောက်သုံးလိုပါက ဖရဲစေ့ရေနွေးကြမ်း ပြန်လည်ကျိုချက်ပြီး နှစ်ရက်သောက်၊ ၁၅ ရက်နားဖြင့် သောက်သုံးပေးခြင်းဖြင့် ကျောက်ကပ်နှင့် ဆီးလမ်းကြောင်းအတွင်း ကျောက်တည်ခြင်းဝေဒနာကို သက်သာစေနိုင်၏။

## သတိပြုရမည့်အချက်

ပမာဏများများ စားသုံးမိပါက ကိုယ်အလေးချိန်တိုးလာတတ်သည်ကို မမေ့သင့်ပေ။ **အစားလည်းဆေး ဆေးလည်းအစာ၊ တန်ဆေးလွန်ဘေး**ဆိုသည့်စကားအတိုင်း အလွန်အကျွံမဖြစ်စေဘဲ ဆေးအဖြစ် မှီဝဲသုံးဆောင်ခြင်းဖြင့် ကျန်းမာရေးအတွက်သာမက အလှအပအတွက်ပါ အကျိုးအာနိသင်ကောင်းများ ရရှိစေမည်ဖြစ်၏။ ■

# ရခိုင်ပြည်နယ်တွင်း စီးပွားရေးရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းနှင့် မျှော်လင့်ချက်များ

**မြန်မာ နိုင်ငံ၏အနောက်ဘက် ဘင်္ဂလားပင်လယ်အော် ပင်လယ်ကမ်းရိုးတန်းကို မေးတင်ထားသော ရခိုင်ပြည်နယ်မှာ တိမ်မြုပ်နေသော စီးပွားရေးအခွင့်အလမ်းကောင်းများ တည်ရှိရာနေရာတစ်ခုဖြစ်သည်။ သို့ရာတွင် လတ်တလော၌ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများ လာရောက် ရင်းနှီးမြှုပ်နှံရန် တွန့်ဆုတ်နေကြသည့်ပြည်နယ်တစ်ခုကဲ့သို့ ဖြစ်နေသည်။**

ကမ္ဘာ့ဘဏ်က ၂၀၁၈ ခုနှစ် ဒီဇင်ဘာတွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာအရ ရခိုင်ပြည်နယ်၌ ပေါ်ပေါက်နေသော ပဋိပက္ခသည် ခရီးသွားလာမှုလုပ်ငန်းအပြင် အခြားဆက်စပ်စီးပွားရေးကဏ္ဍများကိုပါ ထိခိုက်စေနိုင်သည်ဟု သုံးသပ်ထားသည်။

ရခိုင်ပြည်နယ်တွင် လက်ရှိအနေအထားအရ အနောက်အုပ်စုဝင်နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံသူများ တွန့်ဆုတ်နေသေးသော်လည်း အခြားတစ်ဖက်တွင် အာရှအင်အားကြီးနိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယားစသည့်နိုင်ငံများက စိတ်ဝင်စားမှုရှိနေသည့် ဒေသတစ်ခုဖြစ်သည်။ အထူးသဖြင့် ရခိုင်ပြည်နယ်၏ တည်နေရာသည် နိုင်ငံရေး၊ စီးပွားရေးအရ မဟာဗျူဟာမြောက်ဒေသတစ်ခုဖြစ်သည့်အလျောက် အာရှနိုင်ငံများ၏ စိတ်ဝင်စားမှုကလည်း မြင့်တက်နေခြင်းဖြစ်သည်။













ကျွန်းသားမြန်မာ

ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းစစ်တမ်းသုတေသနအစီရင်ခံစာအရ နိုင်ငံအလိုက် စိတ်ဝင်စားမှုအခြေအနေကို သုတေသနပြုလုပ်ခဲ့ရာ ဂျပန်နှင့် တရုတ်နိုင်ငံတို့မှာ စိတ်ဝင်စားမှုအများဆုံး ဖြစ်ကြောင်း သိရသည်။ ထို့အတူ စင်ကာပူနှင့် ကိုရီးယားနိုင်ငံများကလည်း စိတ်ဝင်စားမှုများပြားနေသည်။ အာရှနိုင်ငံများနှင့်စာလျှင် အခြားနိုင်ငံများက စိတ်ဝင်စားမှုနည်းပါးနေသေးသည်ဟု ဆိုသည်။

တရုတ်နိုင်ငံသည် ၎င်းတို့၏ပိုးလမ်းမသစ် (One Belt One Road) စီမံကိန်းနှင့်ဆက်စပ်၍ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ကိုရီးယားနိုင်ငံသည်လည်း ရခိုင်ပြည်နယ်အတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကာ မကြာသေးမီကလည်း ကျောက်ဖြူစီးပွားရေးဇုန်နှင့် ဆက်စပ်နေသော မာန်အောင်ကျွန်းတွင် ဆိုလာစနစ်ဖြင့် ၂၄ နာရီမင်းလင်းရေးကို ဆောင်ရွက်လျက်ရှိနေသည်။ ထို့အတူပင် ဂျပန်နိုင်ငံသည်လည်း ရခိုင်ပြည်နယ်အတွင်း ပညာရေးကဏ္ဍအတွက် ကျောင်းများဆောက်လုပ်ခြင်းကဲ့သို့သော အကူအညီများကို ပေးလျက်ရှိပြီး ရခိုင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုစီးပွားရေးလုပ်ငန်းများ ဝင်ရောက်လာရန် အခြေခံလိုအပ်သည့်လမ်းများဖောက်လုပ်ခြင်း၊ လျှပ်စစ်မီးစသည့်အခြေခံအဆောက်အအုံများအတွက် ဂျပန်အစိုးရဖွံ့ဖြိုးရေး အကူအညီအိုဒီအေချေးငွေများပေးရန်ကမ်းလှမ်းမှုများ ရှိနေကြောင်း ကြားသိရသည်။

## အလားအလာရှိသော စီးပွားရေးလုပ်ငန်းများ

၂၀၁၉ ခုနှစ် ဇန်နဝါရီတွင် နေပြည်တော်၌ ကျင်းပခဲ့ပြီး ကိုယ်စားလှယ် ၁၆၀၀ ဦးခန့် တက်ရောက်ခဲ့သော Invest Myanmar Summit 2019 တွင် ရခိုင်ပြည်နယ်၌ အကောင်အထည်ဖော်မည့် စီမံကိန်းသစ်များဖြစ်သော လေဆိပ်တည်ဆောက်ရေး စီမံကိန်းများ၊ စက်မှုဇုန်များနှင့်မြို့သစ်များ တည်ဆောက်ရေးစီမံကိန်းများကို မျှဝေပေးခဲ့ကြောင်း သိရသည်။ ရခိုင်ပြည်နယ်တွင် တည်ဆောက်မည့် အထူးစီးပွားရေးဇုန်စီမံကိန်းများသည် ရခိုင်ပြည်နယ်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုနှင့် မျှော်လင့်ချက်အသစ်များကို ဖြစ်ပေါ်စေသည့် အဓိကအရင်းအမြစ်တစ်ခုဖြစ်ပြီး အချိန်တိုအတွင်း စက်မှုလုပ်ငန်းများကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ထို့အတူ ရခိုင်ဒေသရှိလုပ်ငန်းများနှင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကိုလည်း ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။

သံတွဲကမ်းရိုးတန်းရှိ ငပလီကမ်းခြေအပြင် ငွေမြို့နယ်ရှိကမ်းခြေများသည်လည်း သဘာဝအခြေခံခရီးသွားလာရေးလုပ်ငန်းများ ဖော်ဆောင်နိုင်သော နေရာဒေသများဖြစ်ကြသည်။

ငွေမြို့နယ်ရှိ ငွကျွန်းကို ခရီးသွားလာရေးဇုန်တစ်ခုအဖြစ် ဖော်ဆောင်ရန် စီစဉ်ဆောင်ရွက်နေသကဲ့သို့ လက်ရှိကမ်းသာယာကမ်းခြေသည်လည်း အလားအလာကောင်းသောခရီးသွားလုပ်ငန်းနေရာတစ်ခုဖြစ်သည်။

ထို့အတူ မာန်အောင်ကျွန်း၏အနောက်ဘက်၊ အနောက်တောင်ဘက်ကမ်းခြေများသည် ဘင်္ဂလားပင်လယ်အော်ကိုမေးတင်ကာ မျက်နှာမူထားသောကမ်းခြေများဖြစ်၍ နိုင်ငံခြားတိုင်းပြည်များရှိ ပင်လယ်ကမ်းခြေများနှင့်ယှဉ်ပြိုင်နိုင်သော ခရီးသွားဒေသကြီးတစ်ခုကို ဖော်ဆောင်နိုင်သည့်နေရာတစ်ခုလည်းဖြစ်သည်။ ရခိုင်ပြည်နယ်၏ ခရီးသွားလုပ်ငန်းတွင် မြောက်ဦးရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသသည်လည်း ရှေးရခိုင်မင်းများ၏ရင်သပ်ရှုမောဖွယ်ရာ အလုတရားများဖြင့် အသေးစိတ်ထုံမွမ်းထားသော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များဖြစ်ကာ ကမ္ဘာ့တွင်ဖော်ထုတ်ရန်ကျန်ရှိနေသေးသည့် ဘာသာရေးဆိုင်ရာဒေသကြီးတစ်ခုဖြစ်သည်။ ရှေးရခိုင်မင်းများ၏ ကြွယ်ဝလှသောယဉ်ကျေးမှုနှင့် အနုသုခုမဆိုင်ရာ ထွန်းကားခဲ့ညားထည်ဝါမှုပြယုဂ်ကို ပြင်ပကမ္ဘာမှသိရှိစေနိုင်သော ထူးခြားသည့်ခရီးသွားနယ်မြေလည်း ဖြစ်သည်။

ရခိုင်ပြည်နယ်အတွင်း အိမ်ခြံမြေလုပ်ငန်း၊ အခြေခံအဆောက်အဦများတည်ဆောက်ခြင်းလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်း၊ အဝတ်အထည်နှင့်အထည်အလိပ်ထုတ်လုပ်သည့်လုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ရေလုပ်ငန်း၊ သစ်တောလုပ်ငန်း၊ မွေးမြူရေးနှင့်စိုက်ပျိုးရေးလုပ်ငန်းများသည် ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသူ ပြည်တွင်း၊ ပြည်ပမှ လုပ်ငန်းရှင်များအတွက် အလားအလာကောင်းသော လုပ်ငန်းများဖြစ်ကြသည်။

ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်မှုလုပ်ငန်းမှာ ရခိုင်ပြည်နယ်၏ အလားအလာကောင်းမွန်သောပိုင်ဆိုင်မှုတစ်ခုလည်း ဖြစ်သည်။ ရခိုင်ပြည်နယ်တွင် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း လုပ်ကွက် ၂၃ ကွက်ရှိပြီး၊ ကုန်းတွင်းလုပ်ကွက်နှစ်ခုရှိသည်။ မြန်မာနိုင်ငံသည် ရေနံနှင့်သဘာဝဓာတ်ငွေ့အရင်းအမြစ်များ ကြွယ်ဝရာနိုင်ငံတစ်ခုဖြစ်သည်။ ရခိုင်၊ ဟူးကောင်း၊ ချင်းတွင်း၊ ရွှေဘို၊ မုံရွာ၊ မြန်မာပြည်အလယ်ပိုင်း၊ ပြည်၊ ဧရာဝတီ၊ ပဲခူးရိုးမ၊ စစ်တောင်း၊ ကရင်၊ မွန်၊ ရှမ်း၊ တနင်္သာရီ၊ မုတ္တမကမ်းလွန်၊ တနင်္သာရီကမ်းလွန်နှင့် ရခိုင်ကမ်းလွန်တို့သည် ထင်ရှားသော သာဓကဖြစ်သည်။ ယင်းတို့အနက် မုတ္တမ၊ တနင်္သာရီနှင့် ရခိုင်တို့သည် ရှာဖွေတွေ့ရှိမှုများပြားသောနေရာများလည်း ဖြစ်သည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍတွင် နွားမွေးမြူရေးလုပ်ငန်း၊ ရေချို၊ ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်း၊ ကဏန်းဖမ်းဆီးထုတ်ယူခြင်း၊ မွေးမြူခြင်းနှင့် ကဏန်းပျော့မွေးမြူခြင်းလုပ်ငန်းများ၊ ကမ်းရိုးတန်း ကမ်းနီးနှင့် ကမ်းလွန်ငါးဖမ်းလုပ်ငန်းဈေးကွက်သည် ပြည်တွင်းသာမက အာဆီယံ၊ အိန္ဒိယ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်နှင့် ဥရောပဈေးကွက်များပါ ဖြန့်ကျက်နိုင်စွမ်းရှိသည်။

### ကုန်ကြမ်းမှကုန်ချောသို့

**ရခိုင်ပြည်နယ်တွင်း ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းကောင်းများရှိနေသော်လည်း အများအားဖြင့် ကုန်ထုတ်လုပ်မှုတွင် ကုန်ကြမ်းအဆင့်ဖြင့် တင်ပို့နေခြင်းများသာရှိနေပြီး ကုန်ချောထုတ်လုပ်ရောင်းချနိုင်သည့်အဆင့်သို့ တိုးမြှင့်ရန် လိုအပ်သည်။** ပုံစံအားဖြင့် ရခိုင်ပြည်နယ်မှ ထုတ်လုပ်နေသော ငါး၊ ပုစွန်ဖမ်းဆီးတင်ပို့မှု လုပ်ငန်းများ၊ ကဏန်းဖမ်းဆီးတင်ပို့မှုလုပ်ငန်းများ၊ အုန်းသီးတင်ပို့ရောင်းချခြင်းလုပ်ငန်းများ၊ သရက်သီးတင်ပို့မှုလုပ်ငန်းများ၊ ကြိမ်တင်ပို့မှုလုပ်ငန်းများကို လေ့လာတွေ့ရှိရမည်ဖြစ်သည်။

၁၉၉၀ ပြည့်လွန်နှစ်များက ရခိုင်ကမ်းရိုးတန်းငါးဖမ်းလုပ်ငန်းတွင် ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံများမှ စီးပွားရေးသမားများကိုယ်တိုင် ကွင်းဆင်းဝယ်ယူခြင်း၊ ထုတ်လုပ်ခြင်းစသည်များကို လုပ်ကိုင်ခဲ့ကြဖူးသည်။ ငါးနီတူပြုတ်ခြောက်ထုတ်လုပ်ခြင်း၊ ပြည်ကြီးငါးဖမ်းဆီးထုတ်လုပ်ခြင်း၊ ရေရှူဖမ်းဆီးထုတ်လုပ်ခြင်းနှင့် အခြားငါးထုတ်လုပ်ခြင်းစသည်များကို လေ့လာခဲ့ကြပြီး ထုတ်လုပ်ခဲ့ကြသည်။ ငွေကြေးအတော်အသင့်ဖြင့် ရင်းနှီးလုပ်ကိုင်ခဲ့ကြသည်ကို မှတ်သားခဲ့ရသည်။

ရခိုင်ပြည်နယ်တွင် ၁၉၉၀ ပြည့်လွန်နှစ်များက ရေထွက်ပစ္စည်းတင်ပို့ရာတွင် ကုန်ချောထုတ်လုပ်နိုင်သည့် အအေးခန်းစက်ရုံ ၁၀ ရုံကျော်ရှိခဲ့ကြောင်း တွေ့ရသည်။ အဆိုပါစက်ရုံများတွင် ပုစွန်များစွာကို အမျိုးအစားခွဲခြားရွေးချယ်ပြီး သန့်စင်ထုပ်ပိုး၍ အေးခဲလျက် နိုင်ငံခြားတင်ပို့နိုင်သည်အထိ ဆောင်ရွက်နိုင်ခဲ့ကြသည်။ သို့ရာတွင် ရေငန်ပုစွန်အရည်အသွေးကောင်းများနှင့် ရေချိုပုစွန်ထုပ်ကြီးများကို ခေါင်းပါကုန်ချောထုတ်လုပ်နိုင်ခြင်းမရှိဘဲ ခေါင်းမဲ့အဖြစ်သာ တင်ပို့ရောင်းချခဲ့ရသည်များ ရှိခဲ့သည်။ ဤသို့ရောင်းချခဲ့ရသဖြင့် ရရှိသင့်သည့်တန်ဖိုးကို မရရှိခဲ့ကြပေ။ ထို့အတူ အအေးခန်းစက်ရုံများမှာ ၂၀၀၀ ပြည့်လွန်နှစ်များတွင် ပိတ်သိမ်းသွားခဲ့သဖြင့် ပုစွန်များကို ကုန်ချောထုတ်လုပ်နိုင်ခြင်းမရှိတော့ဘဲ ကုန်ကြမ်းအတိုင်းသာ ရောင်းချကြရတော့သည်။ **အထူးသဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေငန်ပုစွန်၊ ရေချိုပုစွန်များကို တင်ပို့ရောင်းချခဲ့ရပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံက ၎င်းတို့နိုင်ငံတံဆိပ်တပ်ပြီး တတိယနိုင်ငံများသို့ ရောင်းချနေသည်ကို တွေ့ရသည်။** အအေးခန်းစက်ရုံများပိတ်သိမ်းသွားသဖြင့် ငါးအသားပါးလွှာ ထုတ်လုပ်ခြင်းလုပ်ငန်းများမှာလည်း ရပ်ဆိုင်းသွားကာ ကုန်ကြမ်းအတိုင်း ငါးအကောင်လိုက်သာ တင်ပို့နေကြရသည်။

အအေးခန်းစက်ရုံများ လည်ပတ်နေစဉ်က ရွှံ့ကဏန်းများ၊ ဂြိမခေါ် ပင်လယ်ကဏန်းများကို အသားထုတ်ပြီး ရောင်းချနိုင်ခဲ့သည်။ ထိုင်းနိုင်ငံသည် ပင်လယ်ကဏန်းများကို ရင်အုပ်ပိုင်း၊ ကဏန်းလက်မအသားများ၊ လက်ချောင်းအသားများကို သီးခြားထုတ်လုပ်၍ စည်သွတ်ပြီး ရောင်းချနေသည်ကို တွေ့ရသည်။ မိမိတို့က ထိုသို့မလုပ်နိုင်သေးပေ။ ထို့အတူ ငါးလိပ်ကျောက်အရေခွံများကို ဆားရေစိမ်၍ ရောင်းချနေရသော်လည်း **ထိုင်းနိုင်ငံသည် ငါးလိပ်ကျောက်အရေခွံများကိုအသုံးပြုကာ ပိုက်ဆံအိတ်၊ လက်ဆွဲအိတ်၊ ခါးပတ်များအဖြစ် ပြုပြင်ထုတ်လုပ်ရောင်းချလျက်ရှိနေသည်ကို တွေ့ရသည်။ မိမိတို့က ထိုသို့မလုပ်နိုင်၍ ကုန်ကြမ်းအတိုင်းသာ ရောင်းချနေကြရသေးသည်။** ဂျပန်နိုင်ငံသည် ရခိုင်ကမ်းရိုးတန်းမှ ရေကြက်ခေါ် ပြည်ကြီးငါးများကို ဝယ်ယူလျက်ရှိပြီး ယင်းတို့နိုင်ငံအရောက်တွင် အသင့်စားထုပ်ပိုးပြီး

စာ - ၁၄ သို့



# ကရင်ပြည်နယ် ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းဆွေးနွေး

ဘားအံ မေ ၁၀

**မြန်မာ့ ရော်ဘာအခွင့်အလမ်းမြင့်တင်ရေးနှင့် ဈေးကွက်ချိတ်ဆက်နိုင်ရေး လုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ GRO စီမံချက်ဖြင့် ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန CARE Myanmar နှင့် ကရင်ပြည်နယ် ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်းတို့ပူးပေါင်း၍ ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများ ညှိနှိုင်း ဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက ကရင်ပြည်နယ်မှ ထွက်ရှိလာသော ရော်ဘာအရည်အသွေးကောင်းမွန်ရေး၊ ရော်ဘာများ ထုတ်လုပ်နိုင်ရေး၊ အရည်အသွေးပြည့်မီသော ရော်ဘာများမှ ကုန်ချောထုတ်လုပ်နိုင်သည့်အဆင့်ထိ ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းထိုက်က ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ CARE Myanmar အဖွဲ့မှ Project Director Ms.Sarah Letts က မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ရှေ့ဆက် ဆောင်ရွက်မည့်စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကရင်ပြည်နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးစောတင်မောင်စိန်က အသင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်ဝန်ကြီး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ CARE Myanmar မှ တာဝန်ရှိသူများ၊ ကရင်ပြည်နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းအဖွဲ့ဝင်များ ၄၀ ဦး တက်ရောက်ကြသည်။

**စမ်းပြည့်**

# ကရင်ပြည်နယ် တောင်သူလယ်သမားများဈေးကွက် (Farmer Market) ဖွင့်ပွဲအခမ်းအနား ကျင်းပ

ဘားအံ မေ ၁၅

**ကရင်** ပြည်နယ်တွင်းရှိ တောင်သူလယ်သမားအစုအဖွဲ့များအနေဖြင့် Good Agriculture Practice (GAP) အခြေခံ၍ မိမိတို့စိုက်ပျိုးထွက်ရှိသော ထွက်ကုန်များအား အပတ်စဉ်ဈေးကွက်တွင် တစ်နေရာတည်း၌ စုစည်းပြသရောင်းချနိုင်ပြီး စိုက်ပျိုးရေးနှင့်သက်ဆိုင်သော သတင်းအချက်အလက်နည်းပညာများ၊ ဈေးကွက်သတင်းအချက်အလက်နှင့်တောင်သူများအချင်းချင်း အမြင်ဖလှယ်နိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန Nippon Foundation နှင့် NGOs၊ INGOs အဖွဲ့အစည်းများ ပူးပေါင်း၍ ယနေ့နံနက် ၇ နာရီက ဘားအံမြို့နယ် ကန်သာယာ(ယာယီညဈေး) တွင် ကရင်ပြည်နယ် တောင်သူလယ်သမားများဈေးကွက် (Farmer Market) ဖွင့်ပွဲ အခမ်းအနားကျင်းပရာ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းထိုက်၊ စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်း၊ စက်မှုလယ်ယာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဘိုဘိုမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး(ပုံ) ပြည်နယ်ဝန်ကြီး ဦးစောမြင့်ဦးက အဖွင့်အမှာစကားပြောကြားသည်။




အဆိုပါအခမ်းအနား၌ ဘားအံ၊ လှိုင်းဘွဲ့၊ သံတောင်ကြီး၊ ကြာအင်းဆိပ်ကြီးမြို့နယ်များရှိ ကျေးရွာ ၃၃ ရွာမှ တောင်သူလယ်သမားများက သွင်းအားစု ထုတ်ကုန်များ၊ ဝါးလက်မှုလူသုံးကုန်ပစ္စည်းများ၊ သဘာဝသီးနှံများဖြင့် ပြုလုပ်သော အလှကုန်ပစ္စည်းများ လာရောက်ခင်းကျင်းပြသကြသည်။ **ရီရီစိန်**

## စာ - ၈ ရွက်ဖျန်းမြေဩဇာ မှ

ဖော့စဖိတ်ကို လျှော့သုံးရန်နှင့် ထိုရွက်ဖျန်းမြေဩဇာများ မြေသို့မကျရောက်ရန် သတိပြုရပါမည်။ အကယ်၍ နိုက်ထရိုဂျင်များသော မြေဩဇာမျိုးကို အသုံးပြုပြီး ထိုမြေဩဇာများ မြေသို့ကျသွားပါက အမြစ်က ထိုမြေဩဇာများကို စုပ်ယူမှုကြောင့် အပင်မှာ မသန်စွမ်း၊ မတောင့်တင်းဘဲ ရှည်နွဲ့နေမည်ဖြစ်သည်။ နိုက်ထရိုဂျင်များသော ရွက်ဖျန်းမြေဩဇာများ မြေသို့ မကျရောက်ရန်နှင့် နိုက်ထရိုဂျင်၏စားသုံးမှုနှင့် အစွမ်းကို ပို၍ကြီးမားစေမည့် ဖော့စဖိတ်ကို လျှော့ထားရန် လိုအပ်သည်။ ဆိုလိုသည်မှာ N:P:K အချိုး 25:0:20 ကဲ့သို့သော မြေဩဇာမျိုး P မပါသော၊ P နည်းသော မြေဩဇာများကို အသုံးပြုရန် ဆိုလိုခြင်းဖြစ်သည်။

### ရွက်ဖျန်းမြေဩဇာကို ညီညာမျှတစွာ ပက်ဖျန်းခြင်း

ရွက်ဖျန်းမြေဩဇာများ အပင်၏အရွက်ပေါ်သို့ ပက်ဖျန်းရာတွင် ခွက်နှင့်ပမာဏများစွာပက်သကဲ့သို့ မပြုလုပ်ဘဲ အမှုန်ငယ်ကလေးများအဖြစ် နေရာအနှံ့သို့ ညီညာစွာပက်ဖျန်းပေးရန် လိုအပ်သည်။ ထိုသို့ ပက်ဖျန်းပေးခြင်းသည်သာ ရွက်ဖျန်းမြေဩဇာ၏ သက်ရောက်မှုကို ပို၍ကောင်းမွန်စေမည်ဖြစ်သည်။



ရွက်ဖျန်းမြေဩဇာတွင် အားသာချက်များ ရှိသကဲ့သို့ အကန့်အသတ်များလည်းရှိနေသည်။ ရွက်ဖျန်းမြေဩဇာသည် အရွက်မှ ဝင်ရောက်ရခြင်းဖြစ်သဖြင့် အပင်က လိုအပ်သောပမာဏကို ထောက်ပံ့နိုင်စွမ်းမရှိပေ။ ရွက်ဖျန်းမြေဩဇာမှာ မြေချမြေဩဇာကို အစားထိုးရန်မဟုတ် (Subsitute) အကူပေးရန် (Suppliment) သာဖြစ်သည်။ မြေဆီလွှာမှ အာဟာရထောက်ပံ့မှုများ မလုံလောက်သောအခါ အနည်းလိုဒြပ်စင်များကဲ့သို့ အမြစ်လိုအပ်သောအခါမျိုးတွင် အမြစ်များမှ မြေချမြေဩဇာအသုံးပြုခြင်းထက် ရွက်ဖျန်းမြေဩဇာက ပို၍လျင်မြန်ထိရောက်စွာ အစွမ်းပြနိုင်သည်။ ပြီးပြည့်စုံသော မြေဩဇာများကို အသုံးပြုရန် လိုအပ်သကဲ့သို့ ရွက်ဖျန်းမြေဩဇာများ၏ အကူအညီလည်း လိုအပ်သည်။ ရွက်ဖျန်းမြေဩဇာများကို အထိရောက်ဆုံးအသုံးပြုနိုင်ရေးမှာ ယင်းတို့အား သိပ္ပံအမြင်ဖြင့် လေ့လာသိရှိထားရန် လိုအပ်သည်။

**ဦးဖရက်သိန်းဖေ**

## စာ - ၁၃ ရခိုင်ပြည်နယ်မှ

ရေကြက်များကို ထုတ်လုပ်ရောင်းချနေသည်ကို တွေ့ရသည်။ ပုစွန်အသေးများကိုလည်း အရည်အသွေးမီ ရွှေပုစွန်ခြောက်အဖြစ် ထုတ်လုပ်ရောင်းချနိုင်ရေးကိုပါ ဆောင်ရွက်နိုင်သေးသည်။ ပင်လယ်ကမ်းရိုးတန်းကျောက်ဆောင်များမှ ရရှိသော လယ်ရေမှော်များ ကုန်ချောထုတ်လုပ်မှုရပ်ဆိုင်းသွားခဲ့သည်။

### စိုက်ပျိုးရေးထွက်ကုန်မှကုန်ချောများ

အုန်းသီးသည် စက်မှုကုန်ကြမ်းသီးနှံများ တစ်ခုဖြစ်သည်။ အုန်းတစ်ပင်လုံးလည်း အသုံးဝင်သည်။ အုန်းသီးမှ စားအုန်းဆီအဖြစ် ထုတ်လုပ်နိုင်သည်။ ခေါင်းလိမ်းဆီမွှေးအဖြစ် ထုတ်လုပ်နိုင်သည်။ အိန္ဒိယနိုင်ငံသို့ တမူးနယ်စပ်မှ အုန်းသီးအမြောက်အများတင်ပို့ခဲ့ပြီး အိန္ဒိယနိုင်ငံမှ ခေါင်းလိမ်းဆီမွှေး အမျိုးမျိုးတို့ မြန်မာနိုင်ငံသို့ပြန်လည်တင်ပို့နေသည်ကိုလည်း တွေ့ရသည်။

ဆပ်ပြာချက်လုပ်ရာတွင် အုန်းဆီမှာ စက်မှုကုန်ကြမ်းအဖြစ်လည်း အသုံးဝင်သည်။ ထိုင်းနိုင်ငံမှ အုန်းသီးအရည်ကို စည်သွတ်တင်သွင်းသည်များ ရှိသည်။ အုန်းနို့အဖြစ်လည်း စားသုံးနိုင်သည်။ အုန်းသီးဆံများကို အုန်းဆံကြိုးကျစ်ထုတ်လုပ်မှုလုပ်ငန်းများရှိခဲ့ဖူးသည်။ အုန်းဆံအမျှင်နုများကို ဆိုဖာ၊ ကားကူရှင်များတွင် အသုံးပြုနိုင်သလို မွေ့ရာများတွင်လည်း အသုံးပြုနိုင်သည်။ အုန်းမှုတ်ခွံများကို အုန်းသီးမီးသွေးအဖြစ် ထုတ်လုပ်ကာ ရေသန့်စက်ရုံများတွင် အသုံးပြုနိုင်သည်။ အုန်းပင်အသားများကို အလယ်အူဆန်ပယ်ပြီး အိမ်သုံးကုလားထိုင်ကဲ့သို့ ပရိဘောဂပစ္စည်းများ ထုတ်လုပ်နိုင်သည်။

သရက်သီးကိုဖျော်ရည်အဖြစ် ထုတ်လုပ်နိုင်ပြီး ယိုအဖြစ်လည်း ထုတ်လုပ်ရောင်းချနိုင်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ရခိုင်ပြည်နယ်မှ သရက်သီးများကို ဝယ်ယူပြီး သရက်သီးဖျော်ရည်များ၊ သရက်သီးယိုများအဖြစ် ပြုပြင်ထုတ်လုပ်ကာ နယ်စပ်ကုန်သွယ်ရေးဖြင့် ပြန်လည်တင်သွင်းလာသည်များကို တွေ့ရသည်။

ရခိုင်ပြည်နယ်တွင် ဝါးပင်များပေါက်ရောက်နိုင်သည့် ရာသီဥတု၊ ရေ၊ မြေ၊ တောတောင်တို့ရှိသဖြင့် ဝါးအမြောက်အမြား ထွက်ရှိသည်။ စီးပွားဖြစ် ဝါးစိုက်ပျိုးပြီး ဝါးမီးသွေး၊ ဝါးပါကေး၊ ဝါးဗီနီကာ၊ မျှစ်ချဉ်၊ မျှစ်ခြောက်စသည်များထုတ်လုပ်ကာ နိုင်ငံခြားသို့ တင်ပို့ရောင်းချနိုင်ကြမည်ဖြစ်သည်။

ရခိုင်ကမ်းရိုးတန်းကို အမှီပြု၍ ဆားနှင့် ဆားထွက်ပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်လုပ် ရောင်းချခြင်းဖြင့် ပြည်ပဝင်ငွေရရှိနိုင်သည်။ ရခိုင်ပြည်နယ်မှ ဆားများသည် ဗြိတိသျှကိုလိုနီခေတ်မှာပင် နိုင်ငံခြားသို့ တင်ပို့နိုင်ခဲ့သည်။ **အဆိုပါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နည်းပညာနှင့် ငွေကြေးအရင်းအနှီးများလိုအပ်လျက်ရှိသည်။ ပြည်တွင်း၊ ပြည်ပမှစိတ်ပါဝင်စားသူများ၏ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာလျှင် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလာမည်ဖြစ်သည်။** ■

# ပြည်တွင်းသီးနှံဈေးကွက်အခြေအနေ (လက်ကားဈေးနှုန်းများ) (ကျပ်)

## ရန်ကုန်-မန္တလေးဈေးကွက်

(ဘုရင့်နောင်ကုန်စည်ဒိုင်မှ ဈေးနှုန်းများသည် တစ်ပိဿာပေါ်အခြေခံ၍ပြန်လည်တွက်ချက်ထားပါသည်။)

| ဆန်(အလတ်စ) | ရေတွက်ပုံ | ရန်ကုန်(ဘုရင့်နောင်ဆန်ပွဲရုံများ) ယခုအပတ် ၁၅-၅-၁၉ | ယခင်အပတ် ၈-၅-၁၉ | တက်/ကျ | မန္တလေး(ကိုင်းတန်းဈေး) ယခုအပတ် ၁၅-၅-၁၉ | ယခင်အပတ် ၈-၅-၁၉ | တက်/ကျ |
|---|---|---|---|---|---|---|---|
| ဆန်(ရွှေဘိုပေါ်ဆန်း) (အလတ်စ) | တစ်တင်းခွဲ | ၅၂၀၀၀ | ၅၂၅၀၀ | ကျ | ၅၁၀၀၀ | ၅၁၀၀၀ | |
| ဆန်(ဖျာပုံပေါ်ဆန်း)(အလတ်စ) | တစ်တင်းခွဲ | ၃၉၀၀၀ | ၃၉၀၀၀ | | ၄၇၀၀၀ | ၄၇၀၀၀ | |
| ဆန်(မနောသုခ)(အလတ်စ) | တစ်တင်းခွဲ | ၂၅၀၀၀ | ၂၅၀၀၀ | | ၂၂၀၀၀ | ၂၁၅၀၀ | တက် |
| ဆန်(ဧယာ)(အလတ်စ) | တစ်တင်းခွဲ | ၁၉၀၀၀ | ၁၉၀၀၀ | | ၂၂၀၀၀ | ၂၂၀၀၀ | |
| ဆန်(ဧည့်မထ)(အလတ်စ) | တစ်တင်းခွဲ | ၁၉၀၀၀ | ၁၉၀၀၀ | | | | |
| ဆန် (ငစိန်) (အလတ်စ) | တစ်တင်းခွဲ | ၁၉၅၀၀ | ၁၉၅၀၀ | | ၂၁၀၀၀ | ၂၁၅၀၀ | ကျ |
| ဂျုံမှုန့် | ၂၅ ပိဿာ | ၂၈၀၀၀ | ၂၇၅၀၀ | တက် | | | |

| စားဖိုဆောင်သီးနှံများ | | ရန်ကုန်(ဘုရင့်နောင်ကုန်စည်ဒိုင်) | | | မန္တလေး(ကိုင်းတန်းဈေး) | | |
|---|---|---|---|---|---|---|---|
| ငရုတ်ခြောက် (ရှည်) | ပိဿာ | ၃၅၅၀ | ၃၃၅၀ | တက် | ၄၇၅၀ | ၄၇၀၀ | တက် |
| ငရုတ်ခြောက် (လတ်) | ပိဿာ | ၃၉၀၀ | ၃၇၅၀ | တက် | ၄၇၅၀ | ၄၃၀၀ | တက် |
| ငရုတ်ခြောက် (အပွ) | ပိဿာ | ၆၀၀၀ | ၆၀၀၀ | | ၉၁၆၇ | ၉၅၀၀ | ကျ |
| ကြက်သွန်နီ (အထူး ၄စမ) | ပိဿာ | ၇၃၃ | ၆၉၈ | တက် | ၅၂၅ | ၅၅၀ | ကျ |
| ကြက်သွန်နီ(အလတ်၃-၄စမ) | ပိဿာ | ၆၆၃ | ၆၄၈ | တက် | ၄၂၅ | ၄၅၀ | ကျ |
| ကြက်သွန်နီ (အသေး ၂စမ) | ပိဿာ | ၅၃၈ | ၅၂၃ | တက် | ၃၂၅ | ၃၀၀ | ကျ |
| ကြက်သွန်ဖြူ (ရှမ်း) | ပိဿာ | ၁၂၀၀ | ၁၂၅၀ | ကျ | ၁၃၅၀ | ၁၀၆၇ | တက် |
| ကြက်သွန်ဖြူ(ကြူကုတ်) | ပိဿာ | ၂၅၂၅ | ၂၄၇၅ | တက် | ၂၅၅၀ | ၂၅၀၀ | တက် |
| ကြက်သွန်ဖြူ(မြေပြန့်) | ပိဿာ | | | | ၁၅၀၀ | ၁၂၆၇ | တက် |
| အာလူး (အိုကေ) | ပိဿာ | ၅၃၀ | ၅၂၀ | တက် | ၇၅၀ | ၇၀၀ | တက် |
| အာလူး (အေဝမ်း) | ပိဿာ | ၄၀၀ | ၄၂၀ | ကျ | ၆၅၀ | ၆၀၀ | တက် |
| ချင်း | ပိဿာ | ၂၄၀၀ | ၂၃၀၀ | တက် | ၁၉၀၀ | ၂၀၀၀ | ကျ |

| ဟင်းသီးဟင်းရွက်များ | | ရန်ကုန်(သီရိမင်္ဂလာဈေး) | | | မန္တလေး(ကိုင်းတန်းဈေး) | | |
|---|---|---|---|---|---|---|---|
| ခရမ်းချဉ် (ရှမ်း) | သေတ္တာ | ၁၈၀၀၀ | ၂၂၀၀၀ | ကျ | ၂၂၅၀၀ | ၂၆၀၀၀ | ကျ |
| ဂေါ်ဖီထုပ် (ရှမ်း) | ထုပ် | ၈၀၀ | ၅၅၀ | တက် | ၁၀၀၀ | ၆၀၀ | တက် |
| ပန်းမုန်လာ(ရှမ်း) | ထုပ် | ၈၅၀ | ၈၀၀ | တက် | ၉၀၀ | ၆၀၀ | တက် |
| မုန်လာဥနီ (ရှမ်း) | ပိဿာ | ၁၃၀၀ | ၁၄၀၀ | ကျ | ၆၀၀ | ၇၀၀ | ကျ |
| သခွားသီး | ၁၀၀ လုံး | ၁၀၀၀၀ | ၁၀၀၀၀ | | ၁၅၀၀၀ | ၈၀၀၀ | တက် |
| ငရုတ်စိမ်း (မိုးထောင်) | ပိဿာ | ၁၅၀၀ | ၁၅၀၀ | | | | |
| ငရုတ်စိမ်း (ပီနန်) | ပိဿာ | ၅၅၀၀ | ၄၅၀၀ | တက် | | | |
| ငရုတ်စိမ်း (အရှည်) | ပိဿာ | | | | ၁၉၀၀ | ၁၄၀၀ | တက် |
| ငရုတ်စိမ်း (လတ်) | ပိဿာ | | | | ၃၀၀၀ | ၁၈၀၀ | တက် |
| ငရုတ်စိမ်း (လုံး) | ပိဿာ | | | | ၂၀၀၀ | ၁၆၀၀ | တက် |
| စားပြောင်း | ၁၀၀ဖူး | ၁၈၀၀၀ | ၁၆၀၀၀ | တက် | | | |
| ရုံးပတီသီး | ၁၀၀ တောင့် | ၁၂၅၀ | ၁၂၅၀ | | | | |
| ရုံးပတီသီး | ပိဿာ | | | | ၁၂၀၀ | ၁၅၀၀ | ကျ |
| ဘူးသီး | လုံး | ၁၀၀၀ | ၁၀၀၀ | | | | |
| ဂေါ်ရခါး | ၁၀လုံး | ၁၀၀၀ | ၁၀၀၀ | | | | |
| ဘိုစားပဲ | ပိဿာ | | | | ၁၅၀၀ | ၁၅၀၀ | တူ |
| မုန်လာဥဖြူ | ၁၀လုံးစည်း | | | | ၂၅၀ | ၃၀၀ | ကျ |
| မုန်လာဥဖြူ | ပိဿာ | ၁၈၀၀ | ၁၅၀၀ | တက် | | | |
| ရွှေဖရုံသီး | လုံး | ၂၀၀၀ | ၂၀၀၀ | | ၈၀၀ | ၈၀၀ | တူ |

| သစ်သီးဝလံများ | | ရန်ကုန်(သီရိမင်္ဂလာဈေး) | | | မန္တလေး(ကိုင်းတန်းဈေး) | | |
|---|---|---|---|---|---|---|---|
| ငှက်ပျော (သီးမွှေး) | ဖီး | ၁၆၀၀ | ၁၆၀၀ | | ၄၀၀ | ၄၀၀ | တူ |
| ငှက်ပျော (ဖီးကြမ်း) | ဖီး | ၂၀၀၀ | ၂၀၀၀ | | ၅၀၀ | ၅၀၀ | တူ |
| ငှက်ပျော (ရခိုင်) | ဖီး | ၁၀၀၀ | ၁၀၀၀ | | ၅၀၀ | ၅၀၀ | တူ |
| နာနတ်သီး | တစ်လုံး | ၁၅၀၀ | ၁၅၀၀ | | | | |
| စပျစ်သီး (နီညို) | ပိဿာ | ၂၀၀၀ | ၂၀၀၀ | | ၂၅၀၀ | ၂၀၀၀ | တက် |
| သရက်သီး(စိန်တလုံး) | ၁၀ လုံး | ၅၀၀၀ | ၅၀၀၀ | | | | |
| ထောပတ်သီး | ၁၀ လုံး | | | | ၇၀၀၀ | ၈၀၀၀ | ကျ |
| ပန်းသီး(တရုတ်) | တစ်သေတ္တာ | ၁၅၅၀၀ | ၁၅၅၀၀ | | | | |
| ပန်းသီး(တရုတ်) | ၁၀ လုံး | | | | ၂၅၀၀ | ၂၈၀၀ | ကျ |

**စားသုံးဆီ** — **ရန်ကုန်(ညောင်ပင်လေးဈေး)**

| | | | |
|---|---|---|---|
| စားအုန်းဆီ (ကုမ္ပဏီ) | ပိဿာ | ၁၄၆၀ | |
| စားအုန်းဆီ (လက်ကား) | ပိဿာ | ၁၅၅၀ | တက် |
| မြေပဲဆီ (ရန်ကုန်-ရှယ်) | ပိဿာ | ၆၀၀၀ | |
| မြေပဲဆီ (နယ်မှလာသောဆီ) | ပိဿာ | ၅၆၀၀ | |
| မြေပဲဆီ (ရိုးရိုး) | ပိဿာ | ၃၃၀၀ | |
| နှမ်း (အကြော်ခံ) | ပိဿာ | ၇၂၀၀ | |
| နှမ်း (ရိုးရိုး) | ပိဿာ | ၅၈၀၀ | |

**မန္တလေး(ကုန်စည်ဒိုင်)**

| | | | | |
|---|---|---|---|---|
| နံ့နံ့စေ့ | ပိဿာ | ၁၄၅၀၀ | ၁၅၅၀၀ | ကျ |
| စမုန်နက် | ပိဿာ | ၃၂၅၀ | ၃၂၅၀ | |
| ပဲဖတ် | ပိဿာ | ၁၁၄၅ | ၁၁၄၅ | |
| နှမ်းဖတ် | ပိဿာ | ၁၁၀၀ | ၁၁၀၀ | |

**အခြားကုန်စည်ဈေးနှုန်းများ**

| | | | | |
|---|---|---|---|---|
| မြေပဲဆီ | ပိဿာ | ၆၀၀၀ | ၆၀၀၀ | |
| နှမ်းဆီ | ပိဿာ | ၇၂၀၀ | ၇၂၀၀ | |
| စားအုန်းဆီ | ပိဿာ | ၁၅၄၅ | ၁၅၆၀ | ကျ |

| ပဲ မျိုး စုံ (၃ တင်းအိတ်) | | ယခုအပတ် ၁၅-၅-၁၉ | ယခင်အပတ် ၈-၅-၁၉ | တက်/ကျ |
|---|---|---|---|---|
| **ရန်ကုန်(ဘုရင့်နောင်ကုန်စည်ဒိုင်)** | | | | |
| အစေ့ထုတ်ပြောင်း | ၅၄ ပိဿာ | ၂၄၁၆၅ | ၂၄၇၀၅ | ကျ |
| မတ်ပဲ (သင်္ဘောတင်) | မ တန် | ၈၅၃၀၀၀ | ၈၂၂၀၀၀ | တက် |
| ပဲတီရွှေဝါ | ၆၀ ပိဿာ | ၁၁၂၉၅၀ | ၁၁၃၁၀၀ | ကျ |
| ပဲလွန်းဖြူ | ၆၀ ပိဿာ | ၆၄၅၀၀ | ၆၅၅၅၀ | ကျ |
| ကုလားပဲ ( လုံး/ဝါ/ကြီး) | ပိဿာ | ၁၄၅၈ | ၁၄၂၅ | တက် |
| ပဲစင်းငုံ (သင်္ဘောတင်) | မ တန် | ၉၅၀၀၀၀ | ၉၂၅၀၀၀ | တက် |
| ဘိုကိတ် | ၆၀ ပိဿာ | ၅၅၉၅၀ | ၅၆၅၅၀ | ကျ |
| ပဲပုပ် (မြန်မာ) | ၆၀ ပိဿာ | ၆၃၉၀၀ | ၆၃၉၀၀ | |
| ထောပတ်ပဲ | ၆၀ ပိဿာ | ၁၀၉၅၀၀ | ၁၀၉၅၀၀ | |
| **မန္တလေး(ကုန်စည်ဒိုင်)** | | | | |
| အစေ့ထုတ်ပြောင်း | ၅၄ ပိဿာ | ၁၈၅၀၀ | ၂၀၀၀၀ | ကျ |
| ဂျုံ (မုံရွာ) | ၆၀ ပိဿာ | ၅၂၀၀၀ | ၅၂၀၀၀ | တူ |
| ဂျုံ (ရှမ်း) | ၆၀ ပိဿာ | ၄၄၀၀၀ | ၄၄၀၀၀ | တူ |
| မတ်ပဲ (ပြည်တွင်း) | ၆၀ ပိဿာ | ၇၈၃၃၃ | ၈၀၀၀၀ | ကျ |
| ပဲတီစိမ်း (ရွှေဝါ) | ၅၆ .၂၅ပိဿာ | ၁၁၇၆၆၇ | ၁၁၇၆၆၇ | တူ |
| ပဲပုပ် (မြန်မာ) | ၆၀ ပိဿာ | ၆၀၅၀၀ | ၆၁၀၀၀ | ကျ |
| ပဲပုပ် (ရှမ်း) | ၆၀ ပိဿာ | ၄၉၅၀၀ | ၅၂၆၆၇ | ကျ |
| ပဲစင်းငုံ(နီ) | ၆၀ ပိဿာ | ၉၈၅၀၀ | ၉၄၅၀၀ | တက် |
| ပဲလွန်းဖြူ | ၆၀ ပိဿာ | ၆၆၅၀၀ | ၆၆၅၀၀ | တူ |
| ကုလားပဲ (လုံးဝါကြီး) | ၃တင်း (၅၆.၂၅ ပိဿာ) | ၈၃၀၀၀ | ၈၁၀၀၀ | တက် |
| ကုလားပဲ (လုံးဖြူကြီး) | ၃တင်း (၅၆.၂၅ ပိဿာ) | ၈၅၀၀၀ | ၈၀၅၀၀ | တက် |
| စားတော်ပဲ (ကျွန်း) | ၅၉ .၂၅ ပိဿာ | ၈၉၀၀၀ | ၈၇၅၀၀ | တက် |
| ပဲလွန်းပြာ | ၃ တင်း (၅၄ ပိဿာ) | ၅၂၅၀၀ | ၅၂၀၀၀ | တက် |
| ပဲကြီး (လုံးကြီး) | ၅၅ .၂၅ ပိဿာ | ၉၃၅၀၀ | ၉၃၅၀၀ | တူ |
| ပဲယင်း | ၆၀ ပိဿာ | ၇၆၇၅၀ | ၇၅၀၀၀ | တက် |
| ထောပတ်ပဲ(လုံးကြီး) | ၅၆ .၂၅ ပိဿာ | ၁၀၅၅၀၀ | ၁၀၈၅၀၀ | ကျ |
| မြေပဲဆန် (လုံးဆန်) | ၁၀၀ ပိဿာ | ၃၀၃၇၅၀ | ၃၀၀၀၀၀ | တက် |
| မြေပဲဆန် (ဆီဆန်) | ၁၀၀ ပိဿာ | ၂၈၅၀၀၀ | ၂၈၃၃၃၃ | တက် |
| ပန်းနှမ်း | ၄၅ ပိဿာ | ၅၉၀၀၀ | ၆၃၀၀၀ | ကျ |
| နေကြာ | ၂၇ ပိဿာ | ၄၁၀၆၇ | ၄၃၀၀၀ | ကျ |
| နှမ်းနက် | ၄၅ ပိဿာ | ၁၇၇၅၀၀ | | |

## ပခုက္ကူဈေးကွက်

| သီးနှံ | ရေတွက်ပုံ | ၁၅-၅-၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန် (အလတ်စ)** | | | |
| မနောသုခ | တစ်တင်းခွဲ | ၂၄၀၀၀ | |
| ဧယာ | တစ်တင်းခွဲ | ၂၂၅၀၀ | |
| **အစေ့ထုတ်ပြောင်း** | ပိဿာ | ၃၇၂ | ကျ |
| **ပဲမျိုးစုံ** | | | |
| ပဲစင်းငုံ (အနီ) | ပိဿာ | ၁၆၅၀ | တက် |
| ကုလားပဲ (လုံးဝါကြီး) | ပိဿာ | ၁၄၆၃ | တက် |
| ကုလားပဲ (လုံးဖြူကြီး) | ပိဿာ | ၁၄၇၄ | တက် |
| ပဲလွန်းပြာ | ပိဿာ | ၉၇၄ | တက် |
| **ဆီထွက်သီးနှံ** | | | |
| မြေပဲဆန် (လုံးဆန်) | ပိဿာ | ၃၁၀၀ | တက် |
| မြေပဲဆန် (ဆီဆန်) | ပိဿာ | ၂၉၂၅ | တက် |
| **စားဖိုဆောင်သီးနှံ** | | | |
| ကြက်သွန်နီ (ကြီး) | ပိဿာ | ၄၆၃ | တက် |
| ကြက်သွန်နီ (လတ်) | ပိဿာ | ၄၁၃ | တက် |
| ကြက်သွန်နီ (သေး) | ပိဿာ | ၃၀၀ | |
| **စားသုံးဆီ** | | | |
| မြေပဲဆီ (ရှယ်) | ပိဿာ | ၅၅၀၀ | |
| နှမ်းဆီ (ရှယ်) | ပိဿာ | ၆၇၀၀ | |
| စားအုန်းဆီ (ရိုးရိုး) | ပိဿာ | ၁၅၈၀ | ကျ |

## မြင်းခြံဈေးကွက်

| အမျိုးအမည် | ရေတွက်ပုံ | ၁၅-၅-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန်နှင့် အစေ့ထုတ်ပြောင်း** | | | |
| ပေါ်ဆန်း | တစ်တင်းခွဲ | ၄၂၅၀၀ | - |
| မနောသုခ | တစ်တင်းခွဲ | ၂၄၇၅၀ | - |
| ပြောင်း (စီပီ) | ပိဿာ | ၃၈၀ | ကျ |
| **ပဲမျိုးစုံ** | | | |
| ပဲတီစိမ်း (လုံးသေး) | ပိဿာ | ၁၉၇၅ | ကျ |
| ပဲပုပ် | ပိဿာ | ၁၁၀၀ | ကျ |
| ပဲစင်းငုံ (အနီ) | ပိဿာ | ၁၆၀၀ | တက် |
| ကုလားပဲလုံးဝါ (ကြီး) | ပိဿာ | ၁၄၆၃ | တက် |
| ထောပတ်ပဲ (သေး) | ပိဿာ | ၁၇၃၈ | ကျ |
| **ဆီထွက်သီးနှံ** | | | |
| မြေပဲ (လုံးဆန်) | ပိဿာ | ၃၂၀၀ | ကျ |
| မြေပဲ (ဆီဆန်) | ပိဿာ | ၂၉၀၀ | - |
| နှမ်းညို | ပိဿာ | ၃၄၀၀ | - |
| **စားဖိုဆောင်သီးနှံ** | | | |
| ငရုတ်ခြောက် (လတ်) | ပိဿာ | ၅၇၅၀ | - |
| ကြက်သွန်နီ (လတ်) | ပိဿာ | ၄၆၃ | တက် |
| ကြက်သွန်ဖြူ (ကြူကုတ်) | ပိဿာ | ၂၂၀၀ | တက် |
| ကြက်သွန်ဖြူ (ရှမ်း) | ပိဿာ | ၁၁၀၀ | ကျ |
| ကြက်သွန်ဖြူ (မြေပြန့်) | ပိဿာ | ၁၉၅၀ | - |
| **စားသုံးဆီ** | | | |
| မြေပဲဆီ | ပိဿာ | ၅၇၅၀ | - |
| နှမ်းဆီ | ပိဿာ | ၇၀၀၀ | - |
| စားအုန်းဆီ | ပိဿာ | ၁၆၀၅ | ကျ |

## မော်လမြိုင်ဈေးကွက်

| အမျိုးအမည် | ရေတွက်ပုံ | ၁၅-၅-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| ရာဘာ (RSS-3) | ၁ပေါင် | ၈၅၀ | တက် |
| **ဆန်** | | | |
| ပေါ်ဆန်း (ရွှေဘို ) | တစ်တင်းခွဲ | ၅၇၀၀၀ | |
| ပေါ်ဆန်း (ဒေသ) | တစ်တင်းခွဲ | ၃၇၅၀၀ | |
| ဧည့်မထ | တစ်တင်းခွဲ | ၁၇၅၀၀ | |
| ကောက်ကြီး (အလတ်စ) | တစ်တင်းခွဲ | ၃၁၅၀၀ | |
| **ပဲမျိုးစုံ** | | | |
| မတ်ပဲ | ပိဿာ | ၁၂၀၀ | |
| ပဲတီစိမ်း | ပိဿာ | ၁၄၀၀ | |
| **စားသုံးဆီ** | | | |
| မြေပဲဆီ (ရှယ်) | ပိဿာ | ၆၁၅၀ | |
| စားအုန်းဆီ (ရိုးရိုး) | ပိဿာ | ၁၈၀၀ | |
| ပုဇွန်ခြောက်ပိုး | ၁၀ ပိဿာ | ၂၃၃၀၀ | |
| အခြားတံဆိပ်ပိုးများ | ၁၀ ပိဿာ | ၁၇၈၀၀ | |
| **စားဖိုဆောင်သီးနှံ** | | | |
| ငရုတ်ခြောက် (လတ်) | ပိဿာ | ၄၁၀၀ | |
| ကြက်သွန်နီ (အလတ်) | ပိဿာ | ၄၅၀ | |
| ကြက်သွန်ဖြူ (ရှမ်း) | ပိဿာ | ၁၂၀၀ | |
| ကြက်သွန်ဖြူ (ကြူကုတ်) | ပိဿာ | ၂၆၀၀ | |
| အာလူး (အိုကေ) | ပိဿာ | ၆၀၀ | ကျ |
| အာလူး (အေဝမ်း) | ပိဿာ | ၆၀၀ | ကျ |
| **ဟင်းသီးဟင်းရွက်** | | | |
| ခရမ်းချဉ် (ရှမ်း) | ၁၈ ပိဿာ | ၂၅၂၀၀ | တက် |
| ပန်းဂေါ်ဖီ (ရှမ်း) | ပွင့် | ၇၀၀ | တက် |
| ဂေါ်ဖီထုပ် (ရှမ်း) | ၂၀ပိဿာ | ၁၃၀၀၀ | တက် |
| မုန်လာဥနီ (အောင်ပန်း) | ပိဿာ | ၁၂၀၀ | |
| မုန်လာဥနီ (မြဝတီ) | ပိဿာ | ၂၀၀၀ | တက် |
| ချင်း | ပိဿာ | ၁၇၀၀ | |
| **သစ်သီးဝလံ** | | | |
| ဒူးရင်းသီး (ဒေသ) | လုံး | ၂၀၀၀ | |
| ဒူးရင်းသီး (ထိုင်း) | လုံး | ၆၀၀၀ | |
| မင်းကွတ်သီး | ၁၀ လုံး | ၁၀၀၀ | |
| ကြက်မောက်သီး | ၁၀၀ လုံး | ၄၀၀၀ | |
| ကျွဲကောသီး(ပန်းရောင်) | ၁၀ လုံး | ၂၀၀၀၀ | |

## မုံရွာမြို့ ကုန်စည်ဒိုင်

| သီးနှံ | ရေတွက်ပုံ | ၁၅-၅-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန် (အလတ်စ)** | | | |
| မနောသုခ | တစ်တင်းခွဲ | ၂၅၅၀၀ | |
| ရေမင်း | တစ်တင်းခွဲ | ၃၈၅၀၀ | ကျ |
| အိုင်အာ - ၇၄၇ | တစ်တင်းခွဲ | ၂၅၀၀၀ | |
| **ဟင်းသီးဟင်းရွက်** | | | |
| ခရမ်းချဉ် (ရှမ်းတောင်) | ၂၀ ပိဿာ | ၂၅၀၀၀ | |
| **စားသုံးဆီ** | | | |
| မြေပဲဆီ | ပိဿာ | ၅၉၀၀ | |
| နှမ်းဆီ | ပိဿာ | ၆၆၀၀ | |
| စားအုန်းဆီ | ပိဿာ | ၁၅၆၀ | ကျ |
| **ဆီထွက်သီးနှံ** | | | |
| မြေပဲဆန် (လုံးဆံ) | ပိဿာ | ၂၉၂၅ | |
| မြေပဲဆန် (ဆီဆံ) | ပိဿာ | ၂၈၂၅ | |
| နှမ်းဝါ | ၁၅ ပိဿာ | ၅၁၅၀၀ | ကျ |
| နှမ်းနီ | ၁၅ ပိဿာ | ၅၂၀၀၀ | |
| နှမ်းနက် | ၁၅ ပိဿာ | ၇၇၅၀၀ | |
| ပန်းနှမ်း | ၁၅ ပိဿာ | ၁၉၅၀၀ | |
| မုန်ညင်းစေ့ | ၁၆ ပိဿာ | ၂၁၀၀၀ | |
| **နံ့စားသီးနှံ** | | | |
| အစေ့ထုတ်ပြောင်း | ၁၈ ပိဿာ | ၆၅၀၀ | ကျ |
| ဂျုံဖြူသန့် | ၂၀ ပိဿာ | ၁၇၂၅၀ | |
| ဂျုံထွက်တိုး | ၂၀ ပိဿာ | ၁၅၅၀၀ | |
| **ပဲမျိုးစုံ** | | | |
| မတ်ပဲ | ၂၀ ပိဿာ | ၂၃၁၅၀ | ကျ |
| ပဲတီစိမ်း (ကြီး) | ၁၉ ပိဿာ | ၃၉၇၀၀ | ကျ |
| ပဲပုပ် | ၂၀ ပိဿာ | ၂၀၀၀၀ | ကျ |
| ပဲစင်းငုံ (နီ) | ၂၀ ပိဿာ | ၃၃၀၀၀ | တက် |
| ကုလားပဲလုံးဝါကြီး | ၁၉ ပိဿာ | ၂၆၀၀၀ | တက် |
| ကုလားပဲလုံးဖြူကြီး | ၁၉ ပိဿာ | ၂၇၇၀၀ | တက် |
| စားတော်ပဲ | ၂၀ ပိဿာ | ၂၆၅၀၀ | တက် |
| ပဲလွှမ်းပြာ | ၁၈ ပိဿာ | ၁၈၀၀၀ | ကျ |
| ပဲကြီး | ၁၈ ပိဿာ | ၂၆၇၅၀ | ကျ |
| ထောပတ်ပဲ | ၁၈ ပိဿာ | ၃၃၅၀၀ | ကျ |
| နံ့နံ့စေ့ | ၁၈ ပိဿာ | ၁၄၅၀၀ | ကျ |

| သကြားဈေးနှုန်း | ရန်ကုန် ၁၅-၅-၁၉ | ၈-၅-၁၉ | မန္တလေး ၁၅-၅-၁၉ | ၈-၅-၁၉ |
|---|---|---|---|---|
| သကြား(အထက်စ)ပိဿာ | ၁၂၀၀ | ၁၂၀၀ | ၁၀၀၀ | ၁၀၁၀ |
| သကြား(အလတ်စ)ပိဿာ | ၁၁၅၀ | ၁၁၅၀ | - | - |
| သကြား(အောက်စ)ပိဿာ | ၁၁၀၀ | ၁၁၀၀ | ၉၈၀ | ၉၈၀ |

## ပုသိမ်ဈေးကွက်

ဆန်စက်ပိုင်များ၏ စပါးဝယ်ဈေးနှင့် ဆန်ကုန်သည်များ၏ ဆန်လက်ကားရောင်းဈေး — စပါးတစ်တင်း= ၄၆ပေါင်

| အမျိုးအမည် | ရေတွက်ပုံ | ၁၅-၅-၂၀၁၉ | တက်/ကျ | | ရေတွက်ပုံ | ၁၅-၅-၂၀၁၉ | တက်/ကျ |
|---|---|---|---|---|---|---|---|
| **စပါး (ပထမတန်းစား)** | | | | **ဆန် (ထိပ်စ)** | | | |
| ရေဝတီပေါ်ဆန်း | ၁၀၀ တင်း | ၁၀၅၁၄၂၈ | | | တစ်တင်းခွဲ | ၄၃၀၀၀ | တက် |
| ပေါ်ဆန်းရင် | ၁၀၀ တင်း | ၉၄၆၂၈၅ | | | တစ်တင်းခွဲ | ၄၁၀၀၀ | တက် |
| ကောက်ညှင်းဖြူ | ၁၀၀ တင်း | ၁၁၃၉၀၄၇ | | | တစ်တင်းခွဲ | ၄၈၀၀၀ | တက် |
| ဖျာပုံပေါ်ဆန်း | ၁၀၀ တင်း | ၉၆၃၈၀၉ | တက် | | တစ်တင်းခွဲ | ၄၂၀၀၀ | တက် |
| **စပါး (ဒုတိယတန်းစား)** | | | | **ဆန် (အလတ်စ)** | | | |
| ရွှေသွယ်လေး | ၁၀၀ တင်း | ၇၈၂၀၀၀ | | | တစ်တင်းခွဲ | ၃၂၀၀၀ | |
| ရေမင်း | ၁၀၀ တင်း | ၇၈၂၀၀၀ | | | တစ်တင်းခွဲ | ၃၁၀၀၀ | |
| မနောသုခ | ၁၀၀ တင်း | ၅၈၈၈၀၀ | ကျ | | တစ်တင်းခွဲ | ၂၂၅၀၀ | |
| မီးကောက် | ၁၀၀ တင်း | ၅၉၈၀၀၀ | | | တစ်တင်းခွဲ | ၂၄၀၀၀ | |
| သီးထပ်ရင် | ၁၀၀ တင်း | ၄၆၀၀၀၀ | ကျ | | တစ်တင်းခွဲ | ၁၈၅၀၀ | |

## မန္တလေးဈေးကွက် ရောင်းဝယ်ဖောက်ကားမှု အခြေအနေ

ယခုတစ်ပတ်ဆန်ဈေးနှုန်းအခြေအနေများမှာ ရန်ကုန်ပေါ်ဆန်းမွှေး၊ ရွှေဘိုပေါ်ဆန်းမွှေး၊ ရွှေဘိုမနော်၊ ဧယာဆန်တို့မှာ အဝင်ပုံမှန်၊ အရောင်းအဝယ်ပုံမှန်ဖြစ်၍ ဈေးတည်ငြိမ်နေပြီး မနောသုခဆန်မှာ နွေဆန်သစ်များ ဝင်ရောက်လာသဖြင့် ဈေးနိမ့်သွားပါသည်။ ငစိန်ဆန်မှာ ယခုအပတ်မူဆယ်ကားဂိတ်မှ တရုတ်သို့တင်ပို့မှု အနည်းငယ်ရှိသော်လည်း ဈေးကွက်အတွင်း လက်ကျန်များခြင်း၊ မုန့်လုပ်ငန်းသမားများအဝယ်နည်းခြင်းကြောင့် မသိမသာဈေးနိမ့်နေပါသည်။ မန္တလေး ဈေးကွက်အတွင်းမှ ဆန်မျိုးစုံကို မြို့တွင်းစားသုံးသူများအပြင် မိုးမိတ်၊ ရွှေကူနှင့် ရဲဖန်ရဲခါ ပြင်ဦးလွင်သို့ပါ တင်ပို့မှုရှိကြောင်း သိရပါသည်။

ဆီထွက်သီးနှံဈေးနှုန်းများအနေဖြင့် စိုက်ချိန်နီးသဖြင့် မျိုးအဖြစ်ဝယ်ယူမှုရှိခြင်းကြောင့် ပင်ရင်းဈေးမြင့်ခြင်း၊ မျိုးမြေပဲဈေးကောင်းသဖြင့် တောင်သူ၊ ပွဲစား၊ လှောင်လက်ထုတ်ရောင်းမှုရှိခြင်း၊ ပြည်ပတင်ပို့မှုရှိခြင်း၊ ပြည်တွင်းစားသုံးဆီနှင့် မုန့်လုပ်ငန်းများတွင် အသုံးများခြင်းတို့ကြောင့် ဈေးမြင့်လာပါသည်။ နှမ်းမျိုးစုံဈေးနှုန်းမှာလည်း နှမ်း(ဖြူ၊ ညို၊ နက်)သုံးမျိုးလုံးမှာလည်း တရုတ်ဝယ်လက်နည်းသော်လည်း စိုက်ချိန်နီး၍ မျိုးအဖြစ်ဝယ်ယူမှုများခြင်းကြောင့် ပင်ရင်းဈေးမြင့်ခြင်း၊ တရုတ်ဝယ်လက်ကောင်းခဲ့သဖြင့် မိုးစိုက်ရော ဆောင်းလက်ကျန်စိုက်ပါနည်းခြင်း၊ နှမ်းညိုအား ဆီစက်သမားအဝယ်များခြင်းတို့ကြောင့် နှမ်းညို ၄၅ ပိဿာ ၁၆၃၅၀၀၊ နှမ်းဖြူ ၁၇၅၃၀၀၊ နှမ်းနက် ၁၇၇၅၀၀ ဈေးဖြင့် ရောင်းဝယ်နေကြပါသည်။ ပန်းနှမ်းများမှာ ပြည်ပဝယ်လက်နည်းခြင်း၊ အသစ်ဝင်ရောက်မှုရှိခြင်းကြောင့် ဈေးနိမ့်နေပြီး နေကြာမှာ မိုးစိုက်-စိုက်ပျိုးချိန်နီးခြင်း၊ ဆောင်းစိုက်လက်ကျန်နည်းခြင်းကြောင့် စပ်ကူးမတ်ကူးကာလဖြစ်သော်လည်း ဆီစက်သမား အဝယ်နည်းခြင်းကြောင့် အရောင်းအဝယ်အေးကာ ဈေးမသိမသာ နိမ့်သွားပါသည်။

ပြည်တွင်း၊ ပြည်ပဝယ်လိုအားများသောပဲများအနက် မတ်ပဲမှာ အိန္ဒိယမှ ဝယ်လိုအားနည်းနေခြင်း၊ ပဲသစ်များဝင်ခြင်း၊ လက်ကျန်ပဲဟောင်းများရှိခြင်းကြောင့် အရောင်းအဝယ်ဖြစ်သော်လည်း ဈေးအတက်အကျနည်းကာ ဈေးနိမ့်သွားပါသည်။ ပဲတီစိမ်းမှာ ပဲတီစိမ်း (ရွှေဝါ)နှင့်(အညာ)နှစ်မျိုးလုံး ယှဉ်ပြိုင်ဝင်ရောက်ခြင်း၊ တရုတ်ဝယ်လက်ရှိသော်လည်း အရည်အသွေးပေါ်မူတည်၍ ဈေးပေးဝယ်ယူမှုရှိခြင်း၊ တရုတ်သို့ မြန်မာမှတင်ပို့သော သီးနှံများအပေါ် အခွန် ၃ ဆမြင့်တက်သွားခြင်းကြောင့်ဈေးတည်ငြိမ်စွာဖြင့် အရောင်းအဝယ်ဖြစ်နေပါသည်။ ပဲစင်းငုံမှာ (ဖြူ/နီ)နှစ်မျိုးလုံးမှာ ပဲအဝင်နည်းသွားခြင်း၊ ရန်ကုန်ဝယ်လက်ရှိခြင်း၊ ဇွန်လမှ အိန္ဒိယပါမစ်ထွက်မည်ဟု သတင်းထွက်လာသော်လည်း ဆက်တိုက်ဝယ်ယူမှု ရှိခြင်းကြောင့် နှစ်မျိုးလုံးဈေးမြင့်နေပါသည်။ ကုလားပဲ (လုံးဝါကြီး/ လုံးဖြူကြီး)တို့မှာ ပြည်ပဝယ်လက်မရှိသော်လည်း စိုက်ချိန်မမှီ၍ မန္တလေးဝန်းကျင်မှ အထွက်နည်း၊ အဝင်နည်းခြင်း၊ အသစ်ဝင်ရောက်မှုနည်းသွားခြင်း၊ လှောင်သမားထံမှ ဝယ်ယူ ရခြင်းတို့ကြောင့် ပြည်တွင်းပဲခွဲစက်များ၊ ပဲကြော်/လှော်လုပ်ငန်းရှင်များ ဝယ်ယူမှုပေါ်မူတည်၍ အရောင်းအဝယ်ဖြစ်သဖြင့် ယခုအပတ်တွင် နှစ်မျိုးလုံးဈေးမြင့်တက်နေသည်ကို တွေ့ရပါသည်။ မြေတောက်ပဲဈေးနှုန်းအနေဖြင့် ကသာ၊ ထီးချိုင့်၊ ကလေး၊ သပိတ်ကျင်းစသောဒေသများ၌သာစိုက်ပျိုးပြီး ကသာ၊ ထီးချိုင့်စိုက်ပျိုးရာဒေသမှထိုင်းသို့တင်ပို့ရန် ဝယ်ယူမှုရဲဖန်ရဲခါရှိခဲ့သဖြင့် ဈေးကွက်အတွင်း အဝင်နည်းခြင်းကြောင့် ဈေးမြင့်ခဲ့သည်။

စားဖိုဆောင်သီးနှံများအနေဖြင့် ငရုတ်ခြောက် (ရှည်၊ လတ်၊ ပွ) သုံးမျိုးလုံး ရေဝတီတိုင်းနှင့်ကျွန်းဘက်မှ ဝင်ရောက်ခြင်း၊ ယခင်ဝင်ရောက်နေသော ကျောက်ဆည်၊ မြစ်သား၊ သာစည်၊ ပျော်ဘွယ်၊ ရမည်းသင်းတို့မှ အဝင်နည်းခြင်းကြောင့် ဈေးမသိမသာမြင့်နေပါသည်။ ကြက်သွန်နီ (ကြီး၊ လတ်၊ ငယ်)သုံးမျိုးလုံးမှာလည်း မြစ်သား၊ ရွှေဘိုတို့မှ အဝင်များခြင်း၊ အခွံကျွတ်ခြင်းကြောင့် မိုးကုတ်၊ လားရှိုး၊ တန့်ယန်း၊ လောက်ကိုင်၊ မြစ်ကြီးနား၊ တနိုင်းသို့ တင်ပို့မှုရှိသော်လည်း ဈေးနိမ့်နေပါသည်။ ကြက်သွန်ဖြူ(ရှမ်း)မှာ အသစ် အရည်အသွေးကောင်းခြင်းကြောင့် ဈေးမြင့်လာပါသည်။ ကြက်သွန်ဖြူ (တရုတ်)မှာ အသစ်များစတင်ဝင်ရောက်စပြုပြီး တစ်ပိဿာလျှင် ၂၀၅၀ ဈေးရှိသဖြင့် အဟောင်းများမှာ ဈေးအနည်းငယ်မြင့်ခဲ့သည်။ အာလူး (အိုကေ နှင့်အေဝမ်း)မှာ ဈေးမြင့်နေပြီး တရုတ်အာလူးများလည်း ဝင်ရောက်မှုများသဖြင့် အရည်အသွေး ညံ့သောဆွဲသီးမှာ ဈေးနိမ့်နေခြင်းဖြစ်ပါသည်။ ဂျင်းဈေးနှုန်းမှာ ပင်လယ်ရေကြောင်းမှ ပြည်ပတင်ပို့မှုများခြင်းကြောင့် ပင်ရင်းဒေသများတွင် လက်ကျန် ပစ္စည်းရှားခြင်း၊ စတင်စိုက်ပျိုးရန်ပြင်ဆင်မှုရှိခြင်းကြောင့် အသစ်ဝင်ရောက်မှု နည်းကာ လက်ကျန်များသာရောင်းချနေသဖြင့် ဈေးနိမ့်သွားသည်။

သစ်သီးဝလံဈေးကွက်အနေဖြင့် စိန်တလုံးသရက်သီးများ ဝင်ရောက်မှု များသော်လည်း လူကြိုက်များခြင်း၊ တရုတ်သို့ တင်ပို့မှုရှိခြင်းတို့ကြောင့် ၁၀ လုံး ၄၀၀၀ဖြင့် အရောင်းအဝယ်ဖြစ်လျက် ရှိပါသည်။ မန္တလေး-မူဆယ်ကားဂိတ်မှ ဆန်အနည်းငယ်၊ ပဲတီစိမ်းနှင့် နှမ်းတင်ပို့သော ၁၂ ဘီးကားများ ယခုအပတ်တစ်နေ့လျှင် ၁၀၀ စီးခန့်ထွက်ပြီး သယ်ယူပို့ဆောင်ခမှာ တစ်ပိဿာ ၄၅ မှ ၄၈ သို့ ဈေးမြင့်ခဲ့သည်။

ခင်မေကြည် (မန္တလေးဈေးကွက်)

## အင်းလေး

ကောက်ယူချိန် ၁၀:၃၀မှ၁၁:၃၀နာရီ
ကောက်ယူသည့်နေ့စွဲ ၁၄ - ၅ -၂၀၁၉

ယခုတစ်ပတ် ရွှေပြည်စိုး၊ ချယ်ရီပန်း၊ အောင်မြန်မာနှင့် နန်းဝင်းပွဲရုံများတွင် အင်းလေးခရမ်းချဉ် (ပင်သစ်) တစ်တင်း (ပိဿာ- ၃၀)လျှင် ၁၅၅၀၀ ကျပ်၊ ခရမ်းချဉ် (ပုံမှန်) တစ်တင်း (ပိဿာ- ၃၀)လျှင် ၁၂၅၀၀ ကျပ်၊ ညောင်ရွှေလေ့ဆိပ်တွင် အမှည့်တစ်ပိဿာလျှင် ၂၀၀၀ ကျပ် ဈေးရှိသည်။ ညောင်ရွှေမှ ရန်ကုန်သို့ နေ့စဉ်(၁၀) ဘီးကား (၅)စီးခန့် တင်ပို့လျက်ရှိပြီး သယ်ယူစရိတ်ကားခမှာ တစ်သေတ္တာလျှင် ၁၀၀၀ ကျပ်၊ ရန်ကုန်ဈေးနှုန်းမှာ တစ်သေတ္တာ(၁၇) ပိဿာလျှင် ၁၂၅၀၀ ကျပ်၊ မန္တလေးသို့ နေ့စဉ်(၆) ဘီးကား (၄)စီး၊ သယ်ယူစရိတ်ကားခမှာ အသွားအပြန် ၁၁၀၀ ကျပ်၊ မန္တလေးဈေးနှုန်းမှာ တစ်သေတ္တာ(၂၀) ပိဿာလျှင် ၁၅၅၀၀ ကျပ် ဈေးရှိသည်။ အင်းသီးအထွက်များလာသော်လည်း ရန်ကုန်သို့ မြဝတီခရမ်းချဉ်များ ဝင်ရောက်မှုနည်းလာခြင်းကြောင့် အင်းလေးခရမ်းချဉ် ဝယ်လိုအားကောင်းလာပြီး အင်းသီးဈေးတက်သည်။ ဒေသတွင်း လက်လီရောင်းဈေးမှာ တစ်ပိဿာလျှင် ၂၀၀၀ ကျပ် ဖြစ်သည်။

# ပြည်တွင်း၊ ပြည်ပသီးနှံဈေးကွက်အခြေအနေ

## နေပြည်တော်ဈေးကွက်လယ်ယာထွက်ကုန်ဈေးနှုန်းများ

တနင်္ဂနွေနေ့တိုင်း ကောက်ယူသည်

| | | ပျဉ်းမနား | | တပ်ကုန်း | | လယ်ဝေး | |
|---|---|---|---|---|---|---|---|
| | | ၁၂-၅-၁၉ | တက်/ကျ | ၁၂-၅-၁၉ | တက်/ကျ | ၁၂-၅-၁၉ | တက်/ကျ |
| ဆန် (အလတ်စ) (တစ်တင်းခွဲပိဿာ၃၀) | ပေါ်ဆန်း | ၄၅၀၀၀ | | ၄၂၀၀၀ | | ၄၄၀၀၀ | တူ |
| | မနောသုခ (ရန်ကုန်) | ၂၆၀၀၀ | | ၂၃၀၀၀ | ကျ | ၂၅၀၀၀ | |
| | မနောသုခ (ဒေသ) | ၂၅၀၀၀ | | ၂၃၀၀၀ | | ၂၅၀၀၀ | |
| | သုခထွန်း (ဒေသ) | ၂၁၀၀၀ | | ၂၁၀၀၀ | ကျ | ၂၅၀၀၀ | |
| | ဇီယာ | ၂၃၀၀၀ | ကျ | ၂၂၀၀၀ | ကျ | ၂၆၀၀၀ | |
| စားဖိုဆောင်သီးနှံ (ပိဿာ) | ငရုတ်ခြောက် (ရှည်) | ၆၅၀၀ | တက် | ၄၅၀၀ | ကျ | ၅၀၀၀ | |
| | ငရုတ်ခြောက် (မိုးထောင်) | ၆၅၀၀ | တက် | ၅၅၀၀ | တက် | ၆၀၀၀ | |
| | ငရုတ်ခြောက် (ပွ) | ၁၀၀၀၀ | | ၈၅၀၀ | တက် | ၁၀၀၀၀ | |
| | ကြက်သွန်ဖြူ (ရှမ်း-လတ်) | ၈၅၀ | ကျ | ၁၅၀၀ | ကျ | ၁၅၀၀ | ကျ |
| | ကြက်သွန်ဖြူ (ကြူကုတ်) | ၂၅၀၀ | | ၂၅၀၀ | တက် | ၂၈၀၀ | |
| | ကြက်သွန်နီ (ကြီး) | ၇၀၀ | တက် | ၈၀၀ | တက် | ၇၅၀ | တက် |
| | ကြက်သွန်နီ (လတ်) | ၆၀၀ | တက် | ၆၀၀ | | ၆၀၀ | |
| | ကြက်သွန်နီ (သေး) | ၄၅၀ | တက် | ၄၀၀ | | ၅၀၀ | |
| | အာလူး (ကြီး) | ၈၀၀ | | ၁၀၀၀ | | ၁၀၀၀ | |
| | အာလူး (လတ်) | ၇၀၀ | | ၈၀၀ | | ၈၀၀ | |
| | အာလူး (သေး) | ၅၀၀ | | ၆၀၀ | | ၆၀၀ | |
| စားသုံးဆီ (ပိဿာ) | မြေပဲဆီ (ရှယ်) | ၆၀၀၀ | | ၆၅၀၀ | တက် | ၆၅၀၀ | |
| | မြေပဲဆီ (ရိုးရိုး) | ၃၀၀၀ | | ၄၀၀၀ | ကျ | ၃၅၀၀ | |
| | နှမ်းဆီ (ရှယ်) | ၇၀၀၀ | | ၇၅၀၀ | | ၇၀၀၀ | |
| | နှမ်းဆီ (ရိုးရိုး) | ၃၀၀၀ | ကျ | ၃၅၀၀ | ကျ | ၃၀၀၀ | ကျ |
| | စားအုန်းဆီ (ကန်ဆီ) | ၁၇၅၀ | တက် | ၁၇၀၀ | တက် | ၁၇၀၀ | |
| ဟင်းသီးဟင်းရွက် | ခရမ်းချဉ် (ပိဿာ) | ၁၅၀၀ | | ၁၆၀၀ | ကျ | ၂၀၀၀ | တက် |
| | ရွှေပဲသီး (ပိဿာ) | ၃၆၀၀ | တက် | ၃၂၀၀ | တက် | ၃၀၀၀ | |
| | ဂေါ်ဖီထုပ် (ထုပ်) | ၅၀၀ | တက် | ၅၀၀ | | ၆၀၀ | |
| | ပန်းမုန်လာ (ပွင့်) | ၄၅၀ | တက် | ၄၀၀ | တက် | ၄၀၀ | ကျ |
| | ဂျူးမြစ် (ပိဿာ) | ၁၂၀၀ | | ၁၈၀၀ | | ၂၀၀၀ | |
| | ဂေါ်ရခါးသီး (လုံး) | ၁၀၀ | ကျ | ၁၅၀ | တက် | ၂၀၀ | တက် |
| | မုန်လာဥနီ (ရှမ်း) (ပိဿာ) | ၂၀၀၀ | | ၂၀၀၀ | တက် | ၂၀၀၀ | |
| | ဘိုစားပဲ (ပိဿာ) | ၁၅၀၀ | | ၁၆၀၀ | | ၃၀၀၀ | |
| | ငရုတ်စိမ်းပွ (ပိဿာ) | ၂၀၀၀ | | ၁၉၀၀ | တက် | ၂၅၀၀ | |
| | ချင်း (ပိဿာ) | ၂၀၀၀ | | ၂၅၀၀ | တက် | ၁၈၀၀ | |

## စစ်တွေဈေးကွက်

| အမျိုးအမည် | ရေတွက်ပုံ | ၁၃-၅-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **လယ်ယာထွက်ကုန်** | | | |
| ပေါ်ဆန်းမွှေး(ရှယ်) | ၁ အိတ် | ၄၄၀၀၀ | ကျ |
| မီးဒုံး(အသစ်) | ၁ အိတ် | ၂၅၀၀၀ | ကျ |
| ညို့မထ | ၁ အိတ် | ၂၇၀၀၀ | – |
| ငစိန် | ၁ အိတ် | ၂၆၀၀၀ | – |
| ကောက်ညှင်းဆန် | ၁ အိတ် | ၄၃၀၀၀ | တက် |
| ကုလားပဲ | ၁ပိဿာ | ၂၅၀၀ | – |
| ပဲနီလေး | ၁ပိဿာ | ၃၉၀၀ | – |
| မြေပဲဆန် | ၁ပိဿာ | ၃၀၀၀ | – |
| ပဲဆီ | ၁ပိဿာ | ၃၉၀၀ | ကျ |
| စားအုန်းဆီ | ၁ပိဿာ | ၂၆၀၀ | – |
| ကြက်သွန်နီ (လတ်) | ၁ပိဿာ | ၉၅၀ | တက် |
| ကြက်သွန်ဖြူ | ၁ပိဿာ | ၂၄၀၀ | – |
| ငရုပ်သီး | ၁ပိဿာ | ၁၁၀၀ | တက် |
| နနွင်း | ၁ပိဿာ | ၂၆၀၀ | – |
| ဂျင်း | ၁ပိဿာ | ၂၅၀၀ | – |
| ခရမ်းသီး | ၁ပိဿာ | ၁၅၀၀ | – |
| ခရမ်းချဉ်သီး | ၁ပိဿာ | ၁၂၀၀ | – |
| အာလူး | ၁ပိဿာ | ၁၅၀၀ | – |
| သကြား (ဖြူ) | ၁ပိဿာ | ၁၅၀၀ | – |
| **အသား/ဥအမျိုးမျိုး** | | | |
| ဝက်သား | ၁ပိဿာ | ၁၁၀၀၀ | – |
| အမဲသား | ၁ပိဿာ | ၁၄၀၀၀ | – |
| ဆိတ်သား | ၁ပိဿာ | ၁၅၀၀၀ | – |
| ကြက်သား(အိမ်ကြက်) | ၁ပိဿာ | ၁၁၀၀၀ | – |
| ကြက်သား(ဥစားကြက်) | ၁ ကီလို | ၉၀၀၀ | – |
| **ရေထွက်ကုန်** | | | |
| ပုစွန်ခြောက်(အသေး) | ၁ ကီလို | ၂၂၀၀၀ | – |
| ငါးနီတူခြောက်(ရှယ်) | ၁ ကီလို | ၇၅၀၀ | တက် |
| ငါးနီတူခြောက် | ၁ ကီလို | ၇၀၀၀ | – |
| ငါးဂျင်လိပ်ခြောက် | ၁ ကီလို | ၉၀၀၀ | – |
| ငါးပိ | ၁ ကီလို | ၃၆၀၀ | – |

## မြိတ်မြို့ရေထွက်ကုန် ဈေးကွက်အခြေအနေ

| အမျိုးအမည် | ရေတွက်ပုံ | ၁၂-၅-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **ရေငန်ငါး** | | | |
| ကုလားကုတ် | ၁ ကီလို | ၆၈၀၀ | ကျ |
| ငါးကွမ်းရှပ် (ကြီး) | ၁ ကီလို | ၅၃၀၀ | ကျ |
| ငါးကွမ်းရှပ် (သေး) | ၁ ကီလို | ၃၈၀၀ | ကျ |
| ငါးပါးနီ | ၁ ကီလို | ၅၅၀၀ | ကျ |
| ကျောက်ငါး | ၁ ကီလို | ၄၅၀၀ | ကျ |
| ကုလားငှ | ၁ ကီလို | ၅၀၀၀ | ကျ |
| ဓာဗျက် | ၁ ကီလို | ၂၅၀၀ | – |
| ဓလုံး | ၁ ကီလို | ၆၅၀၀ | – |
| ကြိမ်မွေ့တောင်း | ၁ ကီလို | ၆၀၀၀ | – |
| ငါးရောင် (ကြီး) | ၁ ကီလို | ၃၅၀၀ | – |
| ငါးရောင် (သေး) | ၁ ကီလို | ၁၅၀၀ | – |
| ငါးသဲတိုး | ၁ ကီလို | ၂၀၀၀ | ကျ |
| ကဏ္ဍူရုံ | ၁ ကီလို | ၁၄၀၀၀ | – |
| ကကတစ် | ၁ ကီလို | ၅၀၀၀ | – |
| ငါးလိပ်ကျောက် | ၁ ကီလို | ၅၈၀၀ | ကျ |
| ငါးမုတ်မဲ | ၁ ကီလို | ၆၅၀၀ | တက် |
| ငါးမုတ်ဖြူ | ၁ ကီလို | ၁၃၀၀၀ | တက် |
| သဲကဏန်း | ၁ ကီလို | ၁၃၅၀၀ | – |
| ကင်းမွန် (ကြီး) | ၁ ကီလို | ၉၀၀၀ | – |
| ကင်းမွန်(သေး) | ၁ ကီလို | ၄၀၀၀ | ကျ |
| **ရေငန်ပုစွန်** | | | |
| ရေငန်ပုစွန်ကျား (Tiger) | ၁ ကီလို | ၂၃၀၀၀ | – |
| ရေငန်ပုစွန် (Pink) | ၁ ကီလို | ၉၀၀၀ | – |
| ရေငန်ပုစွန်မီးနီ (White) | ၁ ကီလို | ၁၃၀၀၀ | – |
| မျှင်ငါးပိ | ၁ ကီလို | ၃၀၀၀ | – |
| ပုစွန်ခြောက် (ကြီး) | ၁ ကီလို | ၃၀၀၀၀ | – |
| ပုစွန်ခြောက် (လတ်) | ၁ ကီလို | ၂၅၀၀၀ | – |
| ပုစွန်ခြောက် (သေး) | ၁ ကီလို | ၂၀၀၀၀ | – |

## တောင်သူထံမှဝယ်ယူသောလယ်ယာထွက်ကုန်ဈေးနှုန်းများ

| | ၁၂-၅-၁၉ | တက်/ကျ |
|---|---|---|
| **ပျဉ်းမနား** | | |
| **ပဲမျိုးစုံ (သုံးတင်းအိတ်)** | | |
| မတ်ပဲ (၆၀ ပိဿာ) | ၈၀၇၀၀ | တက် |
| **ဆီထွက်သီးနှံ** | | |
| နေကြာ (ပိဿာ) | ၁၄၅၀ | |
| မြေပဲ (ဆီဆန်) (ပိဿာ) | ၂၆၃၀ | ကျ |
| **တပ်ကုန်း** | | |
| **ပဲမျိုးစုံ(တစ်တင်း)** | | |
| မတ်ပဲ (၂၀ ပိဿာ) | ၂၆၅၀၀ | တက် |
| ပဲတီစိမ်း (၂၀ ပိဿာ) | ၄၀၀၀၀ | ကျ |
| **ဆီထွက်သီးနှံ** | | |
| နှမ်းနီ (၁၅ ပိဿာ) | ၃၈၀၀၀ | |
| နှမ်းနက် (၁၅ ပိဿာ) | ၆၀၀၀၀ | |
| မြေပဲ (လုံးဆန်) (ပိဿာ) | ၃၄၀၀ | ကျ |
| မြေပဲ (ဆီဆန်) (ပိဿာ) | ၂၇၀၀ | တက် |
| မြေပဲ (အတောင့်) (ပိဿာ) | ၁၈၀၀ | |
| နေကြာ (ပိဿာ) | ၁၈၀၀ | တက် |
| **လယ်ဝေး** | | |
| **ပဲမျိုးစုံ** | | |
| မတ်ပဲ (၂၀ပိဿာ) | ၂၆၉၀၀ | တက် |
| **ဆီထွက်သီးနှံ** | | |
| နှမ်းနက် (၁၅ ပိဿာ) | | |
| မြေပဲ (လုံးဆန်) (ပိဿာ) | ၃၅၀၀ | တက် |
| မြေပဲ (ဆီဆန်) (ပိဿာ) | ၂၈၀၀ | တက် |
| မြေပဲ (အတောင့်) (ပိဿာ) | ၁၅၀၀ | |

## ပြည်မြို့မဈေးကြီး

| အမျိုးအမည် | ရေတွက်ပုံ | ၁၅-၅-၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန် (အလတ်စ)** | | | |
| မနောသုခ | တစ်တင်းခွဲ | ၂၀၀၀၀ | |
| အင်းမရဲဘော် | တစ်တင်းခွဲ | ၂၃၀၀၀ | |
| ရွှေဝါထွန်း | တစ်တင်းခွဲ | ၁၉၀၀၀ | |
| **ပဲမျိုးစုံ** | | | |
| ဘိုကိတ် | ၂၀ ပိဿာ | ၁၇၅၀၀ | |
| မတ်ပဲ | ၂၀ ပိဿာ | ၂၇၀၀၀ | |
| ပဲတီစိမ်း (သေး) | ၂၀ ပိဿာ | ၃၇၃၃၃ | |
| ပဲပုပ် (မြန်မာ) | ၂၀ ပိဿာ | ၂၂၅၀၀ | တက် |
| ပဲစင်းငုံ (အနီ) | ၂၀ ပိဿာ | ၃၁၅၀၀ | |
| ပဲလွမ်းဖြူ | ၂၀ ပိဿာ | ၁၉၀၀၀ | |
| ကုလားပဲ (လုံးဝါကြီး) | ၂၀ ပိဿာ | ၃၀၀၀၀ | |
| ထောပတ်ပဲ (သေး) | ၂၀ ပိဿာ | ၃၄၀၀၀ | |
| **ဆီထွက်သီးနှံ** | | | |
| မြေပဲ (လုံးဆန်) | ပိဿာ | ၃၁၁၇ | တက် |
| မြေပဲ (ဆီဆန်) | ပိဿာ | ၂၈၀၀ | |
| နှမ်းနက် | ၄၅ ပိဿာ | ၁၈၀၀၀၀ | ကျ |
| နှမ်းနီ | ၄၅ ပိဿာ | ၁၇၅၀၀၀ | |
| **စားဖိုဆောင်သီးနှံ** | | | |
| ငရုတ်ခြောက် (ရှည်) | ပိဿာ | ၄၂၃၃ | တက် |
| ငရုတ်ခြောက် (လတ်) | ပိဿာ | ၄၂၀၀ | တက် |
| ငရုတ်ခြောက် (ပွ) | ပိဿာ | ၆၅၀၀ | ကျ |
| ကြက်သွန်နီ (ကြီး) | ပိဿာ | ၅၆၀ | တက် |
| ကြက်သွန်နီ (လတ်) | ပိဿာ | ၅၄၀ | တက် |
| အာလူး (အိုကေ) | ပိဿာ | ၇၀၀ | |
| အာလူး (အေဝမ်း) | ပိဿာ | ၆၀၀ | ကျ |
| ကြက်သွန်ဖြူ (ရှမ်း) | ပိဿာ | ၁၂၀၀ | တက် |
| ကြက်သွန်ဖြူ (ဖြူဆုံး) | ပိဿာ | ၂၈၀၀ | တက် |
| ချင်း | ပိဿာ | ၂၀၀၀ | |
| **စားသုံးဆီ** | | | |
| မြေပဲဆီ (ရှယ်) | ပိဿာ | ၆၅၀၀ | |
| မြေပဲဆီ (ရိုးရိုး) | ပိဿာ | ၅၅၀၀ | |
| နှမ်းဆီ (ရှယ်) | ပိဿာ | ၇၅၀၀ | |
| နှမ်းဆီ (ရိုးရိုး) | ပိဿာ | ၇၃၀၀ | |
| စားအုန်းဆီ | ပိဿာ | ၁၅၂၀ | ကျ |

## တောင်ကြီး

| အမျိုးအမည် | ရေတွက်ပုံ | ၁၅-၅-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန် (အလတ်စ)** | | | |
| ဧရာဝတီပေါ်ဆန်း | တစ်တင်းခွဲ | ၄၉၀၀၀ | တက် |
| ဖျာပုံပေါ်ဆန်း | တစ်တင်းခွဲ | ၄၆၅၀၀ | |
| ပေါ်ကျွဲ | တစ်တင်းခွဲ | ၃၃၁၆၆ | ကျ |
| ဇီယာ | တစ်တင်းခွဲ | ၂၆၅၀၀ | |
| မနောသုခ | တစ်တင်းခွဲ | ၃၂၀၀၀ | တက် |
| အင်းမရဲဘော် | တစ်တင်းခွဲ | ၂၃၅၀၀ | |
| ခေါက်နှမ်းခမ်းဆန် | နှစ်တင်း | ၇၄၃၃၃ | ကျ |
| **နံ့စားသီးနှံ** | | | |
| အစေ့ထုတ်ပြောင်း | ပိဿာ | ၃၅၇ | တက် |
| ဂျုံစေ့ (ရှမ်း) | ပိဿာ | ၉၂၃ | တက် |
| **ပဲမျိုးစုံ** | | | |
| ပဲပုပ် (ရှမ်း) | ပိဿာ | ၁၂၅၀ | တက် |
| ပဲစင်းငုံ (အနီ) | ပိဿာ | ၁၃၅၀ | |
| **စားဖိုဆောင်သီးနှံ** | | | |
| ကြက်သွန်ဖြူ (ဥလတ်) | ပိဿာ | ၄၂၃ | ကျ |
| ကြက်သွန်ဖြူ (ရှယ်) | ပိဿာ | ၆၅၀ | တက် |
| ကြက်သွန်ဖြူ (ကြူကုတ်) | ပိဿာ | ၁၉၀၀ | တက် |
| **စားသုံးဆီ** | | | |
| မြေပဲဆီ (ရှယ်) | ပိဿာ | ၄၈၈၃ | ကျ |
| နှမ်းဆီ (ရိုးရိုး) | ပိဿာ | ၅၀၃၃ | တက် |
| စားအုန်းဆီ (ရိုးရိုး) | ပိဿာ | ၁၈၅၀ | |
| **ဆီထွက်သီးနှံ** | | | |
| ပန်းနှမ်း | ပိဿာ | ၁၃၄၃ | ကျ |

## ငါးရက်တစ်ဈေး အောင်ပန်းဈေးကွက်

| အမျိုးအမည် | ရေတွက်ပုံ | ၁၂-၅-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **နံ့စားသီးနှံ** | | | |
| အစေ့ထုတ်ပြောင်း | ပိဿာ | ၄၀၀ | တက် |
| ဂျုံစေ့ (ရှမ်း) | ပိဿာ | ၁၀၀၀ | တက် |
| **ဆီထွက်သီးနှံ** | | | |
| ပန်းနှမ်း | ပိဿာ | ၁၀၀၀ | တက် |
| နေကြာ | ပိဿာ | ၈၅၀ | |
| **စားဖိုဆောင်သီးနှံ** | | | |
| အာလူး (အိုကေ) | ပိဿာ | ၅၅၀ | ကျ |
| အာလူး (အေဝမ်း) | ပိဿာ | ၄၅၀ | ကျ |
| ချင်း (အစို) | ပိဿာ | ၁၃၀၀ | ကျ |
| ကြက်သွန်ဖြူ (အလတ်) | ပိဿာ | ၁၁၀၀ | ကျ |
| **ပဲမျိုးစုံ** | | | |
| ပဲပုပ် | ပိဿာ | ၁၁၀၀ | |
| **ဟင်းသီးဟင်းရွက်** | | | |
| ခရမ်းချဉ် (ရှမ်း) | ပိဿာ | ၁၂၀၀ | တက် |
| ဂေါ်ဖီထုပ် | ထုပ် | ၅၀၀ | ကျ |
| ပန်းမုန်လာ (ရှမ်း) | ပွင့် | ၅၀၀ | တက် |
| မုန်လာဥနီ | ပိဿာ | ၁၂၀၀ | တက် |
| ဂေါ်ရခါးသီး | လုံး | ၃၅ | ကျ |
| ဂျူး | ပိဿာ | ၁၁၀၀ | တက် |
| ရွှေပဲသီး | ပိဿာ | ၂၈၀၀ | ကျ |
| ဘိုစားပဲ | ပိဿာ | ၁၀၀၀ | ကျ |

## ဝက်ပုတ်ဈေးကွက်

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်

| အမျိုးအမည် | ရေတွက်ပုံ | ၁၅-၅-၁၉ | တက်/ကျ |
|---|---|---|---|
| **ဟင်းသီးဟင်းရွက်** | | | |
| သခွားသီး | ၁၀၀ လုံး | ၇၀၀၀ | တက် |
| ခရမ်းသီး (လတ်) | ၁၀၀ လုံး | ၄၀၀၀ | တက် |
| ငရုတ်သီးစိမ်း (ရှည်) | ပိဿာ | ၂၀၀၀ | တက် |
| ရုံးပတီသီး | ၁၀၀ တောင့် | ၈၀၀ | တက် |
| ကြက်ဟင်းခါးသီး | ၁၀၀ တောင့် | ၄၆၆၇ | တက် |
| မုန်လာဥဖြူ | ၁၀၀ လုံး | ၄၀၀၀ | တက် |
| ပဲတောင့်ရှည် (တိုင်ပေ) | စည်း | ၈၀၀ | ကျ |
| နံနံ | ပိဿာ | ၁၇၆၇ | တက် |

## မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ ရရှိသောဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ၁၃-၅-၁၉ | တက်/ကျ |
|---|---|---|---|
| **လယ်ယာထွက်ကုန်** | | | |
| ညို့မထ(၂၅%) | တန် | ၁၈၇၀ယွမ် | – |
| ပဲတီစိမ်း | တန် | ၅၉၀၀ယွမ် | – |
| ပဲပုပ် | တန် | ၃၇၅၀ယွမ် | – |
| ပဲလွမ်းဖြူ | တန် | ၅၂၅၀ယွမ် | – |
| ထောပတ်ပဲ | တန် | ၅၅၀၀ယွမ် | – |
| အစေ့ထုတ်ပြောင်း | တန် | ၁၁၅၀ယွမ် | ကျ |
| မြေပဲဆန် | တန် | ၁၂၅၀၀ယွမ် | – |
| နှမ်း | တန် | ၉၇၅၀ယွမ် | – |
| ကြက်သွန်နီ | တန် | ၃၀၆၄ယွမ် | – |
| ကြက်သွန်ဖြူ(ရှမ်း) | ပိဿာ | ၁၅၀၀ကျပ် | – |
| RSS 3 | ပိဿာ | ၈၇၅၀ယွမ် | – |
| **ရေထွက်ကုန်** | | | |
| ကဏန်း (အမာ) | တန် | ၃၄၀၀ဒေါ်လာ | ကျ |
| ငါးရှဉ့် | တန် | ၄၈၀၀ဒေါ်လာ | တက် |
| **နိုင်ငံခြားငွေလဲလှယ်နှုန်း** | | | |
| အမေရိကန်ဒေါ်လာ | ၁ဒေါ်လာ | ၁၅၂၇ကျပ် | တက် |
| ယွမ် | ၁ ယွမ် | ၂၂၂ကျပ် | – |

## အိန္ဒိယနိုင်ငံ မွန်ဘိုင်းဈေးကွက်၏ ပဲမျိုးစုံ ဈေးနှုန်းများ

US$/MT FAQ =Fair Average Quality

| နေ့စွဲ | ပဲစင်းငုံ(အကျား) Tur (Pigeon Pea) FAQ/SQ | မတ်ပဲ Urad(Black Mape) FAQ |
|---|---|---|
| ၆.၅.၂၀၁၉ | ၇၉၇ | ၆၃၄ |
| ၁၃.၅.၂၀၁၉ | ၇၉၉ | ၆၅၀ |

## ပြည်တွင်းဓာတ်မြေဩဇာဈေးနှုန်းများ

၅၀ ကီလိုအိတ်

| အမျိုးအမည် | ၁၅-၅-၂၀၁၉ ရန်ကုန် | ၁၅-၅-၂၀၁၉ မန္တလေး |
|---|---|---|
| **ယူရီးယား** | | |
| ယူရီးယား(တရုတ်) | ၂၈၅၀၀ | ၂၆၇၀၀ |
| **ကွန်ပေါင်း** | | |
| အာမို(၁၆း၁၆း၈း၁၃)(၄-ရောင်ခြယ်) | ၃၇၅၀၀ | ၄၀၄၀၀ |
| အာမို(၁၅း၁၅း၁၅း၇) | ၄၀၅၀၀ | ၄၄၄၀၀ |
| ရွှေခြသေ့(၁၅း၇း၈) | | ၂၄၅၀၀ |
| ရွှေခြသေ့(၁၀း၁၀း၅) | | ၁၇၀၀၀ |
| တိုးပွားမန်း(လှည်းယာဉ်)(၁၀း၁၀း၅း၅) | ၁၈၇၀၀ | ၁၇၄၀၀ |
| တိုးပွားမန်း(လှည်းယာဉ်)(၁၅း၁၅း၁၅း၁၀) | ၃၉၅၀၀ | ၃၈၅၀၀ |
| **တီဆူပါ** | | |
| GTSP ၄၆% | ၂၆၅၀၀ | ၂၁၅၀၀ |
| တိုးပွားမန်း(လှည်းယာဉ်) $N+P_2O_5>50\%$ | ၂၄၈၀၀ | ၂၃၅၀၀ |
| **ပိုတက်ရှ်** | | |
| ပိုတက်ရှ် (အိန္ဒိယအနီ) | ၂၈၅၀၀ | ၂၈၁၀၀ |
| **မြန်မာ့ဩဘာဓာတ်မြေဩဇာမှ ကိုယ်စားလှယ်ဆိုင်လက္ကားဈေးများ** | | |
| Gပုလဲအလုံးကြီး (၄၆ %) | ၂၇၅၀၀ | ၂၈၀၀၀ |
| ရွှေကောမက် (၂၀း၁၂း၁၂) | ၃၈၂၀၀ | ၃၉၇၀၀ |
| ကောမက်သီးစုံ | ၂၇၇၀၀ | ၂၉၂၀၀ |
| Premo lite (၁၆း၁၆း၁၆) | ၄၃၆၀၀ | ၄၇၄၀၀ |

## စက်မှုကုန်ကြမ်းဈေးနှုန်းများ

US$/MT

| | | |
|---|---|---|
| **သကြား** | ၁၃. ၅. ၂၀၁၉ | ၆. ၅. ၂၀၁၉ |
| Refined sugar | ၃၂၇ | ၃၂၈ |
| Raw | ၂၇၁ | ၂၈၂ |
| **ကော်ဖီ** | ၁၃. ၅. ၂၀၁၉ | ၆. ၅. ၂၀၁၉ |
| Columbia Mild | ၂၆၆၃ | ၂၇၀၇ |
| Brazilian Natural | ၁၉၅၂ | ၁၉၉၁ |
| Robustas | ၁၅၄၆ | ၁၅၆၇ |
| **ရာဘာ** | ၆. ၅. ၂၀၁၉ | ၂၉. ၄. ၂၀၁၉ |
| RSS - 1 | ၁၇၉၃ | ၁၇၉၇ |
| RSS - 2 | ၁၇၇၄ | ၁၇၇၉ |
| RSS - 3 | ၁၇၅၇ | ၁၇၆၁ |
| RSS - 4 | ၁၇၄၇ | ၁၇၅၂ |
| RSS - 5 | ၁၇၃၃ | ၁၇၃၈ |
| **စားအုန်းဆီ** | ၁၃. ၅. ၂၀၁၉ | ၂၉. ၄. ၂၀၁၉ |
| RBD P. OLEIN | ၅၀၂ | ၅၃၃ |

Source: LIFFE, CSCE, ICO, International Rubber Prices (Bangkok), www.cbot.com, Myanmar Kuok Oil & Grains Ltd.

## လားရှိုးဈေးကွက်

| အမျိုးအမည် | ရေတွက်ပုံ | ၁၅-၅-၂၀၁၉ | တက်/ကျ |
|---|---|---|---|
| **ဆန်** | | | |
| ဧောတိကပေါ်ဆန်း | တစ်တင်းခွဲ | ၄၉၀၀၀ | တူ |
| ရွှေဘိုပေါ်ဆန်း | တစ်တင်းခွဲ | ၅၈၀၀၀ | |
| လုံးသွယ်မွှေး | တစ်တင်းခွဲ | ၃၈၅၀၀ | |
| ညို့မထ | တစ်တင်းခွဲ | ၂၆၀၀၀ | |
| **စားသုံးဆီ** | | | |
| မြေပဲဆီ | ပိဿာ | ၂၆၀၀ | |
| စားအုန်းဆီ (ပုဇွန်နှစ်ကောင်) | ပိဿာ | ၁၉၅၀ | |
| **စားဖိုဆောင်သီးနှံ** | | | |
| ကြက်သွန်နီ (ကြီး) | ပိဿာ | ၇၀၀ | |
| ကြက်သွန်နီ (လတ်) | ပိဿာ | ၆၅၀ | |
| ကြက်သွန်နီ (သေး) | ပိဿာ | ၆၀၀ | |
| ကြက်သွန်ဖြူ (ရှမ်း) | ပိဿာ | ၁၃၀၀ | ကျ |
| ကြက်သွန်ဖြူ (တရုတ်) | ပိဿာ | ၂၆၀၀ | ကျ |
| အာလူး (အိုကေ) | ပိဿာ | ၇၇၅ | တက် |
| **ကုန်စည်ဒိုင်** | | | |
| အစေ့ထုတ်ပြောင်း | ပိဿာ | ၃၁၀ | ကျ |

တရုတ်ငွေကြေး ၁ ယွမ်နှင့် ညီမျှသော မြန်မာငွေကျပ် လဲလှယ်နှုန်း = **၂၂၁.၉၈** နယ်စပ်ပြောင်းအရောင်းအဝယ်မရှိပါ။

## အမေရိကန် ၁ ဒေါ်လာနှင့်ညီမျှသောငွေကြေးတန်ဖိုး

Source : exchangerate.com

| | | ၁၃-၅-၂၀၁၉ | ၆-၅-၂၀၁၉ |
|---|---|---|---|
| ဥရောပ | (ယူရို) | ၀. ၈၈၉၅၈၇ | ၀. ၈၉၂၉၃၇ |
| ဗြိတိန် | (ပေါင်စတာလင်) | ၀. ၇၆၈၇၀၇ | ၀. ၇၆၃၇၀၁ |
| ဩစတြေးလျ | (ဒေါ်လာ) | ၁. ၄၃၄၇၀၅ | ၁. ၄၂၉၆၆၇ |
| ဂျပန် | (ယန်း) | ၁၀၉. ၅၁၆၂ | ၁၁၀. ၉၉၈၄ |
| တောင်ကိုရီးယား | (ဝမ်) | ၁၁၈၅. ၄ | ၁၁၇၀. ၀၀၂ |
| တရုတ် | (ယွမ်) | ၆. ၈၅၅၃၈၆ | ၆. ၇၅၅၃၄ |
| အိန္ဒိယ | (ရူပီး) | ၇၀. ၄၃၂၇၆ | ၆၉. ၃၄၂၁၈ |
| ဟောင်ကောင် | (ဒေါ်လာ) | ၇. ၈၄၈၈၇၅ | ၇. ၈၄၅၈၇၉ |
| ဘင်္ဂလားဒေ့ရှ် | (တာကာ) | ၈၄. ၂၈၄၇၃ | ၈၄. ၂၈၄၇၃ |
| တိုင်ဝမ် | (ဒေါ်လာ) | ၃၁. ၀၈၁၄၄ | ၃၀. ၉၂၅၀၁ |
| စင်္ကာပူဒေါ်လာ | (ဒေါ်လာ) | ၁. ၃၆၇၈၇ | ၁. ၃၆၂၈၇၂ |
| အင်ဒိုနီးရှား | (ရူပီးယား) | ၁၄၃၆၉. ၆၉ | ၁၄၂၉၁. ၂၉ |
| ဖိလစ်ပိုင် | (ပက်ဆို) | ၅၂. ၄၂၄၁ | ၅၁. ၉၅၀၈၅ |
| ထိုင်း | (ဘတ်) | ၃၁. ၆၄၈၃ | ၃၁. ၉၀၂၈၁ |
| ဗီယက်နမ် | (ဒေါင်) | ၂၃၂၅၄. ၈၂ | ၂၃၂၅၄. ၈၂ |
| မလေးရှား | (ရင်းဂစ်) | ၄. ၁၆၃၃၆၂ | ၄. ၁၄၆၆၆၄ |
| ကမ္ဘောဒီးယား | (ရီရယ်) | ၄၀၃၀. ၁၉ | ၄၀၃၀. ၁၉ |
| ဘရူနိုင်းဒါရူစလမ် | (ဒေါ်လာ) | ၁. ၃၆၇၈၇ | ၁. ၃၆၂၈၇၂ |
| လာအို | (ကစ်ပ်) | ၈၆၈၈. ၅၃၂ | ၈၆၈၈. ၅၃၂ |

## ပြည်ပဆန်ဈေးနှုန်း

(US$/MT) Source: riceonline.com

| | | ၁၃-၅-၁၉ | ၈-၅-၁၉ |
|---|---|---|---|
| ထိုင်း | 100%B | | ၄၂၅ |
| | 5% | | ၄၀၉ |
| | 25% | | ၄၀၁ |
| | Parboiled | | ၄၁၅ |
| ဗီယက်နမ် | | | |
| | 5% | | ၃၇၀ |
| | 25% | | ၃၄၅ |
| အိန္ဒိယ | | | |
| | 5% | | ၃၇၅ |
| | 25% | | ၃၄၅ |
| | Parboiled | | ၃၇၀ |
| ပါကစ္စတန် | | | |
| | 5% | | ၃၆၆ |
| | 25% | | ၃၃၀ |

၁၃. ၅. ၁၉ ရက်အတွက် ဆန်ဈေးနှုန်းမရရှိပါ။

# လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အဂတိတရားကင်းစင်မှုနှင့် ရိုးဖြောင့်ဂုဏ်ကို ထိန်းသိမ်းဆောင်ရွက်ကြရမည်
## ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မှာကြား

နေပြည်တော် မေ ၉

မြေယာဆိုင်ရာလုပ်ငန်းစဉ်များတွင် ဥပဒေနှင့်ညီညွတ်စေရေးအတွက် အဓိကတာဝန်ယူဆောင်ရွက်နေကြသော လယ်ယာမြေစီမံန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရှိ အဆင့်ဆင့်သော နိုင်ငံဝန်ထမ်းများအနေဖြင့် အဂတိတရားကင်းစင်မှုနှင့် ရိုးဖြောင့်ဂုဏ်ကို ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ယမန်နေ့မွန်းလွဲ ၂ နာရီက နေပြည်တော် ရုံးအမှတ် ၁၅ အစည်းအဝေးခန်းမ၌ ကျင်းပသည့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဦးစီးမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။ (ပုံ)



အဆိုပါအစည်းအဝေးသို့ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့်အတူ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဦးစီးမှူးများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဖွံ့ဖြိုးရေးချမှတ်ဆောင်ရွက်နေသည့် မူဝါဒနှင့် စီမံကိန်းများအောင်မြင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းကောင်းများ၏ မောင်းနှင်အားသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ ဝန်ထမ်းကောင်းများ လိုက်နာရမည့် ကျင့်ဝတ်နှင့်တာဝန်များကို လေးစားတန်ဖိုးထားလိုက်နာ၍ ထိတွေ့ဆက်ဆံရသည့် ပြည်သူများအပေါ်တွင်လည်း ယဉ်ကျေးပျူငှာစွာ ဆက်ဆံဆွေးနွေးတတ်မှုနှင့်အတူ လယ်ယာမြေစီမံခန့်ခွဲမှု လုပ်ငန်းစဉ်များကို မှန်ကန်ထိရောက်စွာ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ဝန်ထမ်းများ တိုးချဲ့ခန့်ထားနိုင်ရေးနှင့် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာစွမ်းဆောင်ရည်ပြည့်ဝသည့် ဝန်ထမ်းကောင်းများ ဖြစ်စေရေး၊ သက်ဆိုင်ရာ တာဝန်ရှိသူများက ထိန်းကျောင်းကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လက်ရှိဖြစ်ပေါ်လျက်ရှိသည့် မြေယာပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာတွင် ပြဋ္ဌာန်းထားရှိသည့် မြေယာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများအနေဖြင့် မိမိတို့တာဝန်ယူရသည့်ကဏ္ဍများအလိုက် အောက်ခြေအဆင့်ဆင့်မှ တင်ပြလာမှုများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြီး နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် အားထုတ်ကြိုးပမ်းကြစေလိုကြောင်း၊ မြေပြင်လက်တွေ့ဆောင်ရွက်သူများ၏ ကြုံတွေ့ရနိုင်သော အခက်အခဲပြဿနာများအပေါ် ပူးပေါင်းကူညီဖြေရှင်းပေးနိုင်ရေးကိုပါ တစ်ပြိုင်တည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးရေး ကြိုးပမ်းမှုကာလဖြစ်သည်နှင့်အညီ မိမိတို့ဝန်ထမ်းများရရှိခံစားရသည့် လစာစရိတ်နှင့်လျော်ညီစွာ သည်းခံခြိုးခြံပြီး မိမိဌာန၏ဂုဏ်၊ ဝန်ထမ်း၏ကျင့်ဝတ်သိက္ခာကို စောင့်ထိန်းကာ နောင်မျိုးဆက်များအတွက် စံနမူနာကောင်းထားရှိခဲ့နိုင်ရေး ကြိုးပမ်းကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့ပြီးသောလုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများက ဒေသအလိုက် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ဖြည့်ဆည်းဆွေးနွေး မှာကြားသည်။

MOALI ပြန်ကြားရေး

## တောင်သူပညာဆွေးနွေးပွဲ သရက်ချောင်းတွင် ကျင်းပ

သီးနှံများ တစ်ဧကအထွက်နှုန်းတိုးတက်မြင့်မားရေးအတွက် တောင်သူပညာပေးဆွေးနွေးပွဲကို တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် စော်ဖျားကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် မေ ၉ ရက် နံနက်ပိုင်းကကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ တောင်သူလယ်သမားများ တက်ရောက်ကြသည်။



အဆိုပါပညာပေးဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး၊ သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ကြွယ်စန္ဒာက သီးနှံအလိုက်၊ ရာသီအလိုက်၊ ကျရောက်တတ်သော ပိုးမွှားများအား ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများ၊ လိုအပ်၍ ပိုးသတ်ဆေးအသုံးပြုရပါက ပိုးသတ်ဆေးအမျိုးအစားများ၊ အသုံးပြုရမည့်အချိုးအစားများ၊ ဆေးဖျန်းကိရိယာနှင့် ဆေးဖျန်းဝတ်စုံများကို စနစ်တကျအသုံးပြုခြင်းနည်းလမ်းများ၊ စပါးရာသီတွင် ကျရောက်တတ်သော ငမြောင်တောင်ပိုး (Fall Army worm) ဖြုတ်အမျိုးမျိုး၊ ရွှေခရုကြိုတင်ကာကွယ်ခြင်း၊ နှိမ်နင်းခြင်းနည်းလမ်းများကို ပညာပေးဆွေးနွေးကြသည်။

ဆက်လက်၍ သရက်ချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင့်လွင်ဦးက မိုးစပါးအတွက် မြေယာစနစ်တကျပြုပြင်ခြင်း၊ ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီပြီး အထွက်ကောင်းသော မျိုးသန့်စပါးများကို ကြိုတင်စုဆောင်းအသုံးပြုခြင်းအစီအစဉ်များ၊ သီးနှံအလိုက် သိပ္ပံနည်းကျစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) နှင့်အညီ လိုက်နာစိုက်ပျိုးထုတ်လုပ်ခြင်းနည်းစနစ်များကို ပညာပေးဆွေးနွေးပြီး စိုက်ပျိုးရေးပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

သိန်းဇေ



## စီးပွားဖြစ်မျိုးသန့်ပေးအပ်ပွဲ ဟင်္သာတတွင် ကျင်းပ

တစ်ဧကအထွက်နှုန်းတိုးတက်မြင့်မားရေးအတွက် စီးပွားဖြစ်မျိုးသန့် (CS) ပေးအပ်ပွဲကို မေ ၇ ရက်နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ရွှေကြာ ၁ ဆန်စက်တွင်ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန JICA CS သုံးစွဲမှု မြှင့်တင်ရေးစီမံကိန်းတာဝန်ရှိသူများ၊ ဆန်စက်ပိုင်ရှင်များ၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာများ၊ ဆန်ကုန်သည်များ၊ မျိုးစေ့ထုတ်တောင်သူများ၊ မျိုးသန့်စိုက်ပျိုးမည့်တောင်သူများ၊ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် ၂၀၁၉ ခုနှစ် မိုးရာသီ၌ စီးပွားဖြစ်မျိုးသန့်စိုက်ပျိုးနိုင်ရေးနှင့် မျိုးစေ့ CS ပေးအပ်ခြင်းနှင့် မျိုးကောင်းမျိုးသန့်စိုက်ပျိုးထုတ်လုပ်ခြင်း ၏ အကျိုးကျေးဇူးများကို တာဝန်ရှိသူ တို့က ပါဝင်ဆွေးနွေးကြပြီး ခရိုင်မျိုးစေ့ တာဝန်ခံ ဒေါ်နီလာအောင်နှင့် JICA မှ ဒေါ်ခင်ရီတို့က ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ မျိုးစေ့နည်းပညာများကို တင်ပြ ဆွေးနွေးသည်။

သိန်းဇေ

# သင့်အတွက်ကံကြမ္မာ

## စိုးဝင်းထက်

ဆ/၃၀၊ မယ်စီကုန်းလမ်း၊
၇-ရပ်ကွက်၊ လှိုင်မြို့နယ်။
ဖုန်း-၀၉-၄၄၈၀၃၆၄၉၅

**(၂၂-၅-၂၀၁၉) မှ (၄-၆-၂၀၁၉) ထိ**

### တနင်္ဂနွေ



အိမ်၊ အခန်း၊ ယာဉ်ကားသစ်များ ဝင်လာမည်။ ခန့်မှန်းရခက်သော စီးပွားရေးလုပ်ငန်းများ လုပ်ဖြစ်မည်။ ဆန်စပါး၊ မြေပဲ၊ မွှေးသောအပင် အရွက်အခေါက်များကြောင့် ငွေများရမည်။ အချစ်ရေး၊ အိမ်ထောင်ရေး အတွက် စိတ်ပူနေရမည်။ ငွေပုံမှန်ဝင်မည်။ ကျန်းမာရေးသင့်သည်။

**ယတြာ။ ။ မုန့်ဟင်းခါး ဒါနပြုလိုက်ပါ။**

### တနင်္လာ



နိုင်ငံခြားနှင့်ပတ်သက်သည့်ကိစ္စမှန်သမျှ အဆင်ပြေမည်။ အချစ်ရေး တွင် ဆန်းပြားမှုများနှင့်ကြုံမည်။ အရည်ရွှမ်းသော သစ်သီးဝလံ၊ ပန်းမန်များ၊ နွား၊ နွားနို့များကြောင့် ငွေများရမည်။ အချစ်ရေး၊ အိမ်ထောင်ရေးသာယာနေမည်။ ကျန်းမာရေးသင့်သည်။

**ယတြာ။ ။ ရေသန့်ဘူး လှူပေးပါ။**

### အင်္ဂါ



စိတ်သစ်၊ လူသစ်ဖြင့်လုပ်ငန်းများ စတင်ဖြစ်မည်။ အမြန်အဆန် အကောင်အထည်ဖော်ရသည့် စီးပွားရေးလုပ်ငန်းများ အောင်မြင်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် စိတ်ကူးယဉ်လွန်အားကြီးနေမည်။ ငွေများဝင်သလောက် ကုန်သွားမည်။ ခရီးကြမ်းများသွားရမည်။ ကျန်းမာရေး ညံ့နေသည်။

**ယတြာ။ ။ ဆန်၊ ဆီ၊ ဆား၊ ဆေး လှူပေးပါ။**

### ဗုဒ္ဓဟူး



ရှုပ်ထွေးသည့်လူမှုရေးကြားထဲရောက်သွားမည်။ ညီအစ်ကိုမောင်နှမများ၏ စီးပွားရေးကိစ္စများ ဆောင်ရွက်ရမည်။ အချစ်ရေးတွင် ငယ်ရွယ်သူများနှင့်အဆင်ပြေမည်။ ဝန်ထမ်းများ ဌာနအပြောင်းအရွှေ့ ရှိနိုင်သည်။ ငွေကြေးအဆင်မပြေသေးပါ။

**ယတြာ။ ။ ပေါင်မုန့် ဒါနပြုလိုက်ပါ။**

### ကြာသပတေး



နယ်ခြား၊ နိုင်ငံခြားသို့ အလုပ်ကိစ္စဖြင့် သွားရမည်။စက်ရုံ၊ စက်ပစ္စည်း အမျိုးမျိုးဝင်လာမည်။ အချစ်ရေး၊ အိမ်ထောင်ရေး ထုံထိုင်းနေမည်။ ပညာသင်ကြားမှု၊ သင်ယူမှုများပြုရမည်။ ငွေအသင့်အတင့် ဝင်လာမည်။ ကျန်းမာရေးညံ့နေသည်။

**ယတြာ။ ။ လက်ဖက်သုပ် ဒါနပြုလိုက်ပါ။**

### သောကြာ



စိတ်တင်းမာမှု၊ ဒေါသဖြစ်ရမှုများနေမည်။ ဆောက်လက်စ၊ လုပ်လက်စအလုပ်၊ အိမ်များ အပြီးသတ်ပေးရမည်။ အများနှင့် ပတ်သက်သောလုပ်ငန်းများ အဆင်ပြေနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေနေသည်။ ငွေရရန်ကိစ္စများ အဆင်ပြေမည်။ ခန္ဓာကိုယ်အောက်ပိုင်းကို ထိခိုက်နိုင်သည်။

**ယတြာ။ ။ ထီး၊ ဖိနပ် လက်ဆောင်ပေးလိုက်ပါ။**

### စနေ



မိမိပတ်ဝန်းကျင်က ကောင်းကျိုးပြုလိမ့်မည်။ လူပင်ပန်းပြီးမှ ငွေများရမည်။ စိုက်ပျိုးရေးလုပ်ငန်း၊ စိုက်ပျိုးရေး၊ စက်၊ ယာဉ်ကား၊ ကုန်ပစ္စည်းများကြောင့် အကျိုးအမြတ်ရမည်။ လုပ်ငန်းကြီးများ လုပ်ကိုင်ရမည်။ အချစ်ရေး၊ အိမ်ထောင်ရေးရန်ဖြစ်ရကိန်းရှိသည်။ ရောဂါဟောင်းများ ပြန်ထတတ်သည်။

**ယတြာ။ ။ ခွေးများကို အစာကျွေးလိုက်ပါ။**

---

အတွေးနှင့်ရသ

# လူနှင့်မျှော်လင့်ချက်များ

## မောင်မြင့်အောင်

**ဆယ်တန်းကျောင်းသားများအတွက် ဖြေဆိုရမည့်ဘာသာရပ် ခြောက်ခုရှိသလို ကျွန်တော်တို့လူသားတွေအတွက်လည်း ဘာသာခြောက်ခုရှိသည်။ ကျောင်းသားလေးများက နှစ်စဉ် မတ်လအတွင်း၌သာ ဖြေရသော်လည်း ကျွန်တော်တို့အတွက် ရက်အကန့်အသတ်မရှိ နေ့စဉ်ဖြေဆိုနေကြရသည်။**

စားဝတ်နေဆိုသည့် သုံးဘာသာ၊ လူမှုရေးဘာသာ၊ ကျန်းမာရေးဘာသာနှင့် စီးပွားရေးဘာသာတို့ဖြစ်သည်။ ထိုခြောက်ဘာသာထဲတွင် အဓိကက စားဝတ်နေရေးဖြစ်ပြီး လူ့အဖွဲ့အစည်းအသိုက်အဝန်းအတွက် လူမှုရေးဘာသာရပ်ကိုလည်း မေ့ထား၍ရပေ။

လူဆိုသည်မှာ တစ်ဦးတည်းနေ၍ မရသောကြောင့် အသိုက်အဝန်းရှိသလို သာရေးနာရေးလည်းရှိသည်။ အထူးသဖြင့် သာရေးနာရေးတို့တွင် ဝင်ရောက်ကူညီလုပ်ကိုင်ခြင်းက ပရဟိတအလုပ်လည်း ဖြစ်သည်။

ကျွန်တော်သည် ကျန်းမာရေး၊ စီးပွားရေးစသည့် ဘာသာရပ်များတွင် အောင်မှတ်မရသည့်အပေါ် သိပ်မခံစားရပေ။ သို့သော် လူမှုရေးဘာသာရပ်မှာ အမှတ်ကောင်းကောင်း ရချင်သည်။ သို့သော် တစ်ခါတလေ မိမိပိုင်ဆိုင်မှုကိန်းဂဏန်းနှင့်ညီမျှခြင်းဆွဲပြီး တချို့ကိစ္စတွေကို ဥပေက္ခာပြုလိုက်ရတာမျိုးလည်း ရှိသည်။ ထို့ကြောင့် သာရေးနှင့်နာရေးနှစ်ခုယှဉ်လာလျှင် နာရေးကိုသာ ဦးစားပေးမိသည်။

ကျွန်တော့်မှာ မောင်နှမသုံးယောက်ရှိသည်။ အစ်ကိုက အကြီးဆုံးဖြစ်ပြီး အငယ်ဆုံးက ညီမဖြစ်သည်။ ရန်ကုန်တစ်မြို့တည်းတွင် ကိုယ့်အိမ်ထောင်နှင့်ကိုယ်ဖြစ်နေကြသောကြောင့် အရေးတကြီးကိစ္စမရှိလျှင် တစ်ယောက်နှင့်တစ်ယောက် မတွေ့ဖြစ်ကြပေ။ မာကြောင်းသာကြောင်းကိစ္စများကို လက်ကိုင်ဖုန်းလေးများကသာ တာဝန်ယူကြ၏။

× × ×

သည်လိုနှင့်တစ်ရက်မှာ ညီဝမ်းကွဲလေးတစ်ယောက်နှင့် မြို့ထဲမှာဆုံပြီး ညီအစ်ကိုနှစ်ယောက် လက်ဖက်ရည်ဆိုင်ထိုင်ဖြစ်ကြသည်။ အမေညီအစ်မအရင်းက မွေးဖွားလာကြသူဖြစ်သော်လည်း ကျွန်တော်တို့နှစ်ယောက်က ညီအစ်ကိုအရင်းလို သဘောထားကြသည်။

"အစ်ကိုကြီး–ပြီးခဲ့တဲ့တနင်္ဂနွေက အစ်ကိုကြီးတူရဲ့ မင်္ဂလာဆောင်သွားသေးလား"

"အစ်ကိုကြီးတူ ဟုတ်လား၊ ဘယ်သူလဲ"

"အစ်ကိုကြီး ညီမအရင်းရဲ့သား သက်ဦးမောင်လေ"

"ဟုတ်လား မသိဘူး"

"အစ်ကိုကြီးကို မဖိတ်ဘူးလား"

"ဟင့်အင်း – မဖိတ်ဘူး"

"ကျွန်တော်တို့ဝမ်းကွဲမောင်နှမတွေအားလုံးကိုတော့ ဖိတ်တယ်၊ သွားနိုင်တဲ့လူကသွားတယ်၊ ကျွန်တော်တော့ မသွားနိုင်လို့ လက်ဖွဲ့ပဲပေးလိုက်တယ်"

ထို့နောက် ကျွန်တော်က လက်ဖက်ရည်တစ်ငုံသောက်လိုက်ပြီး လက်ကိုင်ဖုန်းနှင့်တစ်နေရာသို့ဆက်လိုက်၏။

"အစ်ကိုကြီး–ကျွန်တော်ပါ မျိုးဝင်းပါ"

"– – – – – – – – – – –"

"အစ်ကိုကြီးကိုလည်း မဖိတ်ဘူး–ဟုတ်လား"

ကျွန်တော်အရာရာကို သဘောပေါက်သွားခဲ့သည်။ ထို့နောက် ညီဝမ်းကွဲလေးကိုနှုတ်ဆက်ပြီး လူချင်းခွဲလိုက်ကြသည်။

အဖြေက ရိုးရိုးလေးပင်ဖြစ်သည်။ ဖိတ်ကြားခံရသော မောင်နှမဝမ်းကွဲအားလုံးသည် ကိုယ်ပိုင်လုပ်ငန်းနှင့် ပြေလည်ကြသူများဖြစ်ပြီး ကျွန်တော်တို့ညီအစ်ကို နှစ်ယောက်က နွမ်းပါးသူများ ဖြစ်နေကြသောကြောင့် ဖြစ်သည်။ ■

---

လက်လုပ်လက်စားသူတို့စကား

# အောင်မြင်မှုသည်သာ

## အိမ်ခေတ်မှူး (ရွှေ) – – – – –

**နွေရာသီကျောင်းပိတ်ရက်ဖြစ်၍ ရှမ်းပြည်နယ်တောင်ပိုင်းမြို့များသို့ ဒုတိယအကြိမ် ခရီးထွက်ဖြစ်သည်။ တောင်ကြီးမြို့မှစ၍ တစ်နာရီခွဲကျော်အကြာတွင် လွိုင်လင်မြို့သို့ရောက်သည်။ ကားလမ်းဘေးတွင် စီတန်းရောင်းနေသည့် ဖရဲသီးဆိုင်ကလေးများရှေ့တွင် ကားရပ်ကာ ဝယ်ယူအားပေးလိုက်မိသည်။**



ဈေးသည်ကလေးနာမည်က မလင်းလင်းတဲ့။ အသက်က ၂၀ ဝန်းကျင်။ တက္ကသိုလ်ဝင်တန်းဖြေ ထားစဉ် အမေ့ဆိုင်ကလေးကို ကူရောင်းနေခြင်းဖြစ်သည်။ မနက် ၇ နာရီမှ ညနေ ၆ နာရီ အထိ ဆိုင်ဖွင့်ကြသည်။ ဘုရားဖူးနှင့်လေ့လာရေး ဧည့်သည်ကားတွေက အဓိက ဝယ်ယူစားသုံးကြသည်။ "ဒီမှာရောင်းတာ အတော်ကြာပါပြီ။ ဘဝမှာတော့ သိပ်အပြေလည်ကြီးမရှိပေမယ့် ဈေးရောင်းလို့ရတဲ့အမြတ်နဲ့ ကျွန်မကျောင်းတက်နိုင်တယ်။ မိသားစုစားဝတ်နေရေးပြေလည်အောင်တော့ လောက်ငတယ်။ ကျန်းမာရေးတော့ အထူးဂရုစိုက်ရပါတယ်"ဟု ရှင်းပြသည်။

အိမ်ဝိုင်းလေးတစ်ခုဝယ်နိုင်ခဲ့သည်ဟု သိရသည်။ "လူတိုင်းကြီးပွားချမ်းသာချင်ကြတာပဲ။ ဒါပေမယ့် ကိုယ်ကျွမ်းကျင်တဲ့အလုပ်ကို လုပ်ဖို့လိုတယ်။ အလုပ်က သေးချင်သေးနေပေမယ့် အောင်မြင်ဖို့များတယ်။ သူတစ်ပါးလုပ်ငန်းကြီးတွေလုပ်ပြီး ချမ်းသာတာကိုအားကျပြီး ကိုယ်ကလိုက်လုပ်ရင် ကိုယ်မကျွမ်းကျင်တဲ့အတွက် ကြီးပွားတိုးတက်မှုမရဘဲ အမှားတွေ့နိုင်တယ်။ ဒါကြောင့် အလုပ်ကြီးတယ်၊ ငယ်တယ်၊ ဂုဏ်ရှိတယ် မရှိဘူးဆိုတာ အဓိကမဟုတ်ဘူး။ အရေးကြီးတာက အောင်မြင်ဖို့ပဲ"ဟု သူ့ဖခင်က ဆုံးမသည်ဆို၏။

"ငွေချေးငှားပြီးလုပ်ရင်လည်း အတိုးကြောင့် လုပ်ငန်းပျက်စီးသွားတာရှိကြတယ်။ ဒါကြောင့် ကိုယ်တတ်နိုင်သလောက်ပဲရင်းပြီး တစ်နိုင်တစ်ပိုင်ပဲ လုပ်ပါတယ်"ဟု ရှင်းပြသည်။ သူ ဒီနှစ်တက္ကသိုလ်ဝင်တန်းအောင်လျှင် ဘွဲ့ရပညာတတ်ဖြစ်အောင်ကြိုးစားပြီး ဒီဒေသမှာပဲ ပညာရေးဝန်ထမ်းလုပ်မယ်ဟု အားခဲထားကြောင်း သူ့ရည်မှန်းချက်ကိုလည်း ပြောပြသည်။

သူ၏စကားသံများက ယုံကြည်ချက်အပြည့်ဖြင့် တက်ကြွခိုင်မာနေသည်။ ■

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ အိန္ဒိယနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်) ကူးမားအား လက်ခံ တွေ့ဆုံ

နေပြည်တော် မေ ၃

**စိုက်** ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာအောင်သူသည် အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး အပါအဝင် ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့ညနေ ၄ နာရီက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr.Saurabh Kumar(မစ္စတာဆော်ရက်(ဘ်)ကူးမား)အား ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ပုံ)

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်နေသော စပါးဇီဝဥယျာဉ်စီမံကိန်း (Rice Bio Park) နှင့် အဆင့်မြင့်စိုက်ပျိုးရေး သုတေသနနှင့်ပညာရေးဗဟိုဌာန (ACARE) တို့ဖြင့် လယ်ယာကဏ္ဍဆိုင်ရာ နည်းပညာဖွံ့ဖြိုးမှုဆောင်ရွက်ချက်များကိုလည်းကောင်း၊ အဆင့်မြင့် လယ်ယာမြေဖော်ထုတ်ရေးနှင့် ဆည်မြောင်းဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ ကနဦးရင်းနှီးငွေနည်းနည်းဖြင့် မြန်မာ့တောင်သူများ လယ်ယာသုံးစက်ကိရိယာသုံးစွဲနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်ရန်ကိစ္စရပ်များကိုလည်းကောင်း၊ ကျေးလက်တိရစ္ဆာန်ကျန်းမာရေးလုပ်သား သင်တန်းနှင့် တိရစ္ဆာန်မွေးမြူရေး၊ ကျန်းမာရေး၊ စီမံခန့်ခွဲရေးအတွက် လေ့ကျင့်သင်ကြားပေးခြင်း စီမံချက်များပါဝင်သည့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း ဆွေးနွေးကြသည်။

MOALI ပြန်ကြားရေး



# ကုန်းမြင့်ဒေသ စိုက်ပျိုးရေးသွင်းအားစုများနှင့် လယ်ယာဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း မိတ်ဆက်အခမ်းအနား ဘားအံတွင် ကျင်းပ

ဘားအံ မေ ၁၄

**စိုက်** ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် IFDC (International Fertilizer Development Center) တို့ပူးပေါင်း၍ LIFT Fund (Livehood and Food Security Fund) အဖွဲ့၏ ထောက်ပံ့ရန်ပုံငွေဖြင့် ကုန်းမြင့်ဒေသ စိုက်ပျိုးရေးသွင်းအားစုများနှင့် လယ်ယာဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း မိတ်ဆက်အခမ်း အနားကို မေ ၂ ရက် နံနက် ၁၀ နာရီက စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး၊ ရဲသူရခန်းမ၌ ကျင်းပရာ ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းထိုက်နှင့် IFDC အဖွဲ့၏ ယာယီတာဝန်ခံ အကြီးတန်းစိုက်ပျိုးရေးပညာရှင် ဦးဖေယျာလင်းတို့က စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒေါ်အေးသက်ဖြူနှင့် ဒေါ်ဆုမြတ်ဦးတို့က စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ စီမံကိန်းသုံးမြို့နယ်မှ စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးအရောင်းဆိုင်ပိုင်ရှင်များနှင့် တောင်သူများ စုစုပေါင်း ၇၀ ဦး တက်ရောက်ကြသည်။

အဆိုပါစီမံကိန်းသည် ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် EAO ဒေသ၊ KNU/KNLA - PC ဒေသများတွင် ၂၀၁၉ ခုနှစ် ဇန်နဝါရီ မှ ၂၀၂၀ ခုနှစ် ဇွန်လထိ စီမံကိန်းကာလ ၁၈ လကြာမြင့်မည်ဖြစ်ပြီး နည်းပညာပေးသင်တန်း၊ ကွင်းသရုပ်ပြပွဲ၊ စမ်းသပ်ကွက်များဆောင်ရွက်ကာ စိုက်ပျိုးရေး သွင်းအားစုများလည်း ထောက်ပံ့မည်ဖြစ်ကြောင်း သိရသည်။

ဆုဝေယံ

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်သဘာဝသိပ္ပံဆိုင်ရာ နည်းပညာကော်မတီ (အဆိုပြု) ဖွဲ့စည်းနိုင်ရေး ဆွေးနွေး

နေပြည်တော် ဧပြီ ၂၅

**စိုက်** ပျိုးရေး၊ မွေးမြူရေး နှင့် သဘာဝသိပ္ပံဆိုင်ရာ နည်းပညာကော်မတီ (အဆိုပြု) ဖွဲ့စည်းနိုင်ရန်အတွက် ညှိနှိုင်းဆွေးနွေး ခြင်းအခမ်းအနားကို စိုက်ပျိုးရေး သုတေသနဦးစီးဌာန (DAR)နေပြည်တော် ရေဆင်းရှိ နဝရတ်ခန်းမ တွင် ယနေ့ညနေ ၄ နာရီက ပြုလုပ်ရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ဌာနစု တာဝန်ခံများ၊ သုတေသနပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်များနှင့် လူငယ် စိုက်ပျိုးရေး သုတေသီများအသင်း (YARSA) အဖွဲ့ဝင်များ တက်ရောက်ကြပြီး အဆိုပါ (အဆိုပြု) ကော်မတီဖွဲ့စည်းနိုင်ရေး အကြံပေးဆွေးနွေးကြသည်။



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သဘာဝသိပ္ပံဆိုင်ရာ နည်းပညာကော်မတီ (အဆိုပြု) ဦးဆောင်ကော်မတီ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ သုတေသနဌာနများနှင့် တက္ကသိုလ်များပါဝင်မည်ဖြစ်ကာ အဓိကလုပ်ငန်းအဖွဲ့အစည်းများ (အဆိုပြု)အဖြစ် သီးနှံမျိုးကောင်းမျိုးသန့်မွေးမြူထုတ်လုပ်ခြင်းဆိုင်ရာသုတေသန၊ သီးနှံစိုက်ပျိုးနည်းစနစ်ဆိုင်ရာသုတေသန၊ ဇီဝနည်းပညာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာသုတေသန၊ အရည်အသွေးမြင့်စိုက်ပျိုးရေးထုတ်ကုန်များဆိုင်ရာသုတေသန၊ သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းဆောင်ရွက်ခြင်းဆိုင်ရာသုတေသန၊ လူမှုစီးပွားရေးဆိုင်ရာသုတေသန၊ မွေးမြူရေး၊ ငါးလုပ်ငန်းနှင့် စိုက်ပျိုးရေးတို့ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သဘာဝသိပ္ပံဆိုင်ရာ နည်းပညာကော်မတီ (အဆိုပြု)အဖွဲ့သည် အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီအောက်ရှိ သက်ဆိုင်ရာ ပညာရပ်အလိုက် နည်းပညာဆိုင်ရာကော်မတီ ၁၀ ခုအနက်မှ တစ်ခုဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အဆိုပြုတင်သွင်းရမည့် ကော်မတီဖြစ်သည်။

မြန်မာနိုင်ငံတွင် လယ်ယာကဏ္ဍသည် နိုင်ငံတော်၏ အဓိကအကျဆုံးသော စီးပွားရေးမဏ္ဍိုင်တစ်ရပ်ဖြစ်သည်နှင့်အညီ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသောဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုးချဲ့ပညာပေးရေးလုပ်ငန်းများ (Research Development and Extension) ကို စိုက်ပျိုးရေးနှင့်သက်ဆိုင်သည့် လုပ်ငန်းဌာနအသီးသီး နည်းစနစ်ကျကျ လုပ်ဆောင်လာစေရေးအတွက် ရည်ရွယ်ကာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သဘာဝသိပ္ပံဆိုင်ရာ နည်းပညာကော်မတီ (အဆိုပြု)ကို ဖွဲ့စည်းခြင်းဖြစ်သည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန

ကျောဖုံး – စိုက်ပျိုးရေးကဏ္ဍ မှ

တစ်ကုန်းနှင့်စီပင်ရှိ နယ်သုတေသနခြံများ၌ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ စီမံကိန်းကာလနှစ်နှစ်တာကာလအတွင်း အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ခြင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ မိဘမျိုးစေ့နှင့် ဆင့်ပွားမျိုးစေ့များ အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်ခြင်း၊ ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးနည်းစနစ်များ ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် စပါး၊ ပဲမျိုးစုံနှင့်ဆီထွက်သီးနှံများ အထွက်နှုန်းမြင့်မားရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ခြင်းအစရှိသည့်လုပ်ငန်းများကို အဓိကထား ဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုစီမံကိန်းကာလ (နှစ်လယ်) လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအနေဖြင့်

– စီပင်စိုက်ပျိုးရေးသုတေသနခြံ၌ ဆောင်ရွက်ထားရှိသည့် ၂၀၁၈ ခုနှစ် မိုးနှောင်းရာသီ၏ မြေပဲနှင့်နေကြာ ဆင့်ပွားမျိုးစေ့ထုတ်လုပ်ခြင်းမှာ ရာနှုန်းပြည့်ပြီးစီးနေပြီဟု သိရသည်။

– ဇလုပ်စိုက်ပျိုးရေးသုတေသနခြံ၌ ဆောင်ရွက်ထားရှိသည့် ၂၀၁၈ ခုနှစ် မိုးနှောင်းရာသီ၏ ကုလားပဲဆင့်ပွားမျိုးစေ့ ထုတ်လုပ်ခြင်းမှာ ၈၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ပြီး

– ရေဆင်းသုတေသန(ရုံးချုပ်)၌ ပဲတီစိမ်း၊ မတ်ပဲနှင့်ပဲလွမ်းသီးနှံများ မိဘမျိုးစေ့ထုတ်စိုက်ကွက်များ စိုက်ပျိုးပြီးစီးခြင်းနှင့် မိုးကြိုရာသီ စိုက်ကွက်များကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန (ရေဆင်း) ရုံးချုပ်နှင့် နယ်သုတေသနခြံ လေးခြံအတွက် စက်မှုလယ်ယာကဏ္ဍ ဖော်ဆောင်ရေး၌ လိုအပ်သည့် စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ကိရိယာများ၊ စပါးရိတ်သိမ်းခြွေစက် (Combine Harvester) အပါအဝင် လုပ်ငန်းသုံးယာဉ်များ၊ ဓာတ်ခွဲခန်းများနှင့် သီးနှံသိုလှောင်သည့် အဆောင်ခန်းများအတွက် မီးစက်များ၊ ရုံးလုပ်ငန်းသုံး စက်ပစ္စည်းများကိုလည်း သုတေသနလုပ်ငန်းများပိုမိုတိုးတက်ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်း၏ထောက်ပံ့မှုဖြင့် စီစဉ်ပေးထားကြောင်း သတင်းရရှိသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန

ကျောဖုံး – ဝါမျိုးသန့်မျိုးစေ့မှ

ပြောကြားသည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန တိုင်းစိုက်ပျိုးရေးဦးစီးမှူး ဦးခင်မောင်ဝင်းက ဝါသီးနှံ မျိုးကောင်းမျိုးသန့်စိုက်ပျိုးခြင်း၏ အရေးပါပုံများ၊ စိုက်ပျိုးရေးဆိုင်ရာ ဗဟုသုတများကို ပြောကြားသည်။

သင်တန်းတွင် အရည်အသွေးကောင်းမျိုးသန့်ဝါသတ်မှတ်ခြင်းနှင့် လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းကို ဝါနှင့် လျှော်မျှင်ထွက်သီးနှံ ဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းနုက လည်းကောင်း၊ မျိုးသန့်ဝါဝယ်ယူခြင်းနှင့် မျိုးသန့်မျိုးဝါစေ့ ကြိတ်ခွဲထုတ်လုပ်ခြင်းကို စက်-၁ ဝါကြိတ်စက်ရုံ၊ မင်းဘူးမှ စက်ရုံတာဝန်ခံ ဒုတိယဦးစီးမှူး ဦးသန်းလွင်က လည်းကောင်း၊ ဂွမ်းမွေးနှင့်မျိုးဝါစေ့ အရည်အသွေး အကဲဖြတ်ခြင်းကို ဂွမ်းမွေးနှင့်ချည် အရည်အသွေး စမ်းသပ်ဌာန မိတ္ထီလာမှ ဦးစီးအရာရှိ ဒေါ်တင်မိုးသူက အသီးသီးဆွေးနွေးပို့ချသည်။

မော်မော်ဝင်း (တိုင်းစိုက်ပျိုးရေး)



# မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ ၆ လပတ် ဆောင်ရွက်မှုအခြေအနေများ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၇

**မွေးမြူ** ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းစားသုံးမှု ဖူလုံရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများ ကြိုးပမ်း ဆောင်ရွက်ရာတွင် ကျွဲနွားကုန်သွယ်မှုဖွံ့ဖြိုးလာသည်နှင့်အမျှ တိရစ္ဆာန်ကူးစက် ရောဂါအပါအဝင် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းများကို အထူးဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း မွေးမြူကုသရေး လုပ်ငန်းရပ်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာပညာရှင်များက သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်းနှင့်အတူ သုတေသနရလဒ် များအား လက်တွေ့မြေပြင်တွင် အကျိုးရှိစွာ အသုံးချနိုင်ရေး စီမံဆောင်ရွက်ကြစေလိုကြောင်း ယနေ့မွန်းလွဲ ၁ နာရီက နေပြည်တော် ရုံးအမှတ် ၃၆ ၌ ကျင်းပသည့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ ၆ လပတ်ဆောင်ရွက်မှုအခြေအနေများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။ (ပုံ)

အစည်းအဝေးသို့ အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်နှင့်ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများ၊ ဌာနခွဲအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အဖွင့်အမှာစကားပြောကြားပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာမှ မတ်လအထိ ပထမ ၆ လပတ်အတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ စီမံခန့်ခွဲရေး၊ အစားအသောက်ဘေးကင်းလုံခြုံရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရေးလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမှာကြားရာ၌ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ အရည်အသွေးမြင့်မားစွာ ထုတ်လုပ်နိုင်ရေးနှင့် ရောဂါထိန်းချုပ်ရေးဦးစားပေးဆောင်ရွက်ရန်၊ ဓာတ်ခွဲခန်းသုတေသနလုပ်ဆောင်မှုတွင် အခြားသုတေသနဌာနများ၊ တက္ကသိုလ်များနှင့်ပူးပေါင်းဆောင်ရွက်ရန်၊ ပြည်တွင်းရှိ တိရစ္ဆာန်အရင်းအမြစ်များ ဆုံးရှုံးမှုမရှိစေရေးအတွက် ထုတ်ပြန်ခဲ့သောတိရစ္ဆာန်ကောင်ရေစာရင်းနှင့်အညီ တစ်ပိုင်တစ်နိုင်မွေးမြူခြင်းမှသည် စီးပွားဖြစ်တိုးချဲ့မွေးမြူခြင်းနှင့်အရည်အသွေးမြင့်မားစွာ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ချက်များ ဆွေးနွေး မှာကြားသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ လူငယ်ပညာရှင်များကို အခြေပြု၍ မွေးမြူကုသမှုဆိုင်ရာလုပ်ငန်းစဉ်များ ပိုမိုတိုးတက်ကောင်းမွန်စေရန် ရည်ရွယ်၍ သုတေသနနှင့်စစ်တမ်းများ ကောက်ယူလျက်ရှိရာ လက်ရှိဆောင်ရွက်နေသောသုတသနလုပ်ငန်း ၁၂ ခုရှိပြီး မြန်မာနိုင်ငံအလယ်ပိုင်းဒေသရှိ သိုး၊ ဆိတ်၊ နွား၊ ဝက်မွေးမြူရေးလုပ်ငန်းများ၏ လက်ရှိအခြေအနေနှင့် တောင်သူများကြုံတွေ့နေရသည့် အခက်အခဲများကို စစ်တမ်းကောက်ယူခဲ့ကာ အစာကျွေးမှုစနစ်နှင့် ရေတိုက်ကျွေးမှု၊ ခြံစီမံခန့်ခွဲမှုများ စနစ်တကျဆောင်ရွက်ခြင်းဖြင့် ထုတ်လုပ်မှုစွမ်းအားတိုးတက်ပြီး မွေးမြူချိန်နှင့်လုပ်အားလျှော့ချနိုင်သဖြင့် ဝင်ငွေတိုးလာစေနိုင်ကြောင်း၊ မွေးမြူရေးပညာပေးသရုပ်ပြလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ အထူးသဖြင့် သိုးဆိတ်များကိုလွတ်ကျောင်းမွေးစနစ်မှ အစာနရောစပ်ကျွေးမွေးခြင်း၊ နွားငယ်များကို ဖြည့်စွက်စာ ကျွေးမွေးခြင်းဖြင့် ကြီးထွားနှုန်းကောင်းမွန်ကြောင်း တောင်သူများအား လက်တွေ့ပညာပေးနိုင်ခဲ့သည်။

သိုးဆိတ်များတွင် သံချဆေးများကို ရာသီချိန်အလိုက် ထိုးနှံပေးရန် အသိပညာပေးနိုင်သကဲ့သို့ မြန်မာနိုင်ငံ အလယ်ပိုင်းရှိ သိုးဆိတ်နမူနာပစ္စည်းများတွင် သားလျှောရောဂါပိုးတွေ့ရှိမှု အလွန်နည်းပါးကြောင်း စစ်ဆေးအတည်ပြုပေးနိုင်ခဲ့သည်။ အာဟာရအတွက် အရေးပါသည့် တိုင်းရင်းကြက်မွေးမြူရေးလုပ်ငန်းတွင် အပူဒဏ်ခံကြက်လည်လိမ်ရောဂါကာကွယ်ဆေးအသုံးပြုခြင်းဖြင့် ကြက်များသေဆုံးမှုနည်းပါးပြီး ဝင်ငွေတိုးလာစေကြောင်းလည်း စစ်တမ်းများအရ သက်သေပြနိုင်ခဲ့ပြီဖြစ်သည်။

စီးပွားရေးစစ်တမ်းများအနေဖြင့် ကျေးလက်ဒေသတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးမှ ရရှိသောဝင်ငွေ၊ မိသားစုများ၏ အသုံးစရိတ်နှင့် အရင်းအနှီးရရှိမှုအခြေအနေများကို ကွင်းဆင်းကောက်ယူခဲ့ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောနည်းပညာအကြံဉာဏ်များပေးနိုင်ခဲ့သည်။ ရာသီဥတုကို အမှီပြုရသောကြောင့် စိုက်ပျိုးရေးမှ ဝင်ငွေရရှိမှုနည်းပါးသဖြင့် မွေးမြူရေးလုပ်ငန်းကို အစားထိုးနိုင်မည့် အခြေအနေများကိုလည်း သုံးသပ်တင်ပြနိုင်ခဲ့သည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် လူငယ်ပညာရှင်များ၏ သုတေသနလုပ်ငန်းတွေ့ရှိချက်များကို အခြေခံ၍ ဒေသနှင့်ကိုက်ညီသောမွေးမြူထုတ်လုပ်မှုနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို စီမံချက်ချဆောင်ရွက်သွားမည်ဖြစ်ပြီး သုတေသနစစ်တမ်းအနှစ်ချုပ်များကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ website ဖြစ်သော http://www.lbvd.gov.mm တွင် ဝင်ရောက်ဖတ်ရှုနိုင်မည်ဖြစ်သည်။

MOALI ပြန်ကြားရေး



# ဝါမျိုးသန့်မျိုးစေ့ ကြိတ်ခွဲထုတ်လုပ်ခြင်း၊ ဂွမ်းမွေးနှင့်ချည်အရည်အသွေးတိုင်းတာခြင်း နည်းပညာပေးသင်တန်း မကွေးတွင် ဖွင့်လှစ်

မကွေး မေ ၈

**ဝါ**မျိုးကောင်းမျိုးသန့်မျိုးစေ့များ ကြိတ်ခွဲထုတ်လုပ်ခြင်းနှင့် ဂွမ်းမွေးနှင့် ချည်အရည်အသွေးတိုင်းတာခြင်းနည်းပညာပေးသင်တန်းကို မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ယနေ့ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲသို့ မကွေးတိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေး၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းစိုက်ပျိုးရေးဦးစီးမှူး ဦးခင်မောင်ဝင်း၊ မကွေးခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးများ တက်ရောက်ကြသည်။ သင်တန်းဆရာများအဖြစ် စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးချုပ် (နေပြည်တော်)၊ ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းနု၊ ဂွမ်းမွေးနှင့်ချည်အရည်အသွေးစမ်းသပ်ဌာန၊ မိတ္ထီလာမှ ဦးစီးအရာရှိ ဒေါ်တင်မိုးသူ၊ စကု-၁ ဝါကြိတ်စက်ရုံ၊ မင်းဘူးမှ စက်ရုံတာဝန်ခံ၊ ဒုတိယဦးစီးမှူး ဦးသန်းလွင်တို့က လာရောက်သင်တန်းပေးပို့ချကြပြီး ပဲခူးတိုင်းဒေသကြီး၊ ပြည်နှင့်ပေါက်ခေါင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ဝန်ထမ်းများနှင့်လုပ်ငန်းရှင်များ စုစုပေါင်း ၉၀ ဦး တက်ရောက်ကြသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးက အဖွင့်အမှာစကား

စာ - ၁၉ သို့

# စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မှုများ နေပြည်တော်တွင် ညှိနှိုင်း ဆွေးနွေး




နေပြည်တော် ဧပြီ ၃၀

**ကမ္ဘာ**ဘဏ် (World Bank, WB) အထောက်အပံ့ဖြင့် ဆောင်ရွက်နေသည့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုစီမံကိန်း (Agricultural Development Support Project - ADSP) ၏ သုတေသနများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ ညှိနှိုင်းဆွေးနွေးခြင်း အခမ်းအနားကို နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR) နဝရတ်ခန်းမ၌ ယနေ့နံနက် ၉ နာရီခွဲက ကျင်းပရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ဌာနစုတာဝန်ခံများနှင့် သုတေသနပညာရှင်များ၊ ကမ္ဘာ့ဘဏ် (WB) Project Management Unit (PMU) နှင့် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (IRRI) မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (ပုံ)

စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် အဆိုပါစီမံကိန်းကို ကမ္ဘာ့ဘဏ်၏ထောက်ပံ့မှုဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်မှစတင်၍ ရေဆင်းသုတေသန(ရုံးချုပ်) အပါအဝင် ဇလုပ်၊ ကျောက်ဆည်၊

စာ - ၁၉ သို့